# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၄၃)


# ချင်းပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများရဲ့ အနာဂတ်လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိ

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

**ချစ်ခင်လေးစားအပ်ပါတဲ့ ချင်းတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ကျရောက်တဲ့ (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်တဲ့ ဒီနေ့ထူးနေ့မြတ် အခါသမယမှာ ချင်းပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုသားအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွတ်လပ်ရေးရရှိပြီးတဲ့နောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ချင်းပြည်နယ်၊ ဖလမ်းမြို့မှာ လူထုညီလာခံကျင်းပပြီး တိုက်သူကြီး (စော်ဘွား)များ အုပ်ချုပ်တဲ့စနစ်မှ

စာမျက်နှာ ၄ ကော်လံ ၁ ❇

# ဖွံ့ဖြိုးတိုးတက်မှုနည်းသည့် အရပ်ဒေသများ ပိုမိုဖွံ့ဖြိုးလာစေရန် ဦးစားပေးဆောင်ရွက်နေ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မီးပုံပွဲ၌ ပါဝင်ဆင်နွှဲကြစဉ် (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်သို့ရောက်ရှိပြီး တွန်းဇံမြို့၊ တီးတိန်မြို့နှင့် ဖလမ်းမြို့တို့ရှိ ပြည်သူ့ဆေးရုံများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံလူထုနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖




မြန်မာ့အလင်း

## တရားမဝင်သစ်ခိုးထုတ်မှု ကာကွယ်တားဆီးရေး

ကျွန်းသစ်၊ သစ်မာ၊ သစ်လုံးနှင့် ခွဲသားတန်ချိန် ၁၄၂၈ တန်ခန့်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရန် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ဖေဖော်ဝါရီ ၁၆ ရက်က တင်ဒါခေါ်ယူခဲ့ကြောင်း သိရသည်။ ဤသည်မှာ ပြည်တွင်းသစ်ထုတ်လုပ်မှု တစ်နှစ်ရပ်ဆိုင်းလိုက်သည့်အတွက် ပြည်တွင်းသစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အတွက်အိတ်ဖွင့်တင်ဒါစနစ်၊ လေလံစနစ်များဖြင့် ရောင်းချပေးခြင်း ဖြစ်သည်။

မြန်မာ့သစ်လုပ်ငန်းတွင် ကျန်ရှိသည့်သစ်များမှာ တန်ချိန် ၆၀၀၀၀၀ ကျော်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇန်နဝါရီလကုန်အထိ တစ်နိုင်ငံလုံးအနှံ့ တရားမဝင်သစ်ဖမ်းဆီးရမိမှုမှာ တန်ချိန် ၄၀၈၂၅ ရှိသည်ဟု သစ်တောဦးစီးဌာနထုတ်ပြန်ချက်အရ သိရသည်။ ယခုရောင်းချမည့် သစ်များမှာ ရန်ကုန်၊ စစ်ကိုင်း၊ မန္တလေး၊ ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီ၊ ရှမ်းနှင့် ကချင်၊ ရခိုင်ပြည်နယ်များမှ သစ်များဖြစ်ပြီး မတ်လအတွင်း တင်ဒါများဖွင့်ဖောက်သွားမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ အတွင်းကလည်း ကျွန်းအပါအဝင်သစ်မာ တန်ချိန် ၅၀၀၀ ကျော်ကို ရောင်းချရန် တင်ဒါခေါ်ယူခဲ့သေးသည်။

မြန်မာနိုင်ငံသည် သစ်သယံဇာတအလွန်ပေါကြွယ်သော နိုင်ငံ ဖြစ်ခဲ့သော်လည်း အလွန်အကျွံထုတ်ယူမှုကြောင့် ပြည်တွင်းသစ်ထုတ်လုပ်မှုကို တစ်နှစ်ရပ်ဆိုင်းပြီး မြန်မာ့ကျွန်းသစ်များ ပေါက်ရောက်ရာ မူရင်းဒေသတစ်ခုဖြစ်သည့် ပဲခူးရိုးမတွင်ပါ သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းရန်ဆုံးဖြတ်ခဲ့ရပြီး ကျွန်းတောများ ပြန်လည်ဖြစ်ထွန်းလာသည်အထိ ထိန်းသိမ်းစောင့်ရှောက်သွားရတော့မည် ဖြစ်ပါသည်။

မြန်မာ့အဖိုးတန် သစ်အများစုကြီးမှာ တရားမဝင်လမ်းကြောင်းများမှ ထွက်နေခြင်းဖြစ်သည်။ ပြီးခဲ့သော ကာလတစ်ခုတွင် ၇ မိနစ်လျှင် သစ်ကားတစ်စီးလောက်ထွက်နေသည်ဟုပင် ဆိုသည်။ ယခင်အစိုးရလက်ထက်အတွင်း သစ်ခိုးထုတ်မှုတစ်နှစ်ထက်တစ်နှစ် မြင့်လာခဲ့သည်။ စာရင်းများအရ ၂၀၁၁-၂၀၁၂ တွင် တန်ချိန် ၃၀၃၂၇ တန်ရှိရာမှ နှစ်စဉ်မြင့်တက်လာပြီး ၂၀၁၅-၂၀၁၆ တွင် တန်ချိန် ၄၆၁၅၃ ဒသမ ဝ၆ တန်အထိ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှာ သစ်တောဆုံးရှုံးမှု ကမ္ဘာတွင် တတိယအများဆုံးနိုင်ငံ ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် ဇန်နဝါရီလ ၂၄ ရက်နေ့က ရန်ကုန်ဆိပ်ကမ်းဝင်းအတွင်းရှိ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိမှုမှ အစပြုပြီး သတင်းကွင်းဆက်များ ဖော်ထုတ်ရမိမှုအရ ဖေဖော်ဝါရီ ၁ ရက်အထိ ကျွန်း၊ တမလန်း၊ ပိတောက်သစ်စုစုပေါင်း တန် ၉၀၀ ကျော် ဖမ်းဆီးမိခဲ့သည်။ ယင်းနောက်ပိုင်း ဆက်လက်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်များရှိ ဂိုဒေါင်များမှ တန်ချိန် ၃၀၀ ကျော် ထပ်မံဖမ်းဆီးမိခဲ့ရာ စုစုပေါင်းတန် ၁၃၀၀ ကျော်၊ ကာလတန်ဖိုးသိန်းပေါင်း သုံးသောင်းခန့် ဖမ်းဆီးရမိခဲ့သည်။ ဤသည်တို့မှ လွန်ခဲ့သောခြောက်လခန့်မှစ၍ တရားမဝင်သစ်ဖမ်းဆီးမှုများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ယခင်က တရားမဝင်သစ်သယ်ဆောင်မှုမှာ ရှမ်းမြောက်ဘက်သို့သာသွားရာမှ လွန်ခဲ့သည့် ၅ လခန့်မှ စတင်၍ ရန်ကုန်ဘက်သို့ သွားနေခြင်းဖြစ်ကြောင်း၊ ၎င်းသံသယဖြစ်ဖွယ်အခြေအနေကို စုံစမ်းရာမှ အမှုများကို စတင်ဖော်ထုတ်နိုင်ပြီး ကွင်းဆက်များကို သိရှိနိုင်ခဲ့ခြင်းဖြစ်ကြောင်း သစ်တောဒုတိယ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသွားသည်။

ယခုအခါသစ်ဈေးကြီးမြင့်မှုကြောင့် မြန်မာနိုင်ငံသားများပင် ကျွန်းသစ်ပရိဘောဂများ ဝယ်ယူသုံးစွဲနိုင်ဖို့ မလွယ်ကူဘဲ ပြည်ပမှလာသောကြိတ်သားပရိဘောဂများကိုသာ ဝယ်ယူသုံးစွဲနေရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးဆိုင်ရာပြဿနာများ၊ ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင်ရှားပါးမှု၊ ငွေကြေးအရင်းအနှီးမပြည့်စုံမှုစသည်တို့ကြောင့် သစ်ခိုးထုတ်မှုများဖြစ်နေရသည်။ ပြည်တွင်းငြိမ်းချမ်းရေး မတည်ဆောက်နိုင်သေးခြင်းကလည်း တရားမဝင်သစ်ထုတ်လုပ်မှု၏ ကြီးမားသော အကြောင်းရင်း ဖြစ်နေပါသည်။

ထိုသို့သော နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကို မဖြေရှင်းနိုင်မချင်း တရားမဝင်သစ်ထုတ်လုပ်မှုသည် အနည်းနှင့်အများ ဆိုသလို ရှိနေနိုင်ပါသည်။ မည်သို့ဆိုစေ တရားမဝင်သစ်များကို ဖိဖိစီးစီးဖမ်းဆီးခြင်းနှင့်ထိရောက်သော ပြစ်ဒဏ်များပေးခြင်းဖြင့် ကာကွယ်ရမည်သာ ဖြစ်သည်။ ထိုသို့ဖမ်းဆီးရမိမှုများသည် ပြည်တွင်းသုံး သစ်များအဖြစ် အတိုင်းအတာတစ်ခုအထိ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေး တို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၊ တံတားများပေါ်တွင် တန်ပိုတင်ဆောင်ဖြတ်သန်းခွင့်မပြု

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများနှင့် တံတားများပေါ်တွင် ကုန်တင်ယာဉ်များတန်ပိုတင်ဆောင်၍ ဖြတ်သန်းခြင်းကို မတ် ၃၁ ရက်အထိသာ ခွင့်ပြုမည်ဖြစ်ပြီး ဧပြီ ၁ရက်မှစတင်၍ တန်ပိုတင်ဆောင်ဖြတ်သန်းခြင်း ခွင့်မပြုကြောင်းကို သိရှိလိုက်နာနိုင်ရေးအတွက် B.O.T / လေလံလမ်း/တံတားဂိတ်များတွင် ဖြတ်သန်းလာသည့် ယာဉ်များမှ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများနှင့် ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် B.O.T / လေလံလမ်း/တံတားဂိတ်များတွင် ဗီနိုင်းဆိုင်းဘုတ်စိုက်ထူ၍ အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ကုန်တင်ယာဉ်များကို ယာဉ်အမျိုးအစားအလိုက် လက်ရှိခွင့်ပြုပေးလျက်ရှိသော နွေကာလခွင့်ပြုသည့်(ယာဉ်+ကုန်)တန်နှင့် မိုးတွင်းကာလခွင့်ပြုသည့် (ယာဉ်+ကုန်)တန်အတိုင်းသာ ဆက်လက်ခွင့်ပြုပေးမည်ဖြစ်ပြီး ဧပြီ ၁ရက်မှ စတင်က “ခွဲခြား၍သော်လည်းကောင်း၊ ဖြတ်တောက်၍သော်လည်းကောင်း မရသောပစ္စည်းများ (ဥပမာ - စက်ပစ္စည်းများ၊ Transformer ကြီးများ)မှအပ”အခြား ကုန်တင်ယာဉ်များသည် လက်ရှိခွင့်ပြုပေးသော ယာဉ်အမျိုးအစားအလိုက် (ယာဉ်+ ကုန်)တန်ချိန်ထက် တန်ပိုတင်ဆောင်ဖြတ်သန်းခြင်း မရှိစေရေး B.O.T/လေလံလမ်း/တံတားဂိတ်များမှ စစ်ဆေးကြပ်မတ်တားဆီးဆောင်ရွက်သွားမည့်အပြင် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ လမ်းများနှင့်တံတားများနေရာမှလည်း တန်ပိုယာဉ်စစ်ဆေးမည့် ချက်ပို့င့် (Check Point) ၁၁၈ ခုထားရှိ၍ Portable Weight Pad ဖြင့် ချိန်တွယ်စစ်ဆေးပြီး တန်ပိုယာဉ်တားဆီး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့တန်ပိုယာဉ်တားဆီးရေး ဆောင်ရွက်ရာတွင် တန်ပိုတင်ဆောင်လာသော ယာဉ်များကိုလမ်းမကြီးများ ဥပဒေအခန်း (၅)ပြစ်မှုနှင့် ပြစ်ဒဏ်ပုဒ်မ(၈)၊ ပုဒ်မခွဲ (ခ)အရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့် တပ်ဖွဲ့ဝင်အရာရှိ ၁၂ ဦး၊ အခြားအဆင့် ၂၁ ဦး စုစုပေါင်း ၃၃ ဦးတို့အား ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦးက ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် လုံခြုံရေးဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၉-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၁၀/၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၃၀/၇၃၅ ကျပ် |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၇ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ ・ ၈၆ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၄ |
| တရုတ် | တစ်ယွမ် | ၁၉၈ ・ ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ ・ ၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။





နိုင်ငံတော်သမ္မတ ဦးထင်ကျော် ချင်းပြည်နယ် တွန်းဇံမြို့၌ ပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်တို့နှင့်အတူ နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ကလေးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ တွန်းဇံမြို့သို့ ရောက်ရှိကြပြီး တွန်းဇံမြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

**တစ်ပြေးညီဖွံ့ဖြိုးရန်ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်သမ္မတသည် တွန်းဇံမြို့နယ်လူထုနှင့် မြို့နယ်အားကစားခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံရာ နိုင်ငံတော်သမ္မတက မိမိတို့အစိုးရအဖွဲ့တာဝန်ယူချိန်မှစပြီး နိုင်ငံတစ်ဝန်း လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်နေပါကြောင်း၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်နိုင်ရန် အလေးထားဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနည်းသည့် အရပ်ဒေသများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ယခုအချိန်ကာလတွင် စီးပွားရေးစနစ်များမှာလည်း ပြောင်းလဲနေပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုနည်းသည့် ဒေသများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်တစား လာရောက်ရင်းနှီးမြှုပ်နှံမှုရှိစေရန် ဆောင်ရွက်နေပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းသည့် ဒေသများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အထူးအလေးပေးစဉ်းစားပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းသည့် ဒေသများတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ကာလသတ်မှတ်ချက်ဖြင့် အခွန်ကင်းလွတ်သက်သာခွင့်ပေးရန်လည်း စဉ်းစားဆောင်ရွက်နေပါကြောင်း၊ ဒေသတွင်း လျှပ်စစ်စွမ်းအား ပြည့်ဝစွာရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် လိုအပ်သည့်အတွက် အဆိုပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအပေါ်မူတည်၍ တတ်နိုင်သမျှ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် တွန်းဇံမြို့ မြို့မိမြို့ဖများကိုယ်စား မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးနိမ်ခင်းပေါင်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်နေသည့် တီးတိန်မြို့အား ခရိုင်အဆင့်မြှင့်တင်ရေး၊ လမ်း၊ တံတားများအဆင့်မြှင့်တင်ရေး၊ တွန်းဇံမြို့၌ စက်မှုအထက်တန်းကျောင်း ဖွင့်လှစ်ပေးရေး ကိစ္စရပ်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဒေါက်တာမျိုးသိမ်းကြီးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့် ပတ်သက်သည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တီးတိန်မြို့သို့ ရောက်ရှိကြပြီး တီးတိန်မြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တီးတိန်မြို့နယ်လူထုနှင့် ကမ်းဟောက်အားကစားခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**အစီအမံများရှင်းလင်း**

တွေ့ဆုံစဉ် လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုတ်က တီးတိန်မြို့အား ခရိုင်အဆင့်မြှင့်တင်ပေးရေး၊ မဟာဓာတ်အားလိုင်းမှ ဓာတ်အားရရှိရေး၊ တီးတိန်-သိုင်းငင်းလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရေး၊ တီးတိန်မြို့ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ တီးတိန်မြို့ ခုတင် ၁၀၀ ဆံ့ ဆေးရုံအား ခုတင် ၁၅၀ ဆံ့အဖြစ် အဆင့်မြှင့်တင်ပြီး လိုအပ်သော အထူးကုဆရာဝန်များ ခန့်ထားပေးရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

**သဘာဝအလှတရားကို အခြေခံ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရိဒ်ခေါဒါရ်မြို့သို့ ရောက်ရှိကြပြီး ရိဒ်ရေကန်အား လေ့လာကာ ချင်းပြည်နယ်အတွင်း သဘာဝအလှတရားကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရိဒ်ရေကန်သည် မြန်မာနိုင်ငံ၏ အထင်ကရနေရာတစ်ခုဖြစ်ပြီး ချင်းပြည်နယ်၏ အနောက်မြောက်ဘက်အစွန်၊ အိန္ဒိယ-မြန်မာ နယ်စပ်၌ တည်ရှိသည်။ ရိဒ်ရေကန်၏ ထူးခြားချက်မှာ အသည်းပုံသဏ္ဌာန်ရှိပြီး တစ်နှစ်ပတ်လုံး နီးပါး ရေကြည်လင်လျက်ရှိသည်။ အအေးဓာတ်လွန်ကဲသည့် ဒီဇင်ဘာလနှောင်းပိုင်းတွင်သာ နှစ်စဉ်နှစ်တိုင်း ရေနောက်လေ့ရှိပြီး တစ်နှစ်ပတ်လုံး ရေအနိမ့်အမြင့်ကွာခြားမှုမှာ သုံးပေခန့်သာရှိသည်။ ရိဒ်ရေကန်၏ လက်ရှိအကျယ်အဝန်းမှာ ပတ်လည်အနား ၂ ဒသမ ၅ မိုင်နှင့် ရေအနက် ပျမ်းမျှ ပေ ၅၀ ရှိပြီး အနက်ဆုံးနေရာ၌ ပေ ၆၀ ခန့်ရှိကြောင်း သိရသည်။

**နယ်စပ်တံတားအား လေ့လာ**

ယင်းနောက် မြန်မာနိုင်ငံ ရိဒ်ခေါဒါရ်မြို့နှင့် အိန္ဒိယနိုင်ငံ ဇိုခေါထာရ်ကျေးရွာအား ဆက်သွယ်ထားသော မြန်မာ-အိန္ဒိယ နယ်စပ်တံတားအား လေ့လာကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဖလမ်းမြို့သို့ ရောက်ရှိပြီး ဖလမ်း ပြည်သူ့ဆေးရုံကြီးအား ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသော လူနာများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

**မီးပုံပွဲသို့ တက်ရောက်ဆင်နွှဲ**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာ၌ ကျင်းပသည့် (၆၉ )နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် မီးပုံပွဲသို့ တက်ရောက်ဆင်နွှဲကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တွန်းဇံမြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေသူတစ်ဦးအား ထောက်ပံ့ငွေများ ပေးအပ်စဉ် (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တီးတိန်မြို့ ပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မီးပုံပွဲ၌ တိုင်းရင်းသား တိုင်းရင်းသူများ ရိုးရာအကဖြင့် ကပြနေမှုကို ကြည့်ရှုအားပေးစဉ် (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)



(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ်မီးပုံပွဲ၌ တိုင်းရင်းသား တိုင်းရင်းသူများ ရိုးရာအကဖြင့် ကပြဖျော်ဖြေစဉ်
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ မြန်မာ-အိန္ဒိယ နယ်စပ်တံတားအား ကြည့်ရှုလေ့လာစဉ်
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

***❋ ရှေ့ဖုံးမှ***

ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ရန်ကုန်မြို့မှာကျင်းပတဲ့ သတ္တမအကြိမ် ချင်းရိုးရာကောင်စီညီလာခံမှာလည်း ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအဆိုတွေ တင်သွင်းမှုအပေါ် တက်ရောက်လာကြတဲ့ အမတ်အားလုံးရဲ့ဆန္ဒကိုရယူပြီး ဖလမ်းမြို့မှာ လူထုညီလာခံကျင်းပခဲ့တဲ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို “ချင်းအမျိုးသားနေ့” အဖြစ် ရွေးချယ်သတ်မှတ် အတည်ပြုခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်ကို အစပြုပြီး သတ်မှတ်ခဲ့တဲ့ ချင်းအမျိုးသားနေ့ဟာ ယခုနှစ်ဆိုရင် (၆၉)နှစ်မြောက် ရှိခဲ့ပြီဖြစ်ပါတယ်။ ချင်းအမျိုးသားနေ့ဟာ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီတဲ့မျိုးနွယ်စုအားလုံးပါဝင်တဲ့ ချင်းလူမျိုးတို့ရဲ့ နေ့ထူးနေ့မြတ်လည်း ဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ သဘာဝပထဝီအနေအထားအရ မြောက်ကတောင်သို့ သွယ်တန်းနေတဲ့ အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်ကိုစီးဝင်နေတဲ့ ကုလားတန်မြစ်၊ ရှားပါးအပင်များပေါက်ရောက်ရာနဲ့ ရှားပါးသတ္တဝါများ ခိုအောင်းရာ ခေါ်နူးစုမ်တောင်၊ ဒုတိယကမ္ဘာစစ်အတွင်း ထင်ရှားတဲ့စစ်မြေပြင်ကနေ ဒီတောင်ထိပ်၊ လှပတဲ့ ရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေတဲ့ မဏိပူရမြစ်၊ ဘွေနုမြစ်၊ ဘုံတလာရေတံခွန် စတဲ့ သဘာဝအရင်းအမြစ်များနဲ့ မြေပေါ်မြေအောက် သယံဇာတများတည်ရှိရာ နေရာတစ်ခုဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုမှာ နိုင်ငံရေးအင်အားစုများ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ မိမိတို့အစိုးရက နိုင်ငံ့တာဝန်များကို စနစ်တကျ လွှဲပြောင်းရယူခဲ့ပါတယ်။ မိမိတို့အစိုးရအနေနဲ့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများရဲ့အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုနဲ့ မြို့နယ်အသီးသီးကြားဖွံ့ဖြိုးတိုးတက်မှုတို့ တစ်ပြေးညီ ဖြစ်စေဖို့ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်ပေးခြင်းနဲ့ အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနဲ့ ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။

ဒါ့အပြင် ချင်းပြည်နယ်အနှံ့အပြားမှာ မဟာဓာတ်အားလိုင်းက လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့ ပြည်မနဲ့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တဲ့ အဝေးပြေးလမ်းများ၊ ပြည်နယ်အတွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ ချင်းပြည်နယ်ကနေ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးနဲ့ ဆက်သွယ်သွားလာနိုင်မယ့် ကုလားတန်မြစ်ဝှမ်း ဖွံ့ဖြိုးရေးနဲ့ ပလက်ဝမြို့ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ဖလမ်းမြို့မှာ ချင်းပြည်နယ်ရဲ့ ပထမဆုံးလေယာဉ်ကွင်း တည်ဆောက်ခြင်း၊ ဟားခါး၊ ဖလမ်းနဲ့ ပလက်ဝ မြို့ပြစီမံကိန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိနေပြီဖြစ်ပါတယ်။ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နဲ့အတူ တိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

ချင်းပြည်နယ်မှာ သွားလာဖို့ခက်ခဲတဲ့ သဘာဝမြေမျက်နှာပြင်နဲ့ မြင့်မားတဲ့တောင်တန်း၊ တောင်စွယ်များ တည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အခက်အခဲများကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေနဲ့ ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများကလည်း တတ်စွမ်းသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

**ချင်းပြည်နယ်မှာ သွားလာဖို့ခက်ခဲတဲ့ သဘာဝမြေမျက်နှာပြင်နဲ့ မြင့်မားတဲ့ တောင်တန်း၊ တောင်စွယ်များတည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အခက်အခဲများ ကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေနဲ့ ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပြီး ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများကလည်း တတ်စွမ်းသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။**

မကြာခင်ရက်ပိုင်းအတွင်းမှာ ချင်းပြည်နယ်မှာ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပတော့မယ်ဆိုတာကိုလည်း ဝမ်းမြောက်ဖွယ်ရာ ကြားသိရပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ နိုင်ငံအနှံ့အပြားမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေတဲ့အပြင် ပြည်သူလူထုရဲ့သဘောထားနဲ့ ဆန္ဒတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်တာကိုလည်း တွေ့ရှိနေရပါတယ်။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ဖို့ တစ်ခုတည်းသောလမ်းကြောင်းဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတွေ နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် (၂၁)ရာစုပင်လုံညီလာခံကတစ်ဆင့် လျှောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

မကြာခင်အချိန်အတွင်းမှာ ချင်းပြည်နယ်မှာ ကျင်းပတော့မယ့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အလွှာပေါင်းစုံ၊ အစုအဖွဲ့ပေါင်းစုံ ပါဝင်နိုင်ကြမှာဖြစ်တဲ့အတွက် ဝမ်းမြောက်စကား ကြိုတင်ပြောကြားလိုပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအောင်မြင်ဖို့၊ တိုင်းရင်းသားတွေ လိုလားတောင့်တနေတဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မယ့် ဖက်ဒရယ်စနစ်ထွက်ပေါ်လာရေး ပြည်ထောင်စုမျှော်မှန်းချက် ပြည့်ဝအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာမှာ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာနဲ့ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြဖို့ လေးနက်စွာ တိုက်တွန်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

❒ *ကျောဖုံးမှ*

ဦးဇော်မြင့်ဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ယခုအစည်းအဝေးတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း မောင်တောဒေသအတွင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏အစီရင်ခံစာပါ အချက်အလက်များနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အရေးယူဆောင်ရွက်ချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း။

မိမိတို့ကော်မရှင်သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာပါ ထိခိုက်ဆုံးရှုံးမှုရှိသည့် ကျေးရွာများသို့ ကော်မရှင်အဖွဲ့ဝင်များက အဖွဲ့များခွဲ၍ မိမိတို့အစီအစဉ်ဖြင့် ကွင်းဆင်းထိတွေ့ပြီး သိုသိပ်စွာသီးခြားတွေ့ဆုံမေးမြန်းသည့် နည်းလမ်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း အချိန်ယူ၍ လေ့လာစုံစမ်းစစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ကော်မရှင်၏ မေတ္တာရပ်ခံချက်အရ ကာကွယ်ရေးဝန်ကြီးဌာနကလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ ယင်းဒေသအတွင်း လုပ်ငန်းဆောင်ရွက်ချက်များအပေါ် စုံစမ်းစစ်ဆေးသင့်သည့်အချက်အလက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းလျက် စုံစမ်းစစ်ဆေးလျက်ရှိနေကြပြီ ဖြစ်ပါကြောင်း။

မောင်တောဒေသအတွင်း ပြန်လည်နေထိုင်ရေး၊ သွားလာခွင့်ရရှိရေးတို့နှင့် စပ်လျဉ်း၍ ကော်မရှင်က ညှိနှိုင်းဖြေရှင်းပေးနိုင်သည်ကို ဖြေရှင်းပေးခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ မိမိတို့အစီရင်ခံစာ၌ ပြည့်စုံစွာထုတ်ပြန်နိုင်ရေး ပွင့်လင်းစွာဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရေရှည်ဆောင်ရွက်သင့်သောအခြေအနေများကိုလည်း အကြံပြုကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူးက OHCHR ၏အစီရင်ခံစာပါ အချက်အလက်များနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိမှုအခြေအနေနှင့် အစီရင်ခံစာရေးသားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

အားလျော့ခဲ့ရသည်။ ဒုတိယပိုင်းအစ သုံးမိနစ်တွင် စင်ကာပူအသင်းက ဒုတိယဂိုးထပ်သွင်းခဲ့သောကြောင့် မြန်မာအသင်း ရှုံးကန်ခဲ့ရသည်။ ၈၁ မိနစ်မှ မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ဟိန်းထက်အောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ သို့သော် တစ်မိနစ်အကြာတွင် စင်ကာပူအသင်းက ဂိုးထပ်မံသွင်းခဲ့သောကြောင့် မြန်မာအသင်းက သရေမျှော်လင့်ချက် ပျက်ပြယ်ခဲ့ရခြင်းဖြစ်သည်။

ယခုခြေစမ်းပွဲကို ကွင်းပိတ်ကစားခဲ့ပြီး ခြေစမ်းပွဲအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့ခြင်းမရှိဘဲ စင်ကာပူ ဘောလုံးအဖွဲ့ချုပ်ကသာ ဖေဖော်ဝါရီ ၁၈ ရက်ကတည်းက သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

## ရဲလုပ်ငန်းစဉ်စနစ်(ဆင့်ပွား) သင်တန်းဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့သင်တန်းခန်းမ၌ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစဉ်စနစ် (ဆင့်ပွား)သင်တန်းအမှတ်စဉ် (၃/၂၀၁၇)သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲကို အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်သိန်းဦး၊ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဝင်း၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသင်းသင်းလွင်၊ အနောက်ပိုင်းခရိုင်အတွင်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြတ်ရေတာရှည်လူမှုကူညီရေးအသင်းအဖွဲ့မှ ဦးကျော်နှင့် ဦးသိန်းနိုင်၊ သင်တန်းနည်းပြများနှင့် သင်တန်းသားစုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန္တာမေ**

## ယာဉ်မောင်းများ ခါးပတ် ပတ်မောင်းနှင်မှု ရှိ မရှိ စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေး၏ညွှန်ကြားမှုဖြင့် အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး(နေပြည်တော်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ရဲခိုင်ကြီးကြပ်ကာ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၁) ဇမ္ဗူသီရိမြို့နယ်မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်မင်းသိန်း ဦးစီး၍ တပ်ဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးငြိမ်းမောင်နှင့် တာဝန်ရှိသူများပူးပေါင်းပြီး ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေပြည်တော်မြို့တော်ခန်းမရှေ့၌ မော်တော်ယာဉ် မောင်းနှင်သူများအား ခါးပတ် ပတ် မောင်းနှင်မှု ရှိ မရှိ စစ်ဆေး၍ လိုက်နာဆောင်ရွက်မှုမရှိသော ယာဉ်မောင်းများကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**





## ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ဖွင့်ပွဲနှင့် ရေစက်ချအခမ်းအနားကျင်းပ

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၉**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ (D.Litt)(Ph.D) တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးတည်ထောင်တော်မူသော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါန ဆေးရုံတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်နံနက် ၈နာရီက အဆိုပါ မျက်စိဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများလျှောက်ထားပြီးနောက် သီတဂူဆရာတော်ကြီးက လှူဒါန်းမှုအစုစုအတွက် အနုမောဒနာပြု၍ ရေစက်သွန်းချအမျှပေးဝေသည်။ ထို့နောက် သီတဂူဆေးရုံတော်ကြီးအား မဒေါက်မြို့ ပန်းငွေရုံတောရဆရာတော်ကြီးနှင့် သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ မျက်စိဆေးရုံတော်အား ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။မော်ကွန်းတင်ကျောက်စာကို သီတဂူဆရာတော်ကြီးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အောင်ဂါထာကိုရွတ်ဖတ်ချီးမြှင့်ပေးတော်မူကာ နံ့သာရည်ပက်ဖျန်းပေးတော်မူသည်။

အခမ်းအနားသို့ သီတဂူဆရာတော်ကြီး မဒေါက်မြို့ပန်းငွေရုံတောရဆရာတော်၊ မန္တလေးမြို့ပါမောက္ခချုပ်ဆရာတော်၊ ပဲခူးမြို့ကြခတ်ဝိုင်းဆရာတော်၊ ပြွန်တန်ဆာမြို့ ဇမ္ဗူအေးတောရ (အင်းဝိုင်း)ဆရာတော်၊ အရှေ့ဇီးကန်ဆရာတော်၊ ပိန်းဇလုပ်တိုက်ကျောင်းဆရာတော်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယစစ်တိုင်းမှူး ဗိုလ်မှူးချုပ် သိန်းလွင်၊ သီတဂူအပြည်ပြည်ဆိုင်ရာ မျက်စိအထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာမြအောင်၊ မတည်အလှူရှင် ဒေါက်တာ ဦးဝင်းမြင့်နှင့် ဇနီးသီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်တို့နှင့် ဖိတ်ကြားထားသော သံဃာတော်များ၊ ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ငြိမ်းချမ်းရေးတွဲလက်များ ဝှီးချဲအဖွဲ့ ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုဖျော်ဖြေ

**ထီးချိုင့် ဖေဖော်ဝါရီ ၁၉**

ငြိမ်းချမ်းရေးတွဲလက်များ ဝှီးချဲအဖွဲ့သည် ထီးချိုင့်မြို့သို့ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင်ရောက်ရှိခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်၊ ထီးချိုင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲကြည်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။

အဆိုပါ ငြိမ်းချမ်းရေးတွဲလက်များ ဝှီးချဲအဖွဲ့သည် မြန်မာနိုင်ငံတွင် ပစ်ခတ်တိုက်ခိုက်မှုများအဆုံးသတ်၍ ငြိမ်းချမ်းရေးရရှိစေရန်ရည်ရွယ်ကာ ဖေဖော်ဝါရီ ၁၅ ရက်က မြစ်ကြီးနားမြို့မှ စတင်ထွက်ခွာလာပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့ပေါင်း ၁၄ မြို့ကိုဖြတ်သန်းကာ ဖေဖော်ဝါရီ ၂၈ ရက်တွင် နောက်ဆုံးပန်းတိုင်အဖြစ် နေပြည်တော်သို့ ရောက်ရှိမည်ဖြစ်သည်။



ယင်းအဖွဲ့တွင် ဘီးတပ်လှည်း ဝှီးချဲမောင်းနှင်သည့် ကိုယ်လက်အင်္ဂါ မသန်စွမ်းသူ ၁၀ ဦး၊ တေးဂီတဖျော်ဖြေတင်ဆက်မည့် အမြင်အာရုံချို့တဲ့သူ ၁၀ ဦး၊ ငြိမ်းချမ်းရေးအကြောင်းတင်ပြမည့် နားမကြားသူ၊ အမြင်အာရုံချို့တဲ့သူနှင့် ဉာဏ်ရည်မသန်သူ ခုနစ်ဦး၊ ကူညီပံ့ပိုးသူနှင့်အုပ်ချုပ်သူ ၁၀ ဦး၊ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသော အနုပညာရှင်များ (ကဗျာ၊ ပန်းချီ၊ တေးရေး၊ တေးဆို ) ၃၀ စုစုပေါင်း ၆၇ ဦးပါဝင်ကာ ထီးချိုင့်မြို့ လေသာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌တည်းခိုကြပြီး ညပိုင်းတွင် မြို့မ အားကစားကွင်း မိုးလုံလေလုံခန်းမ၌ တေးဂီတဖျော်ဖြေရေးများ ပြုလုပ်ပြီး ဖေဖော်ဝါရီ ၂၀ ရက်နံနက် ၇ နာရီတွင် ထီးချိုင့်မြို့မှ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

✻ *ကျောဖုံးမှ*

"ကျွန်မတို့ ဒီလိုစုပေါင်းလမ်းလျှောက်ပွဲကြီး ကျင်းပရတဲ့အဓိကရည်ရွယ်ချက်ကတော့ အမျိုးသမီးထုတစ်ရပ်လုံး သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါတွေဖြစ်ပွားနေရတဲ့အကြောင်း အသိပေးလိုတာဖြစ်ပါတယ်။ သုတေသီတွေ လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်ဆောင် မိခင်တွေရဲ့ ၇၁ ရာခိုင်နှုန်း၊ သာမန်အမျိုးသမီး ၄၅ ရာခိုင်နှုန်းနဲ့ ကလေးငယ်တွေရဲ့ ၇၀ ရာခိုင်နှုန်းဟာ သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါဖြစ်ပွားနေကြပါတယ်။ ဒီလို သွေးအားနည်းရောဂါတွေ ဖြစ်လာပြီဆိုရင် ဘယ်လိုနေထိုင်၊ ဆေးဝါးတွေ ဘယ်လိုသုံးစွဲရမယ်ဆိုတာ အသိပေးလိုတာ ဖြစ်ပါတယ်" ဟု ဖယ်ရိုဗစ်မှ ဒေါက်တာ သင်းနိုင်ဦးက ရှင်းပြသည်။

လမ်းလျှောက်ပွဲကြီးတွင် ပန်းဝင်လာကြသူအမျိုးသမီးအားလုံးအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ သွေးအားနည်း ရောဂါ ရှိ၊ မရှိစစ်ဆေးပေးခြင်း၊ သွေးအားနည်းရောဂါအကြောင်း ဟောပြောခြင်းတို့အပြင် ဖျော်ဖြေပွဲများလည်း ပါဝင်သည်။

သံဓာတ်သည် သွေးတွင်းရှိ သွေးနီဥထုတ်လုပ်မှုနှင့် သွေးနီဥအတွင်းရှိ ဟေမိုကလိုဘင်ထုတ်လုပ်မှုအတွက် အရေးပါကြောင်း၊ ခန္ဓာကိုယ်ထဲတွင် သံဓာတ်မလုံလောက်ပါက သွေးနီဥအရေအတွက် လျော့နည်းလာပြီး သွေးအားနည်းရောဂါဖြစ်ရကြောင်း၊ သွေးအားနည်းရောဂါဖြစ်ပွားလာပါက နှလုံးတုန်ခြင်း၊ ရင်တုန်ခြင်း၊ အသားအရေဖြူဖတ်ဖြူလျော်ဖြစ်ခြင်း၊ အာရုံစူးစိုက်မှုနည်းခြင်းတို့ဖြစ်ပွားနိုင်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းပါက သန္ဓေသားပေါင်မပြည့်ခြင်း၊ လမစေ့မီ ကလေးမွေးဖွားခြင်း၊ ကလေးဦးနှောက်ကောင်းစွာ မဖွံ့ဖြိုးခြင်းတို့ဖြစ်စေနိုင်ကြောင်း၊ သွေးအားနည်းရောဂါဖြစ်ပွားပါက သံဓာတ်ပါသော အသားနှင့် အသီးအရွက်များကို စားသုံးရမည်ဖြစ်သည့်အပြင် ဆေးဝါးများလည်း သောက်သုံးသင့်ကြောင်း သိရသည်။

## စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဖန်းစံပြကျေးရွာ အားကစားကွင်း၌ ဖေဖော်ဝါရီ ၂၈ ရက် ည ၇ နာရီတွင် စာပေဟောပြောပွဲကျင်းပမည်ဖြစ်သည်။ ဗိုလ်ချုပ်မွေးနေ့နှင့် စာဆိုတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် စာရေးဆရာများဖြစ်သော ဆရာဇော်ခိုင်ဦး၊ ဆရာနေဝင်းမြင့်၊ ဆရာမ ဒေါ်ခင်ခင်ထူးတို့က ရသစာပေနှင့် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ ကျန်းမာရေးဗဟုသုတများကို စာပေချစ်မြတ်နိုးသူ ရပ်မိရပ်ဖများနှင့် မျိုးဆက်သစ်လူငယ်များအားတက်ကြွစိတ်ဝင်စားဖွယ် ပြည်တွင်းပြည်ပ စာပေအတွေ့အကြုံများကို ဟောပြောမည်ဖြစ်သောကြောင့် စာပေစိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**လှလှ**

# သွေးတိုး၊ အကြောတက်၊ လေးဖက်နာ သက်သတ်လွတ်စားပါ

**ကြည်လွင်မြင့်(မုံရွာ)**



တစ်ခါက တောထွက်ကြီးတစ်ပါး သက်သတ်လွတ်စားနေသဖြင့် ဆွမ်းလှူသောဒကာတစ်ဦးက ဘုန်းဘုန်း အဓိဋ္ဌာန်ဝင်ပြီး စားနေတာလား ...ဘယ်နှရက် ဘယ်နှလ အဓိဋ္ဌာန်လဲဟု မေးသည်။ တောထွက်ကြီးက 'အဓိဋ္ဌာန်မဟုတ်ဘူး ... ကျုပ်သွားနာနေလို့ ...' ဟု ဖြေလေသည်။

ရှေးက သွေးတိုးရောဂါ ဖိစီးနှိပ်စက်နေသူတစ်ဦးသည် ဆေးအမျိုးမျိုးစားသော်လည်း မသက်သာ၊ လူကလည်း တစ်နေ့တခြား ဝလာသဖြင့် သက်သတ်လွတ်စားရန် စိတ်ကူးမိသည်။ သို့သော် သူသက်သတ်လွတ်စားသည်မှာ အသားတုများစားနေသဖြင့် စိတ်က အသားကိုသာ ရောက်နေတော့သည်။ အသားတုစားသည်မှာ အသားအစစ်စားရသလို ဖြစ်နေသဖြင့် သူ့သွေးတိုးရောဂါမှာ ထူးထူးခြားခြား မကျဟု ဆိုသည်။ နောက်ဆုံး အသားတုကိုပါ ရှောင်ပြီး အသီးအရွက် သက်သတ်လွတ်စားတော့မှ သွေးတိုးရောဂါ သက်သာသွားသည်ဟု ဆိုသည်။

လေးဖက်နာရောဂါရှိသူ၊ ဂေါက်ရောဂါရှိသူ၊ အဆစ်ရောင်၊ အဆစ်ကိုက်၊ အကြောတက်ရောဂါရှိသူများသည် သက်သတ်လွတ်စားလျှင် ရောဂါသက်သာစေနိုင်သည်။

လေးဖက်နာနှင့် ဂေါက်ရောဂါသမားများအတွက် ရှောင်ကြဉ်ရသည့်အစာများမှာ ခြေလေးချောင်းနှင့် ခြေနှစ်ချောင်းရှိ သတ္တဝါများမှရသော အသား၊ ဝမ်းတွင်းကလီစာများနှင့် ဥများမှရသော အစားအသောက်များ ဖြစ်သည်။ ဂေါက်ရောဂါ၊ ရှေးအခေါ် ဒူလာရောဂါရှိသူများမှာ ဝမ်းတွင်းသား၊ အသဲအမြစ်ကလီစာမတည့်ပေ၊ စားမိသည်နှင့် နောက်တစ်ရက်တွင် ခြေမဆစ်၊ ဒူးဆစ်ကြီးများ ရောင်လာလေ့ရှိသည်။

ငါးစားလျှင် ယူရစ် အက်စစ် (Uric Acid) မတက်၊ မကောင်းသောအဆီ ကိုလက်စတီရောမတက်ဟု ပြောကြသည်။ ငါးမှရသောအဆီဓာတ်တွင် အိုမီဂါ ၃၊ ဖက်တီအက်ဆစ် ပါသဖြင့် ကောင်းသောကိုလက်စတီရော အဆီအားကောင်းစေသည်ဟု ဆိုကြသည်။ သို့သော် အချို့ငါးများတွင် မွေးမြူရေး အစာကျွေးရာတွင် ဓာတုဗေဒပစ္စည်းပါဝင်မှုများခြင်း၊ အစာစပ်ရာတွင် ငါးအတွက် အသားတိုးဆေး၊ ရောဂါကာကွယ်ဆေးများထည့်ကျွေးသဖြင့် ယင်းဆေးများကြောင့် စားသုံးသူများကို အဆစ်အမျက်ရောင် ကိုက်သောရောဂါများ ဖြစ်စေနိုင်ကြောင်း ဆေးပညာဂျာနယ်တစ်စောင်တွင် မကြာသေးမီက ဖတ်ရှုလိုက်ရသည်။ ဓာတုဗေဒပစ္စည်းများသည် ငါးများတွင်ပါ မလွတ်ကင်းတော့ကြောင်း တွေ့ရသည်။

ဝက်နှင့်ကြက်များတွင် အသားတိုးစေရန်ကျွေးသော အစာတွင် သဘာဝမဟုတ်သော ဓာတုပါဝင်သည့်ဆေးများ ရောစပ်ထားသည်။ စပ်စာတွင် ပါဝင်သောဆေးကြောင့် ဝက်နှင့်ကြက်များတွင် အသားတိုးပြီး ရက်တိုတိုနှင့်ကြီးထွားကြသည်။ ယင်းအစာကို စားသူများတွင် သွေးတိုးရောဂါနှင့် လေဖြတ်ရောဂါဖြစ်ဖို့ အလားအလာများနေသည်ဟု သုတေသီများက ဆိုကြသည်။

ထိုဓာတုဗေဒပစ္စည်း ကြီးထွားဆေးတွေကို အသီးအရွက် စားသုံးသူများတွင် လွတ်ကင်းသည်ဟုထင်လျှင် မှားပါလိမ့်မည်။ အသီးအရွက်ကြီးထွားရန် မြေဩဇာတွင်သာမက အပင်ဖျန်းဆေး၊ အရောင်လှအောင် အသီးမှည့်မြန်အောင် သုတ်သောဆေးများပါပေါ်နေပြီး သုံးစွဲနေပြီဖြစ်သည်။ ဤသည်မှာ တိုးတက်သောခေတ်၏ ဆုတ်ယုတ်သော ကျန်းမာရေးကဏ္ဍ ဖြစ်သည်။

ထိုကြောင့်ပင် လေးဖက်နာအတွက် သက်သတ်လွတ်စားလျှင် အကျိုးရှိကြောင်း တိုက်တွန်းလိုသော်လည်း မည်သည့်အစာကို မည်သို့ ရှောင်ကြဉ်စားသောက်မှသာလျှင် သက်သတ်လွတ်စားသည့် အကျိုးရမည်ကိုပါ သတိပေးဖို့ လိုအပ်လာပါသည်။

သဘာဝခြံထွက်၊ တောထွက်၊ အသီးအနှံများသည် အရှယ် အစားသေးသည်။ သို့သော် ဓာတုဗေဒ ကင်းစင်သည်။ ခေတ်မီ စနစ်တကျစိုက်သည့် ဩဂဲနစ်အစားအစာများမှာကား စိတ်ချရသော်လည်း သုံးဆ လေးဆမျှ ဈေးကြီးသည်။ လူလတ်တန်းစားနှင့် ဆင်းရဲသားများ မစားနိုင်၊ ဖြစ်နိုင်လျှင် မိမိအိမ်တွင် စိုက်ပျိုးသော အသီးအနှံသာလျှင် စိတ်အချရဆုံးဟုပြောရမလို ဖြစ်နေလေပြီ။

သက်သတ်လွတ်အစာတွင်လည်း ဂေါက်ရောဂါနှင့်မတည့်သော အစားအစာရှိသေးသည်။ အစေ့မှ အပင်၊ အညှောင့်ထွက်လာသောအစာ၊ ဥပမာ . . . ပဲပင်ပေါက်၊ ပဲတီချဉ် စသည်များ အဆစ်ရောင်ရောဂါနှင့် မတည့်ပါ။ ထို့အတူ အစေ့များစွာပါဝင်သော ခရမ်းချဉ်သီး၊ ခရမ်းချဉ်သီးပန်ထွေဖျော်၊ ခရမ်းချဉ်သီးဆော့များသည် ဂေါက်ရောဂါ အဆစ်အမျက်ရောင်ရောဂါနှင့် အဆင်မပြေသောအစာများ ဖြစ်လေသည်။

စစ်ကိုင်းချောင်တွင် ငယ်စဉ်က လေးဖက်နာဒဏ် အပြင်းအထန်ခံခဲ့ရဖူးသော သီလရှင်တစ်ပါး တွေ့ဖူးသည်။ ယခုအခါ အသက်ကြီးပြီဖြစ်သည်။ နေ့စဉ် ငှက်ပျောသီးမှည့် ထန်းလျက်ဖြင့်သာ ထမင်းစားသည်ဟု ဆိုသည်။ ရေအေးမသောက်၊ ရေနွေးရေကျက်အေးသာသောက်သည်ဟု ဆိုသည်။ ထိုသို့ အစားအသောက်ပုံစံပြောင်းပြီးကတည်းက သူငယ်စဉ်ကတည်းက မိုးအုံ့လျှင် အစားမှားလျှင်ဖြစ်သော အဆစ်များရောင်သည့်ရောဂါမှာ အလျှင်းပျောက်ကင်းသွားသည်ဟု ဆိုပါသည်။

ရေနွေးကြမ်း၊ ရေကျက်အေးသောက်ခြင်းသည်လည်း လေးဖက်နာ၊ အဆစ်ရောင်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါများကို သက်သာစေသော နည်းလမ်းကောင်းဖြစ်သည်။ ဝလွန်းသူများ တကယ်အဆီချချင်လျှင် ရေနွေးကြမ်းသောက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ရေခဲရေကို လုံးဝရှောင်သင့်သည်။

### ကလေးလေးဖက်နာ

ကလေးငယ်တစ်ဦးသည် ငယ်ငယ်ရွယ်ရွယ်နှင့် ကလေးလေးဖက်နာ ဖြစ်သည်။ ထိုကလေးမှာ အချိုရည်သံဘူးများ အသောက်များသည်။ ဂက်စ်ပါသည့်အချိုရည် များကြိုက်သည်။ ရယ်ဒီမိတ်မုန့်ခြောက်၊ ခေါက်ဆွဲခြောက်ထုပ်များ ကြိုက်သည်။ အာလူးကြော်ဆိုလျှင် အလွန်ကြိုက်သည်။ ထို ကလေးတွင် အဆစ်များ နာကျင်ကိုက်ခဲလာသဖြင့် အရိုးအဆစ် ရောဂါ အထူးကုဆရာဝန်ကြီးနှင့် ပြသည်။ ဆရာဝန်ကြီး၏ ရှင်းပြချက်အရ ထိုကလေးမှာ ပိုးမရှိ၊ လေးဖက်နာမဟုတ်၊ ပင်နီဆလင်ပေးရန်လည်းမလိုဟုဆိုသည်။ ကလေးတွင်ဖြစ်သော လေးဖက်နာမှာ အစားအသောက်ကြောင့် ကြီးထွားမှုမြန်ပြီး Growing Pain ကြီးထွားမှုကြောင့်ဖြစ်သော နာကျင်ကိုက်ခဲမှုဝေဒနာ ဖြစ်ကြောင်း သိရပါသည်။

ထိုကဲ့သို့သောကလေးမျိုးကို သူကြိုက်သည့်အစာများကိုဖြတ်ပြီး၊ အသီးအနှံများပါသောအစာကို အဓိကထားကျွေးကြည့်လျှင် သက်သာလာပါလိမ့်မည်။ ပထမတွင် ကလေးမစားချင်ဖြစ်နိုင်သော်လည်း နောင်တွင် အဆင်ပြေသွားနိုင်ပါသည်။ သို့မဟုတ်လျှင် ထိုကလေးတွင် နာတာရှည်လေးဖက်နာရသွားပါလိမ့်မည်။

မိတ်ဆွေဆရာဝန်ကြီးတစ်ဦး၏ မြေးငယ်လေးတွင် ထိုကဲ့သို့ ကလေးလေးဖက်နာဖြစ်သဖြင့် ညဘက်တွင် မအိပ်ရ၊ အကိုက်အခဲပျောက်ဆေးများကို ကလေးအသက်အရွယ်နှင့် ချိန်ဆပြီး ပေးနေရသည်။ ပရက်ဒီစလုန်းကဲ့သို့ ဆေးပြင်းများကိုလည်း မြေးငယ်လေးကို မပေးချင်သဖြင့် အတော်ဒုက္ခရောက်ခဲ့သည်။

နောက်မှ သက်သတ်လွတ် ဓာတ်စာကုထုံးကို သတိရသဖြင့် ကလေးကို သက်သတ်လွတ်စားနိုင်အောင် စီစဉ်ရတော့သည်။ အာလူးကိုပြုတ်ပြီး နူးအောင်ချေပြီး ပဲရာဇာပြုတ်ရည် ချိုချိုနှင့် ထပ်မံရောမွှေပြီး ကျွေးသည်။ ငှက်ပျောသီးမှည့်မှည့်ကို ပူတင်းကဲ့သို့ ဖုတ်ကျွေးသည်။ သက်သတ်လွတ်ဆိုသော်လည်း ငှက်ပျောပေါင်းနှင့် ပူတင်း ပြုလုပ်ရာတွင် ကြက်ဥနှင့် နွားနို့မှာ မကင်းနိုင်ပေ။ ကလေးပါးစပ်အရသာတွေ့စေရန်ထည့်ပေးရသည်။ အသားနှင့် ဂက်စ်ပါသော အချိုရည်များမစားလျှင် တော်ပြီဟု ယူဆရမည်ဖြစ်သည်။ ကလေး၏စားသောက်ပုံ၊ အလေ့အကျင့်ကို စိတ်ရှည်ရှည်ထားပြောင်းပေးလျှင် ရနိုင်ပါသည်။ ဥပမာ-အရုပ်လိုချင်လျှင် အစာစားရမည်ဟု တောင်းဆိုပြီး ကျွေးမွေးခြင်းမျိုး သူသိပ်မကြိုက်သောအစာကို ဝင်အောင် ချော့ကျွေးရပါသည်။

သက်သတ်လွတ်ကို ရက်ရှည်လများ နှစ်နှင့်ချီစားသူများလည်း ရှိပါသည်။ ဤကဲ့သို့ ရက်ရှည်စားချင်လျှင် အသားဓာတ်မချို့တဲ့အောင်ပဲ စားပေးဖို့လိုပါသည်။ ပဲမျိုးစုံစားလျှင် အသားဓာတ်ရနိုင်ပါသည်။ သို့သော် ကုလားပဲသည် အဆစ်ရောင်နာ၊ လေးဖက်နာနှင့် သိပ်မသင့်ပါ။

ပဲရာဇာ၊ ပဲနီလေး၊ ပဲဖြူလေး၊ ဗိုလ်စားပဲ၊ ပဲစင်းငုံ၊ စွန်တာနီ၊ ပဲကြား၊ စားတော်ပဲ၊ ပဲကြီးများ စားသုံးနိုင်ပါသည်။ ပဲပြားကိုလည်း စားနိုင်ပါသည်။ ပဲပင်ပေါက်ကိုတော့ ရှောင်ရပါမည်။ သက်သတ်လွတ်စားသူများတွင် မုန်ညင်းရွက်၊ ကိုက်လန်ရွက်၊ အသားဓာတ်ပါသောအရွက်များ အစားများလျှင် လေပွတတ်ပါသည်။

သက်သတ်လွတ် ကိုးရက်စားခြင်း၊ ၁၀ ရက်စားခြင်း၊ ၂၁ ရက်စားခြင်း၊ ၄၉ ရက်စားခြင်း စသည်ဖြင့် မိမိကြိုက်ရာ အယူအဆတစ်မျိုးမျိုးဖြင့်လည်း စားနိုင်ပါသည်။ အဓိဋ္ဌာန်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ၊ ရက်တိုဖြစ်စေ ရက်ရှည်ဖြစ်စေ အကျိုးရှိနိုင်ပါသည်။

တစ်စုံတစ်ရာကို စောင့်ထိန်းရသောသူတွင် စိတ်ဓာတ်မြှင့်တင်ရသဖြင့် စိတ်ဓာတ်စွမ်းအားတက်လာနိုင်ပါသည်။ ထို စိတ်ဓာတ်စွမ်းအားကြောင့် ကိုယ်ခံအားမြင့်တက်လာသဖြင့် ရောဂါဝေဒနာမှာလည်း သက်သာသွားတတ်ပါသည်။ ငါ ... သက်သတ်လွတ်စားနေတာကောင်းတယ် ... အသားတွေကို မစားချင်ဘူး၊ မမြင်ချင်ဘူး ရှောင်မယ် ... ဟု စိတ်ဓာတ်ကိုမြှင့်တင်ထားခြင်းဖြင့် အခြားစိတ်စွမ်းအင် will power များ အလိုလိုရောက်ရှိလာပါလိမ့်မည်။

သက်သတ်လွတ်စားခြင်းနှင့်ပတ်သက်၍ ဘာသာရေး အငြင်းပွားမှု အတော်များများ ရှိပါသည်။ သက်သတ်လွတ်စားလျှင် ငါးပါးသီလမှ 'ပါဏာတိပါတာ' သူတစ်ပါး၏အသက်ကို သတ်ဖြတ်ညှင်းဆဲခြင်းတည်းဟူသော ရှောင်ကြဉ်ရာ သိက္ခာပုဒ်ကို စောင့်ထိန်းပြီးသားဖြစ်သည်ဟုလည်း ဆိုကြသည်။

အချို့ကလည်း ဘုရားက သက်သတ်လွတ်စားဖို့ မဟော။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း သက်သတ်လွတ် ဘုဉ်းပေးသည်ဟုလည်း မရှိ။ လှူဒါန်းသူ၏ ဆန္ဒပြည့်မြောက်စေရန် ရဟန်းတို့အားလည်း အသားစားခြင်းကို ခွင့်ပြုတော်မူသည်ဟု ရေးသားကြသည်များကို ဖတ်ရှုဖူးပါသည်။

ထို့ကြောင့် ရာသက်ပန် သက်သတ်လွတ်စားပါဟု မတိုက်တွန်းလိုပါ။ မိမိခံစားနေရသောရောဂါသည် သွေးတိုးရောဂါ၊ အကြောတက်ရောဂါ၊ အဆစ်အမျက်ကိုက်ရောဂါ၊ လေးဖက်နာရောဂါ၊ အဆစ်ရောင်ရောဂါ၊ ဒူလာရောဂါ၊ ဂေါက်ရောဂါများ ဖြစ်ပြန်လျှင် အကြောင်းကြောင်းကြောင့် ရာသီဥတုကြောင့်၊ အစာအာဟာရကြောင့် ရောဂါဆိုလျှင် ဆေးမျိုးစုံသောက်နေရသော်လည်း ဝေဒနာမှာ သက်သာပျောက်ကင်းမှုနှေးကွေးလျှင် တနည်းတစ်လမ်းအားဖြင့် သက်သတ်လွတ်စားကြည့်ပါ။ အထောက်အကူပြုပါလိမ့်မည်ဟု အကြံပေးရေးသားလိုက်ရပေသည်။

## ဇန်နဝါရီလအတွင်း အလုပ်သမားရေးရာဆိုင်ရာဆောင်ရွက်ချက်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၃၄၇၄ ဦး၊ မ ၈၄၉၄ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်စုစုပေါင်း ၁၁၉၆၈ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း လက်ခံရရှိမှု ၁၁၀ မှုတွင် ကျေအေးမှု ၂၄ မှု၊ ပြည်နယ်နှင့်တိုင်းခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၅ မှု၊ ပိတ်သိမ်းမှု တစ်မှုတို့ဖြစ်ပြီး ကျန် ၇၀ မှုအတွက် ခံစားခွင့်ရှိသူ ၄၀၉ ဦးအား ငွေကျပ် ၁၇၃၄၈၆၅၀၈ နှင့် US $ ၄၈၅၇၇.၅ ကို ခံစားစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၈၀၀၀ကျော်နှင့် US$ - ၅၆၆ ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၄၇၃ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့်ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှုအကြိမ် ၂၅၀ ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အမှုရှစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၁၂ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့်ကျပ်သန်း ၂၉၀၃၀၀၀ US$ ၁၅၀၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အမှု ၁၅ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၃ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ် ၃၃၂၅၉၀၀ ရရှိစေခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၆၄၀၀ကျော် အကျိုးခံစားခွင့် ပေးခဲ့ပြီး အာမခံအလုပ်သမား ၄၄၆၅ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ် သိန်း ၉၇၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။ အာမခံအလုပ်သမားများအား ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ-**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| (က) | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၆၈၇၅ ဦး၊ အတွင်းလူနာ ၆၇၈ ဦး) | ၇၅၅၃ ဦး |
| (ခ) | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီးဆေးခန်း(၅၀)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု | ၄၉၉၉၉ ဦး |
| (ဂ) | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၅)ကြိမ် | ၇၃၄ ဦး |
| (ဃ) | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၁၅၅)ကြိမ် | ၃၇၉၄ ဦး |
| (င) | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသပေးမှု | ၅၀၃၃ ဦး |

တို့ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။ **(မြန်မာ့အလင်း)**

# ရုရှားနိုင်ငံ၌ ပထမဆုံး တည်ထားမည့်စေတီတော်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ကမ္ဘာပေါ်တွင် နဝမမြောက် လူဦးရေအထူထပ်ဆုံး နိုင်ငံတစ်ခုဖြစ်သည့်အပြင် ကမ္ဘာ့မြေပြင်၏ ရှစ်ပုံ တစ်ပုံခန့် အကျယ်အဝန်းရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပထမဆုံးသော ရွှေစည်းခုံပုံတူစေတီတော်ကြီးအား အမြန်ဆုံး တည်ထားကိုးကွယ်နိုင်ရေးအတွက် သီတဂူဆရာတော်ကြီးက ဦးဆောင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

"စေတီတော်တည်ထားဖို့ ရည်ရွယ်တဲ့နေရာက ရုရှားနိုင်ငံ မြို့တော်မော်စကိုမြို့ကနေ သုံးနာရီနီးပါး မော်တော်ကားနဲ့သွားရတဲ့နေရာတစ်ခုပါ။ အေးချမ်းတဲ့နေရာတစ်ခုဖြစ်တဲ့အပြင် သီတဂူဆရာတော် တည်ထောင်ထားခဲ့တဲ့ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတော်အနီးမှာ တည်ထားဖို့ ရည်ရွယ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ သာသနာတော် တိုးတက်စည်ကားပြန့်ပွားဖို့အတွက် ရုရှားမှာ ပထမဆုံး ရွှေစည်းခုံစေတီတော်ပုံတူစေတီကို တည်ထားသွားမှာ ဖြစ်ပါတယ်။ အမြန်ဆုံးတည်ထားဖို့အတွက် ပြင်ဆင်နေပြီး ဆရာတော်ကလည်း ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် အထူးအားထည့်ပြီး ဆောင်ရွက်ဖို့ အာသီသရှိတယ်"ဟု ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရွှေစည်းခုံစေတီတော် တည်ထားကိုးကွယ်ရေးနှင့် သာသနာတော်ပြန့်ပွားရေးဆိုင်ရာ ခရီးစဉ်သို့ ဆရာတော်နှင့်အတူ လိုက်ပါသွားခဲ့သည့် မန္တလေး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ အရှင်ဝေဠုရိယဉာဏာလင်္ကာရ က မိန့်ကြားသည်။

စေတီတော်တည်ထားကိုးကွယ်မည့် မော်စကိုမြို့သည် မြို့ပတ်ဝန်းကျင်ဧရိယာ၏ လေးဆယ်ရာခိုင်နှုန်းမှာ စိမ်းစိုသော သစ်တောကြီးများဖြင့် ဖုံးလွှမ်းထားပြီး ရွှေရောင်တောက်ပလျက်ရှိသည့် စိန့်ဗာဆေးဘုရားရှိခိုး ကျောင်းကဲ့သို့သော ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ ဗိသုကာလက်ရာများကြောင့် လူသိများထင်ရှားလှသည်။ နိုင်ငံအတွင်း ကိုးကွယ်မှုတို့တွင် အော်သိုဒေါ့ခရစ်ယာန် ရုရှားလူမျိုး ၄၁ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူ ၆ ဒသမ ၅ ရာခိုင်နှုန်း၊ အဖွဲ့အစည်းမရှိသည့် သီးခြားရပ်တည်နေသော ခရစ်ယာန်ကိုးကွယ်သူ ၄ ဒသမ ၁ ရာခိုင်နှုန်း၊ အခြားရှေးရိုးစွဲဝါဒီများ ၁ ဒသမ ၅ ရာခိုင်နှုန်း၊ တိဘက်ဗုဒ္ဓဘာသာဝင် ၀ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဘာသာမဲ့အရေအတွက် ၄၆ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်။

ရုရှား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာလ်မီးကီးယားဒေသသည် မဟာယာနဗုဒ္ဓဘာသာ ကိုးကွယ်သူအများစု နေထိုင်ကြပြီး ကာလ်မီးကီးလူမျိုးများမှာ ရွှေငွေဥစ္စာပစ္စည်းများထက် ဗုဒ္ဓမြတ်စွာကို အသက်တမျှထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်ကြသည်ကို မြင်တွေ့ရခြင်းကြောင့် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် သီတဂူဆရာတော်ဦးဆောင်မှုဖြင့် စေတီတော်တည်ထားနိုင်ရေးအတွက် အားတက်ရကြောင်း ဒေါက်တာ အရှင်ဝေဠုရိယဉာဏာလင်္ကာရက မိန့်ကြားသည်။



သီတဂူဆရာတော်က ရွှေစည်းခုံစေတီတော်ပုံတူ တည်ထားကိုးကွယ်နိုင်ရေး ကြိုးပမ်းမှုခရီးစဉ်အတွင်း ရုရှားပြည်သူများ လွတ်လပ်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့ပြီး ထိုအထဲတွင် "များပြားသော ဘာသာရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးတွေ ကွဲပြားနေစေကာမူ အားလုံးသော ဘာသာရေးနဲ့ လူမျိုးရေးခေါင်းဆောင်တွေဟာ ဘာသာတစ်ခုနဲ့တစ်ခုအကြား၊ ယဉ်ကျေးမှုတစ်ခုနဲ့တစ်ခုအကြား ပေါင်းကူး တံတားတွေတည်ဆောက်နိုင်မယ်ဆိုရင် လူသားအချင်းချင်း ပိုနားလည်တဲ့ ယုံကြည်စိတ်ချမှုတွေ ရရှိလာမယ်" ဟု မိန့်ကြားခဲ့သည်။

နိုင်ငံအတွင်း ဗုဒ္ဓဘာသာကို အထူးသက်ဝင်ယုံကြည်ကြသည့် ကာလ်မီးကီးလူမျိုးတို့၏ သီးခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဘူရ်ယတ်တီယာ ပြည်နယ်တို့တွင်သာ မဟာယာန မြောက်ပိုင်းဗုဒ္ဓဘာသာ ကိုးကွယ်သူအများစု နေထိုင်ကြပြီး ယင်းဒေသတို့တွင် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများ တည်ရှိနေကြကြောင်း သိရသည်။ ကာလ်မီးကီးယားပြည်နယ် အယ်လစ်စတာမြို့တော်ရှိရှေးဟောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဗုဒ္ဓပြတိုက်တည်ရှိပြီး ယင်းတို့သည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရသည်။

ထို့အပြင် ခရီးစဉ်အတွင်း သီတဂူဆရာတော်နှင့် အဖွဲ့ဝင်များက ကာလ်မီးကီးယားပြည်နယ် လွင်ပြင်အတွင်း နှစ်ပေါင်း ၂၀၀ သက်တမ်း ရှိနေပြီဖြစ်သည့် လင်းလွန်းပင်အောက်သို့ ရောက်ရှိခဲ့ပြီး ဗုဒ္ဓဘာသာဝင် ပေါင်းများစွာက ပဝါများကမ်းကာ ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုခဲ့ကြပြီး ဆရာတော်က ပရိတ်တရားတော်များနှင့် အောင်ဂါထာတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘူရ်ယတ်တီယာပြည်နယ်တွင်လည်း ၂၅ ဆက်မြောက် ဗုဒ္ဓဘာသာ လားမားဘုန်းတော်ကြီးကျောင်း တည်ရှိပြီး ထိုဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းတွင်လည်း ဗုဒ္ဓဘာသာဆိုင်ရာ ပြတိုက်တည်ရှိကြောင်း၊ လားမား သံဃာတော်များနှင့် ကိုရင်စာသင်သား ၂၀၀ ကျော် သီတင်းသုံးလျက်ရှိကြောင်း၊ အူလန်အူဒေးမြို့မှ ကီလိုမီတာ ၂၅၀ အကွာတွင်လည်း စန္ဒာမုနိအမည်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ် သီတင်းသုံးစံပယ်လျက်ရှိကြောင်း သိရသည်။

"နိုင်ငံရဲ့ နိုင်ငံရေးမူဝါဒအရ ဘာသာမဲ့ဦးရေကလည်း အလွန်များပြားတော့ သာသနာပြန့်ပွားဖို့အတွက် အခွင့်အရေးတွေ ရှိကောင်းရှိလာနိုင်မယ်လို့ ထင်ပါတယ်။ ရုရှားနိုင်ငံက မူလကတည်းက ဗုဒ္ဓဘာသာဝင်တွေ တည်ရှိနေပြီးသားဖြစ်သလို သီတဂူဆရာတော် တည်ထောင်ထားပြီးဖြစ်တဲ့ မြန်မာ့ထေရဝါဒ ဗုဒ္ဓဝိဟာရကျောင်းတော်လည်း ရှိနေပြီးဖြစ်တော့ စေတီတော်မြတ်ကြီး မကြာခင် တည်ထားနိုင်မှာဖြစ်တယ်။

အလှူရှင်တွေအနေနဲ့လည်း ဌာပနာတော်အပါအဝင် စေတီတော်တည်ထားဖို့ အလှူငွေတွေ ထည့်ဝင်နိုင်ပါတယ်။ သီတဂူ ဆရာတော်ကိုယ်တိုင်လည်း အနယ်နယ်အရပ်ရပ်ကို တရားတော်တွေ လှည့်လည်ဟောကြားနေပြီး ရရှိလာတဲ့ အလှူငွေတွေကို ဘုရားတည်ထားဖို့အတွက် ရည်စူးဆောင်ရွက်နေပါတယ်။ ဒါမှလည်း မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ပြီး သာသနာပြုခရီးတွေလည်း ပိုမိုအားထုတ်နိုင်မယ်"ဟု ဒေါက်တာ အရှင်ဝေဠု ရိယဉာဏာလင်္ကာရ က မိန့်ကြားသည်။ စေတီတော်မှာ ပုဂံမှ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ပုံစံအတိုင်း တည်ထားမည်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုလက်ရာများအတွက် မြန်မာနိုင်ငံမှ ဗိသုကာပညာရှင်များနှင့် ပန်းဆယ်မျိုးပညာရှင်များကို ခေါ်ယူတည်ဆောက်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

"ရုရှားနိုင်ငံ မြန်မာ့ထေရဝါဒဗုဒ္ဓဝိဟာရမှာ တည်ထားဖို့အတွက် စေတီတော်တည်ဆောက်ရေး ကုန်ကျစရိတ်တွေမှာ ပါဝင်လှူဒါန်းပေးကြဖို့ လိုပါတယ်။ ကျွန်တော်တို့ သီတဂူ ဗိုလ်စိန်မှန်အထောက်အကူပြုအဖွဲ့ကနေ ကြီးမှူးပြီးတော့လည်း သီတဂူဆရာတော် ဦးဆောင်တဲ့ ရွှေစည်းခုံစေတီအလှူတော်အထိမ်းအမှတ် တရားပွဲကို ဖေဖော်ဝါရီ ၁၉ ရက်ကနေ ၂၂ ရက်အထိ ကျင်းပပြီး ရရှိလာတဲ့ အလှူငွေတွေကို ဘုရားတည်ထားဖို့ ထည့်သွင်းလှူဒါန်းသွားမှာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၂ ရက်ညမှာ သီတဂူဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားတော်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို ဟောကြားပေးပြီး အခြားရက်တွေမှာလည်း သီတဂူအရှင်တိက္ခသာရ၊ သီတဂူ ရွှေပြည်ဟိန်း အရှင်ခေမာသိရီလင်္ကာရ၊ သီတဂူအရှင်ကိတ္တိဗလတို့က ဟောကြားပေးမှာဖြစ်ပါတယ်။ အလှူရှင်တွေအနေနဲ့ ဗိုလ်စိန်မှန် အားကစားကွင်း၊ ဗဟန်းမြို့နယ်မှာ ညစဉ် ၇ နာရီအချိန် လာရောက်လှူဒါန်းပြီး တရားတော်နာယူရင်းနဲ့ ရွှေစည်းခုံစေတီတော် တည်ထားဖို့အတွက် အထောက်အပံ့ ကုသိုလ်ပြုနိုင်ပါတယ်"ဟု သီတဂူသာသနာပြုအဖွဲ့မှ ဦးမြင့်အောင်က ပြောကြားသည်။

သီတဂူဆရာတော်ကြီးဦးဆောင်ကာ ရုရှားနိုင်ငံတွင် တည်ထားမည့် ရွှေစည်းခုံစေတီတော်ကြီး တည်ဆောက်မှုများကို ယခုနှစ်အတွင်း စတင်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး အမေရိကန်ပြည်ထောင်စုတွင်လည်း သာသနာပြန့်ပွားရေးအတွက် စေတီတော်ကိုလည်းကောင်း၊ နိုင်ငံအသီးသီးတွင် ဗုဒ္ဓဝိဟာရကျောင်းများကိုလည်းကောင်း တည်ဆောက်ကာ သာသနာတော်ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ခင်ရတနာ**




# မိတ္ထီလာ၌ ပထမဆုံးဒစ်ဂျစ်တယ်ရုပ်ရှင်ရုံသစ် မကြာမီတွင် ဖွင့်လှစ်မည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၉**

မိတ္ထီလာမြို့မြို့မရပ်ကွက် ရုပ်ရှင်ရုံလမ်းတွင် တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးသွားပြီဖြစ်သည့် ပထမဆုံး အဆင့်မြင့်ဒစ်ဂျစ်တယ် ရုပ်ရှင်ရုံသစ်အား ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။

"ယခင်ဖလင်နဲ့ပြသတဲ့ ဂရင်းရုပ်ရှင်ရုံကို အဆင့်မြှင့်တင်ပြီးတော့ ခေတ်နဲ့အညီ အဆင့်မြင့်ဒစ်ဂျစ်တယ်စနစ်နဲ့ ပြသနိုင်ဖို့အတွက် ၂၀၁၆ ဇွန်လအတွင်းက ရုပ်ရှင်ရုံအဆောက်အအုံသစ် ပြန်လည်တည်ဆောက်ခဲ့တာ ရာနှုန်းပြည့်နီးပါးပြီးစီးသွားပါပြီ။ စက်ပစ္စည်းတပ်ဆင်မှုအပိုင်းရော အတွင်းပိုင်းပရိသတ်ကြည့်မယ့်နေရာအပိုင်းတွေက ပြီးစီးသွားပြီဖြစ်လို့ ဒီဖေဖော်ဝါရီ ၂၃ ရက်မှာ ရုပ်ရှင်ရုံသစ် စတင်ဖွင့်လှစ်ပြသမှာဖြစ်ပါတယ်။ အဆင့်မြင့်ဒစ်ဂျစ်တယ် ရုပ်ရှင်ရုံတွေအနေနဲ့ ပုံမှန်အားဖြင့် တစ်နေ့ကို သုံးပွဲပြသတာဖြစ်ပေမယ့် ရုံသစ်ဖွင့်ဖွင့်ချင်းရက်ပိုင်းတွေမှာ တစ်နေ့ကို လေးပွဲလောက် ပြသလို့ရမယ် မျှော်မှန်းထားတယ်" ဟု ဂရင်းရုပ်ရှင်ရုံပိုင်ရှင် ဦးစိုးအောင်က ပြောသည်။

အသစ်ဖွင့်လှစ်ပြသမည့် မိတ္ထီလာအဆင့်မြင့်ဒစ်ဂျစ်တယ်ဂရင်းရုပ်ရှင်ရုံသစ်တွင် ၁၀၀၀၊ ၂၀၀၀၊ ၃၀၀၀ ဟူ၍ အတန်း သုံးမျိုးခွဲခြားပြီး ရုံဝင်ကြေးကောက်ခံမည်ဖြစ်ကာ စုစုပေါင်း ရုပ်ရှင်ကြည့်ပရိသတ် ၂၄၆ ဦး ကြည့်ရှုနိုင်မည်ဖြစ်သည်။ မိတ္ထီလာတွင် ယခင်က ဖလင်ဖြင့်ပြသခဲ့သည့် ဇွဲရုံ၊ ရွှေဗဟိုရ်ရုံ၊ ဂရင်း(မျိုးမြင့်)ရုံ စုစုပေါင်း ရုပ်ရှင်ရုံ သုံးရုံရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ရုပ်ရှင်ရုံများ ပြသနိုင်ခြင်းမရှိတော့ဘဲ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအထိ ဂရင်းရုပ်ရှင်ရုံတစ်ခုသာ ဖလင်စနစ်ဖြင့် နောက်ဆုံး ပြသခဲ့ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၈ ဒသမ ၄၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈၄ ဒသမ ၇၄ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၃ ဒသမ ၁၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၄၀ ဒသမ ၈၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၂၄၇ ဒသမ ၅၀ နှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၈၈ ဒသမ ၃၆ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၁၁ ဒသမ ၅၃ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၆၅ ဒသမ ၁၉ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၆၅ ဒသမ ၁၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၃၇ ဒသမ ၂၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၀၂ ဒသမ ၄၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၀၃ ဒသမ ၅၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၀၃ ဒသမ ၆၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၆၀၇ ဒသမ ၁၈ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ် ဧပြီလမှ ဒီဇင်ဘာအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှ ၂၀၁၀၉ ဒသမ ၆၁ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၀၄ ဒသမ ၇၅ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**



**ဖေဖော်ဝါရီ ၁၈ ရက်က ကန့်ဘလူမြို့ တက္ကသိုလ်လမ်းမကြီး၌ ဆိုင်ကယ်စတန့် အလှုပြခြင်းကို မန္တလေးမြို့မှ "3Men Freestyle Stunters" အဖွဲ့မှ လူငယ်ကြိုက် စတန့်ပြကွက်မျိုးစုံဖြင့် တင်ဆက်ဖျော်ဖြေပေးရာ လူငယ်များ၊ စိတ်ပါဝင်စားသူများ ကြည့်ရှုအားပေးကြစဉ်** အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# ဝါဆိုဆရာတော်ကြီး၏ သရီယအရိုးဓာတ်ပြာများ ဥဒကဝါဟနပူဇာအခမ်းအနားကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၉**

မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက (စုဒ္ဒသမရွှေကျင်သာသနာပိုင်) နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဇယမေဒနီ ဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယ၏ ရုပ်ကလာပ်တော်အား ဖေဖော်ဝါရီ ၁၈ ရက်က အန္တိမအဂ္ဂိစျာပန သာစုကီဠနပူဇာကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၅ နာရီခွဲတွင် ဂေါဝိန်ဆိပ်ကမ်းမှ ကရဝိက်ဖောင်တော်အား အခြံအရံများဖြင့် ပင့်ဆောင်၍ မန္တလေး- မင်းကွန်းရေလမ်းကြောင်းအတိုင်း ဆန်တက်ကာ ပုသိမ်ကြီးမြို့နယ် ဆည်သာရွာအနီးတွင် အရိုးဓာတ်ပြာမျှောခြင်း ဥဒကဝါဟနပူဇာအခမ်းအနားဖြင့် ပူဇော်ခဲ့ကြသည်။

နံနက် ၉ နာရီတွင် ဆရာတော်ကြီး၏အရိုးပြာများကို လောင်တိုက်ပေါ်မှပင့်ဆောင်ကာ အရိုးပြာအိုးတွင် ထည့်သွင်းခြင်း အခမ်းအနားပြုလုပ်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် အရိုးပြာအိုးကို ဝါဆိုဆရာတော်ကြီး၏ တပည့် အဝေရာရာမ ရန်ကင်းကျောင်းဆရာတော်ကြီးက ဦးဆောင်ကာ တိုင်းဒေသကြီးဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ မန္တလေးမြို့တော်ဝန် နယ်မြေခံတပ်နယ်မှ အရာရှိကြီးများနှင့်အတူ အလှူ့ဒါယကာ၊ ဒါယိကာမများက ဒေါင်းယာဉ်ပျံပေါ်သို့ ပင့်ဆောင်ခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီခွဲတွင် အန္တိမစျာပနကျင်းပရာ ရွှေမန်းတောင်အားကစားကွင်းမှ အရိုးပြာများကို ဒေါင်းယာဉ်ပျံဖြင့် သတ်မှတ်လမ်းကြောင်းအတိုင်း ပင့်ဆောင်လာခဲ့ပြီး ၃၅ လမ်းနှင့် လမ်း ၉၀ တွင် ခေတ္တအပူဇော်ခံကာ ဂေါဝိန်ဆိပ်ကမ်းသို့ ပင့်ဆောင်ရောက်ရှိကြသည်။

ယင်းနောက် ရေကြောင်းမှပင့်ဆောင်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ ရေယာဉ်ကြီးများ၊ ကြီးကြပ်မှုကော်မတီ၊ ကုန်တင်ယာဉ်များ၊ လုပ်ငန်းရှင်များ အသင်းနှင့် အလှူရှင်များက ဆောင်ရွက်ကြပြီး ရေဆိပ်မှ မြတ်တော်ဝင်ရေယာဉ်၊ မြရတနာကျော်ရေယာဉ်၊ မန်းရွှေညွန့် သူရိန်ဝင်း၊ ဇင်ယော်စသည့် ရေယာဉ် ၁၁ စင်းတို့က ကရဝိက်ဖောင်တော်ကို ခြံရံလျက် မီးမျှောစက်လှေ ရှစ်စင်းတို့နှင့်အတူ မန္တလေး-မင်းကွန်းရေလမ်းကြောင်းအတိုင်း ဆန်တက်ကာ ပုသိမ်ကြီးမြို့နယ် ဆည်သာရွာအနီး ဧရာဝတီမြစ်အတွင်း ဆရာတော်ကြီး၏အရိုးဓာတ်ပြာရွှေအိုးကို တပည့်သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ဒါယကာ၊ ဒါယိကာမများ၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးအဖွဲ့ဝင်များနှင့် ဆွေတော်မျိုးတော်အပေါင်းတို့မှ သံဝေဂ သုံးဂါထာတော်ကို ရွတ်ဆိုပူဇော်၍ သာစုသုံးကြိမ် ခေါ်ဆိုပြီးသည်နှင့် တစ်ပြိုင်တည်း အရိုးပြာအိုးကို ပင့်ဆောင်ပြီး ဧရာဝတီမြစ်အတွင်းသို့ တပည့်ဆရာတော် သံဃာတော်များက ရေမျှောကြပြီးနောက် မီးရှူးမီးပန်းများဖြင့် ပူဇော်ခြင်း၊ မီးပုံးပျံများလွှတ်တင်ခြင်း၊ ဧရာဝတီမြစ်အတွင်း ဆီမီးမျှောခြင်းတို့ဖြင့် ပူဇော်ကြည်ညိုကန်တော့ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား

၂၀-၂-၂၀၁၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၀ | - ပြည်သူတို့ရဲ့စကားသံများ |
| ၈း၁၅ | - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၁၀ | - **ပင်လုံမြေရဲ့သမိုင်းသစ်** |
| ၉း၃၀ | - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ Messel Pit (Germany) |
| ၁၁း၀၀ | - ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်များ (ဓာတုဗေဒ) |
| ၁၁း၄၀ | - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီစဉ် |
| ၁၂း၃၀ | - ပြည်သူ့နီတိ |
| | **တစ်နေ့မှာ** (မေတ္တာ၊ ကေရီစိုးစံ၊ နွဲ့နွဲ့စမ်း) (ဒါရိုက်တာ -မိုးဇော်ကို) |
| ၁၃း၁၅ | - **တို့ကျေးရွာရဲ့ချစ်မိတ်ဆွေ** (ကျော်ကျော်၊ အံ့သစ်ကျော်၊ ထက်ထက်ဆုလှိုင်၊ သဲချစ်မြင့်မိုရ်) (ဒါရိုက်တာ-ချစ်စံဝင်း၊ အေးအေးဟန်) |
| ၁၄း၃၅ | - **ဘုံတလာရေတံခွန်** |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၀ | - ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်များ (ဓာတုဗေဒ) |
| ၁၇း၁၀ | - လူမှုစီးပွားမြင်ကွင်းများ |
| ၁၇း၃၅ | - Yes or No Talk Show |
| ၁၈း၃၅ | - **ဥပဒေရေးရာအဖြာဖြာ** ကျွန်တော်ရေးသားခဲ့သော ဥပဒေစာအုပ်များ (တရားဥပဒေအကြောင်း ထုံးဟောင်းသက်သေ) |
| ၁၉း၁၅ | - နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာနှင့်ကျိန်စာ** (အပိုင်း-၁၅) |
| ၁၉း၄၀ | - **ရှေးဟောင်းပျူမြို့ပြနိုင်ငံတော် ဟန်လင်းမြို့တော်** |
| ၂၀း၀၀ | - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - ၂၀၁၇ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေကြားဖြတ် ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက် **အမျိုးသားတိုးတက်ရေးပါတီ** |

# ကျေးရွာ ၁၀ရွာ အကျိုးပြု ကိုယ့်အားကိုယ်ကိုး မေတ္တာပေါင်းကူးတံတားဆောက်လုပ်နေ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၉**

မော်လမြိုင်ကျွန်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကပ်ခိုကျေးရွာအုပ်စုအတွင်း ကပ်ခိုနှင့် အပြင်ကပ်ခိုကျေးရွာတို့အား ဆက်သွယ်ထားသော ကိုယ့်အားကိုယ်ကိုး မေတ္တာပေါင်းကူးချောင်းကူးတံတားကို တံတားတည်ဆောက်ရေး ကော်မတီမှ ဖေဖော်ဝါရီ ၇ ရက်က မင်္ဂလာပန္နက်ရိုက်ပြီး စတင်ဆောက်လုပ်ခဲ့ရာ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက အောက်ခံ အမာခံကွန်ကရစ်တိုင်မကြီးများ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။



ယင်း မေတ္တာပေါင်းကူးတံတား ဆောက်လုပ်နိုင်ခြင်းကြောင့် ကပ်ခိုကျေးရွာအုပ်စုအတွင်းရှိ အတွင်းကပ်ခို၊ အပြင်ကပ်ခို၊ ညောင်ပင်ချောင်း၊ နှင်းဆီကုန်းနှင့်လွှစင်ချောင်းကျေးရွာနေ ဒေသခံပြည်သူများနှင့် ကပ်ခို-ညောင်ပင်သာ အထက်တန်းကျောင်း (ခွဲ)သို့ ကျောင်းတက်ကြမည့် ကျောင်းသား ကျောင်းသူ ၁၅၀ ကျော်တို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူတော့မည်ဖြစ်သည်။

အဆိုပါတံတားကို ကျေးရွာငါးရွာမှ ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၈၅ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်ရာ တံတားမှာ အရှည် ပေ ၆၀၊ အကျယ် ငါးပေနှင့် ရေလမ်းကင်းလွတ် အမြင့် ၁၃ ပေရှိပြီး အာရ်စီကွန်ကရစ်ချောင်းကူးတံတားဖြစ်သည်။ အဆိုပါတံတားမှာ မေလကုန်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ရာ တံတားပေါ်မှ ဖြတ်သန်းသွားလာကြမည့် မော်လမြိုင်ကျွန်း မြို့နယ် ကပ်ခိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာတို့မှာ တစ်ရွာနှင့်တစ်ရွာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေတော့မည်ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးများ၌ ဝန်ထမ်းသစ်များခန့်ထားရေး စာမေးပွဲကျင်းပ



**လွိုင်ကော် ဖေဖော်ဝါရီ ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးများတွင် တာဝန်ထမ်းဆောင်မည့် လက်ထောက်လဝကမှူး၊ အငယ်တန်းစာရေး/ ဒုလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးအဆင့် ဝန်ထမ်းလောင်းများ အင်္ဂလိပ်စာ၊ အရည်အချင်းစစ်စာမေးပွဲကို ယနေ့နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လွိုင်ကော်မြို့ ကယားပြည်နယ်သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းခိုင်နှင့် တာဝန်ရှိသူများက စာမေးပွဲဖြေဆိုမှုကို ကြီးကြပ်စစ်ဆေးခဲ့ပြီး ဖြေဆိုသူစုစုပေါင်း ၇၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# တနင်္သာရီ၌ မော်တော်ဆိုင်ကယ်ယာဉ်မောင်းများ လမ်းစည်းကမ်းလိုက်နာမှု အားနည်းလျက်ရှိနေသေး

**တနင်္သာရီ ဖေဖော်ဝါရီ ၁၉**

တနင်္သာရီမြို့နယ်အတွင်း သုခလမ်းနှင့် ကမ်းနားတစ်လျှောက်ကို တစ်လမ်းသွားစနစ်သတ်မှတ်၍ မည်သည့်ယာဉ်မျှ မဝင်ရဆိုင်းဘုတ်ကို မြင်သာအောင် စိုက်ထူထားကာ တစ်လတိတိ ပညာပေးခဲ့ပြီးဖြစ်သော်လည်း မော်တော်ဆိုင်ကယ်ယာဉ်မောင်း အများစုမှာ သတ်မှတ်ထားသည့် တစ်လမ်းသွားယာဉ်ကြောကို လမ်းစည်းကမ်း လိုက်နာခြင်းမရှိဘဲ လမ်းပြောင်းပြန်မောင်းနှင်လျက်ရှိနေသဖြင့် တစ်လမ်းသွားစနစ်ကိုလိုက်နာသည့် မော်တော်ဆိုင်ကယ်များနှင့် ခရီးသွားပြည်သူများအတွက် ယာဉ်အန္တရာယ် စိုးရိမ်ဖွယ်ရာများ နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်။

မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီအနေဖြင့်လည်း အကြိမ်ကြိမ်ရှောင်တခင်စစ်ဆေးဖမ်းဆီးအရေးယူမှုများ၊ ငွေဒဏ်ရိုက်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း အရေးယူသည့်အချိန်၌သာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာကြပြီး ဖမ်းဆီးအရေးယူမှုမပြုသောအခါ ယခင်အတိုင်းပင် စည်းကမ်းလိုက်နာခြင်း မရှိဘဲ မောင်းချင်သလိုမောင်းနှင်ပြီး ယာဉ်ကြောပြောင်းပြန် ရပ်ချင်သလို ရပ်နားနေကြရာ စည်းကမ်းလိုက်နာမှု အားနည်းနေသေးသည့် မော်တော်ဆိုင်ကယ်ယာဉ်မောင်း တစ်ဦးချင်းစီ စည်းကမ်းလိုက်နာ လာနိုင်ရေးအတွက် CCTV ဖြင့် မှတ်တမ်းတင်၍ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်သင့်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



# လူမမာနှင့်လူနာရှင် ဆရာဝန်နဲ့သူနာပြု

**အောင်ကိုသွင်**

မိမိ၏ဇနီးသည် ကျန်းမာရေးဝန်ထမ်းတစ်ဦးမို့ ဆေးရုံအသိုက်အဝန်းနဲ့ အများကြီးနီးစပ်ခဲ့တယ်။ ကိုယ်တိုင်လည်း လူနာအဖြစ်နဲ့ ကြုံခဲ့ဖူးသလို ယနေ့အချိန်မှာလည်း ဇနီးသည်က လူမမာမို့ ဒီအဝန်းဝိုင်းကို အတွင်းကလည်းသိမိ။ အပြင်ကလည်း ကြည့်မိ။ ဒီလိုနဲ့ ဒီနေ့ကြုံနေသမျှ ယနေ့ မြန်မာနိုင်ငံရေးနဲ့ ဆက်စပ်စဉ်းစားမိသမျှ...။

လူတစ်ဦး နေမကောင်းထိုင်မသာဖြစ်ပြီဆို လူနာနဲ့ လူနာရှင်တွေကလည်း ရောဂါဝေဒနာက သက်သာချင်ကြမယ်။ ဆရာဝန်၊ သူနာပြုတွေကလည်း လူမမာကို အမြန်ဆုံး သက်သာပျောက်ကင်းစေချင်ကြမယ်။ အားလုံးရဲ့ဦးတည်ရာ အားလုံးရဲ့ဆန္ဒဟာ တစ်ထပ်တည်းမကွဲပြား။ သို့ပေမယ့် ရှုမြင်ပုံ၊ ချဉ်းကပ်ပုံ၊ သုံးသပ်ဆုံးဖြတ်ပုံတွေက ကိုယ့်အတွေးထောင့်မှ ကိုယ်စီတွေးကြသည်မို့ ဒီနေရာမှာတော့ တူနိုင်ကြမယ်မထင်။ ဆန္ဒတွေတူ၊ ဦးတည်ရာတူကြပေမယ့် ချဉ်းကပ်ပုံမတူကြရုံမျှနဲ့ တစ်ဦးကိုတစ်ဦး အပြစ်မြင်ကြမှာလား။ အပြစ်တင်ကြမှာလား။

ဒီနေရာမှာ လူနာ၊ လူနာရှင်အပိုင်းနဲ့ ဆရာဝန်ကြီး သူနာပြုဆရာမကြီးတို့ဆိုပြီး နှစ်ပိုင်းခွဲကြည့်ဖို့ လိုမယ်ထင်ပါတယ်။ လူနာနဲ့လူနာရှင်တွေလိုအင်ကတော့ ရှင်းပါတယ်။ အချိန်တိုအတွင်း သက်သာချင်ကြတယ်။ အကောင်းဆုံးကုသမှုကိုလည်း လိုချင်ကြမယ်။ သို့ပေမယ့် လူနာနဲ့ လူနာရှင်အသီးသီးတို့သည် ပညာရေးအဆင့်အမျိုးမျိုးရှိနိုင်သလို ကျန်းမာရေးအသိအမြင်မှာလည်း အဆင့်အမျိုးမျိုး ရှိကြလိမ့်မယ်။ ဒီ ရေချိန်တွေပေါ်မူတည်ပြီး သူတို့တစ်တွေနဲ့ နားလည်လက်ခံမှု၊ ပူးပေါင်းပါဝင်မှု ကွဲပြားပေလိမ့်မယ်။ “အမေ ဘယ်လိုသိပ်သိပ် ကိုယ်အိပ်မှပျော်မယ်” ဆိုသလို လူနာသက်သာစေဖို့၊ ဝေဒနာပျောက်ကင်းစေဖို့ ဆရာဝန်ကြီး ဆရာမကြီးတွေရဲ့ညွှန်ကြားမှုတွေအပေါ် လူနာနဲ့ လူနာရှင်တွေက ယုံယုံကြည်ကြည် လိုက်နာကြဖို့အရေးပါလှပါတယ်။

တချို့သောအခြေအနေမှာ လူနာကိုယ်တိုင်က သူခံစားရသမျှ ဘာမှမပြောနိုင်၊ မဆိုနိုင်တဲ့ အခြေအနေနဲ့လည်း ကြုံဆုံနိုင်ပါတယ်။ ဒီအချိန်မှာ လူနာရှင်က သိပ်အရေးပါပါတယ်။ လူနာနဲ့ အနီးကပ်အမြဲရှိနေတဲ့သူတွေမို့ လူနာအခြေအနေခံစားရသမျှ သူတို့မှတစ်ဆင့် မှန်မှန်ကန်ကန် ပြောပြတတ်ဖို့ လိုအပ်လှပါတယ်။ လူနာရှင်ပြောသမျှအပေါ် ဆရာဝန် သူနာပြုတွေက သုံးသပ်ကြ ဆုံးဖြတ်ကြရမှာပါ။

ဆရာဝန်ကြီး၊ ဆရာမကြီးတွေအနေနဲ့လည်း ပညာရေး၊ ကျန်းမာရေးအသိ အမျိုးမျိုးသော လူနာနဲ့လူနာရှင်တွေကို နေ့တိုင်းကြုံကြရ၊ ဆုံကြရပါမယ်။ မြင့်သူ၊ နိမ့်သူ ခွဲခြားလို့မရ။ လူနာရှင်တွေဘက်ကသာ ဆရာဝန်ရွေးချယ်ပိုင်ခွင့်ရှိပြီး ဒီတာဝန်တွေကို ယူထားသူ ဆရာဝန် ဆရာမတွေအနေနဲ့ ရွေးချယ်ခွင့်မရှိ။ လာသမျှလူနာ လက်ခံကုသကြရပါတယ်။ ဆရာဝန်၊ ဆရာမတွေအနေနဲ့လည်း စွမ်းဆောင်ရည်၊ ကိုယ်ရည်ကိုယ်သွေး၊ စိတ်နေစိတ်ထားအမျိုးမျိုးရှိနိုင်ကြပါတယ်။ ဒီဘက်မှာလည်း မြင့်သူရှိ၊ နိမ့်သူရှိပါ။ မြင့်သူအများကြား နိမ့်သူအနည်းအပါးလည်း ရှိမှာပါပဲ။

> **“အမေ ဘယ်လိုသိပ်သိပ် ကိုယ်အိပ်မှပျော်မယ်” ဆိုသလို လူနာသက်သာစေဖို့၊ ဝေဒနာပျောက်ကင်းစေဖို့ ဆရာဝန်ကြီး ဆရာမကြီးတွေရဲ့ ညွှန်ကြားမှုတွေအပေါ် လူနာနဲ့ လူနာရှင်တွေက ယုံယုံကြည်ကြည်လိုက်နာကြဖို့ အရေးပါလှပါတယ်**

နောက်ပြဿနာတစ်ခုမှာ အကန့်အသတ်နဲ့ဦးစားပေးရွေးချယ်မှုပါ။ လူမမာ၊ လူနာရှင်တွေကိုယ်စီမှာ အကန့်အသတ်နဲ့ ဦးစားပေးမှု ကိုယ်စီရှိကြမှာဖြစ်သလို ဆရာဝန်တွေနဲ့ ဆရာမကြီးတွေဘက်မှာလည်း အကန့်အသတ်နဲ့ ဦးစားပေးမှု ကိုယ်စီရှိကြပါမယ်။ လူနာတွေဘက်မှာ များသောအားဖြင့်တော့ ငွေရေးကြေးရေး၊ မိသားစုအရေး၊ လူမှုရေးနဲ့ လူမမာကို ပြုစုဖို့ အချိန်ပေးရတာကြောင့် အလုပ်အကိုင်ပျက်ရခြင်းတို့ဖြစ်ကြပါတယ်။ ဆရာဝန်ကြီးတွေနဲ့ ဆရာမကြီးတွေဘက်မှာတော့ လူအင်အား၊ အထောက်အကူပစ္စည်း၊ ကျွမ်းကျင်မှုတို့က အဓိကကျတဲ့ အကန့်အသတ်တွေဖြစ်ပါမယ်။ အကန့်အသတ်တွေကြား ဦးစားပေးရွေးချယ်ရခြင်းသည်လည်း အငြင်းပွားစရာအများပါ။

ယနေ့ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပြည်သူတွေအကြား ဒီအချက်တွေပေါ်မူတည်ပြီး မပြေလည်မှု၊ မကျေလည်မှုတွေဖြစ်နေကြတာလို့ ကျွန်တော်မြင်မိပါတယ်။ မည်သို့ဆိုစေ လူနာရှင်နဲ့ ဆရာဝန်ကြီး၊ ဆရာမကြီးတွေအကြား တစ်ဖက်အခက်အခဲ၊ တစ်ဖက်ရဲ့အကန့်အသတ်ကို ကျန်တစ်ဖက်က နားလည်မှုပေးပြီး ပေါင်းစပ်လုပ်ကိုင်ကြမှသာ လူမမာ ရောဂါဝေဒနာမှ အမြန်သက်သာ ပျောက်ကင်းနိုင်မှာပါ။

ဒီလိုဆိုရင်ဖြင့် နာမကျန်းဖြစ်နေသော ကျွန်တော်တို့ ပြည်ထောင်စုကြီးကို လူနာရှင်ဖြစ်သော ကျွန်တော်တို့ပြည်သူတွေကလည်း ဖွံ့ဖြိုးစေချင်၊ တိုးတက်စေချင်။ ဆရာဝန်ကြီးနေရာက နိုင်ငံကိုဦးဆောင်နေကြတဲ့ အဆင့်အသီးသီးက အစိုးရအဖွဲ့ဝင်တွေ၊ ဆရာမကြီးနေရာက ဦးဆောင်သူညွှန်ရာ ဆောင်ရွက်ကြရမယ့် ပြည်သူ့ဝန်ထမ်းတွေကလည်း ဖွံ့ဖြိုးစေချင်၊ တိုးတက်စေချင်။ ဦးတည်ရာ၊ မျှော်မှန်းရာကဖြင့် ကွဲလွဲမည်မထင်။ ဒီနေရာမှာလည်း ဦးတည်ရာ၊ မျှော်မှန်းရာ တူကြသည်မို့ ချဉ်းကပ်ပုံမတူကြရုံဖြင့် တစ်ဦးအပေါ်တစ်ဦး အပြစ်မမြင်ကြစေချင်။ အပြစ်မတင်ကြစေချင်။

နောက်တစ်ခုက ဆရာဝန်ကြီးတွေကို လူနာက ရွေးချယ်ခွင့်ရှိသလို ယနေ့အချိန်မှာ ဦးဆောင်သူကို ကျွန်တော်တို့ပြည်သူတွေ ရွေးချယ်ခွင့်ရှိနေပါပြီ။ ရွေးချယ်ခွင့်မရှိချိန်မှာ ကျွန်တော်တို့ တာဝန်မရှိပေမယ့် ရွေးချယ်ခွင့်ရချိန်မှာတော့ ကျွန်တော်တို့ တာဝန်မရှိသော်ငြား တာဝန်မကင်းပါ။ ဒီလိုဆိုပါလျှင် ကျွန်တော်တို့ရွေးချယ်ထားတဲ့ ဦးဆောင်သူနောက် ကျွန်တော်တို့ ယုံယုံကြည်ကြည်လိုက်ပါကြဖို့ လိုပါမယ်။ အမေ သိပ်နေချိန် ကျွန်တော်တို့ကလည်း အိပ်ဖို့ကြိုးစားကြရန်လိုပါမယ်။

ဆရာဝန်ကြီး ဆရာမကြီးတွေဘက်မှာ မြင့်သူ နိမ့်သူရှိသလို အစိုးရအဖွဲ့ဝင်တွေ၊ ပြည်သူ့ဝန်ထမ်းတွေမှာလည်း စွမ်းဆောင်ရည် ကိုယ်ရည်ကိုယ်သွေး စိတ်နေစိတ်ထားတွေမှာ မြင့်သူပါ၊ နိမ့်သူလည်းပါကြမှာပါ။ ဘယ်သူက မြင့်တယ်၊ ဘယ်သူကနိမ့်တယ် ကျွန်တော်တို့ ပြည်သူတွေ မှန်မှန်ကန်ကန်အကဲခတ်နိုင်ကြရပါမယ်။ မှန်မှန်ကန်ကန်ရွေးချယ်နိုင်ကြရမယ်။ ပြောခွင့်ဆိုခွင့်လည်းရှိပြီမို့ မှန်မှန်ကန်ကန် ပြောဝံ့ဆိုဝံ့ရှိကြရမယ်။ ချေချေငံငံ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ဆွေးနွေးကြရပါမယ်။

နောက်အငြင်းပွားဖွယ်အဖြစ်ဆုံး အကန့်အသတ်တွေနဲ့ ဦးစားပေးမှုတွေကိုလည်း ညှိနှိုင်းခြင်း၊ စကားပြောခြင်းတွေနဲ့ အဖြေရှာလို့ရနိုင်ပါတယ်။ ကာလနဲ့လိုက်လျောညီထွေမဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေဟာ ယနေ့အချိန်အတွက် အငြင်းပွားဖွယ်အဖြစ်ဆုံးလို့ ထင်မြင်ပါတယ်။ သို့ပေမယ့် ဟိုတစ်ချိန်က ပြောဆိုခွင့်မရခဲ့ပေမယ့် ယနေ့ကာလမှာတော့ ပြောဆိုခွင့်ရနေချိန်ပါ။ စကားပြောဆို ညှိနှိုင်းကြရပြီဆိုကတည်းက ဘယ်ဘက်ကမှ အလိုဆန္ဒအပြည့်အဝရနိုင်မည်တော့မဟုတ်ပါ။ တဖက်ရဲ့ အကန့်အသတ်နဲ့ ဦးစားပေးမှုကို ကျန်တစ်ဖက်က မဖြစ်မနေထည့်သွင်းစဉ်းစားပေးရပါမယ်။ အားလုံးအတူတူရောက်ကြဖို့ဆိုပါလျှင် အားလုံးအတူတူလျှောက်ကြဖို့လိုပါမယ်။ လျှောက်သာသောလမ်း လျှောက်သင့်သောလမ်းကိုလည်း စကားပြောဆိုခြင်း၊ ညှိနှိုင်းခြင်းနည်းလမ်းတွေနဲ့သာ ရှာဖွေတွေ့နိုင်ပါလိမ့်မယ်။ နာမကျန်းဖြစ်နေတဲ့ လူတစ်ဦးကိုပင် ပြန်လည်ပျိုးထောင်ရသည်မှာ မလွယ်ကူလှလေတော့.... ယနေ့ကာလလို ကျွန်တော်တို့ အမိမြေကို ပြန်လည်ပျိုးထောင်နေကြချိန်မျိုးမှာ မျှော်လင့်ပြင်ဆင်ထားကြရမယ့် မဖြစ်မနေ ရင်ဆိုင်ဖြတ်ကျော်ကြရမယ့် အခက်အခဲ၊ အတားအဆီးအကန့်အသတ် အများအပြားရှိနေမှာပါ။

သို့ပေမယ့် ခင်ဗျာ-

လူမမာတစ်ဦးကို လူနာရှင်တွေရယ် ဆရာဝန်ကြီးတွေနဲ့ ဆရာမကြီးတွေက ဝိုင်းဝန်းပြီးပြုစုကြသလို ကျွန်တော်တို့ အမိမြေကို ပြည်ထောင်စုရဲ့ပြည်သူတွေရယ် အစိုးရနဲ့ပြည်သူ့ဝန်ထမ်းတွေက ဝိုင်းဝန်းပြီး ပျိုးထောင်ကြရင်ဖြင့် ........

ရွှေပြည်ကြီးဆီသို့ ဤခရီးမဝေးလှပါ .... ဟု ယုံကြည်မျှော်လင့်မိကြောင်းပါ ခင်ဗျ။

# ဇွဲကပင်တောင်ပေါ်မှ ခုန်ချသော နိုင်ငံခြားသားမှာ ပြင်သစ်နိုင်ငံသားဖြစ်

**ဘားအံ ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဇွဲကပင်တောင်ပေါ်မှ ဖေဖော်ဝါရီ ၁၇ ရက် ည ၇ နာရီခန့်က နိုင်ငံခြားသားတစ်ဦး ဇွဲကပင်တောင်၏ အမြင့်ဆုံးနေရာ ပေပေါင်း ၂၇၃၀ ကျော် မြင့်သည့် ဓမ္မစေတီနေရာအနီး၊ အများသုံးအိမ်သာခေါင်မိုးပေါ်တက်၍ အရှိန်ဖြင့် 1, 2, 3ဟု အော်ကာ ခုန်ချသဖြင့် သေဆုံးသွားခဲ့ကြောင်း၊ ပြင်သစ်နိုင်ငံသားဟု ထင်မြင်ယူဆကြောင်း မျက်မြင်တွေ့ရှိခဲ့သော နိုင်ငံခြားသားနှစ်ဦးထံမှ သိရသည်။

သတင်းဆက်အရ ယင်းရုပ်အလောင်းကို တောင်ခြေသို့ သယ်ဆောင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်အပြီး ည ၁၀ နာရီ မိနစ်၃၀ ခန့်မှစ၍ တောင်အောက်သို့ ခက်ခက်ခဲခဲ သယ်ဆောင်ခဲ့ရသည့်အတွက် ဖေဖော်ဝါရီ ၁၉ ရက်က နံနက် ၀၀ နာရီ မိနစ် ၅၀ ခန့်က ဇွဲကပင်တောင်ခြေ (တော်ပုံဘက်ခြမ်း)တွင်ရှိသော လုမ္ဗိနီဥယျာဉ်သို့ ရောက်ရှိခဲ့ပြီး ရဲဆေးစာဖြင့် အလောင်းကို မာယလူမှုကူညီရေးအသင်းမှ လူနာတင်ယာဉ်ဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။



နိုင်ငံခြားသား ခုန်ချသည့်နေရာအား အဝေးမှမြင်ရသည့်မြင်ကွင်း

ရုပ်အလောင်းကို အသေးစိတ်စစ်ဆေးခဲ့ရာ ID ကတ်တစ်ခုနှင့် ၁၇-၂-၁၇ ရက်စွဲပါ အင်ပါယာယာဉ်လိုင်း၏ ကားလက်မှတ်နှစ်ခု ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ID ကတ်ပါဓာတ်ပုံနှင့် သေဆုံးသူမျက်နှာ တူညီမှုရှိပြီး ID ကတ်အရ ပြင်သစ်နိုင်ငံသားဖြစ်၍ အမည်မှာ NORMANDIN ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ၁၇-၂-၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပဲခူးမှ အင်ပါယာမှန်လုံယာဉ်ဖြင့် လိုက်ပါလာ၍ ဘားအံထုံးအိုင်လမ်းမပေါ်ရှိ ရွှေဖားစည်ကားဂိတ်မှ ညနေ ၄ နာရီက ဆိုင်ကယ်ကယ်ရီဖြင့် ဇွဲကပင်ဆံတော်ရှင်စေတီသို့ သွားရောက်ခဲ့ကြောင်း ထုံးအိုင်ရဲစခန်းမှူးနှင့် အဖွဲ့၏ စုံစမ်းမှုများအရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁ နာရီခွဲတွင် ထုံးအိုင်နယ်မြေရဲစခန်း၌ သေမှုသေခင်း အမှတ်စဉ် ၁/၂၀၁၇ ဖြင့် ဖွင့်လှစ်ထားရှိပြီး သေဆုံးသူနှင့်ပါရှိလာသည့် ပတ်စပို့စာအုပ်၊ ပစ္စည်းအိတ်များအား ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းမှစတင်၍ ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။



ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ အဆိုပါ နိုင်ငံခြားသားသေဆုံးမှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာသံရုံး၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ကြည်လင်းက ပြောသည်။

ကရင်ပြည်နယ်၏ သမိုင်းဝင်ဇွဲကပင်ဆံတော်ရှင် တည်ထားကိုးကွယ်ရာ ဇွဲကပင်တောင်သည် မြန်မာနိုင်ငံ၌ ထင်ရှားကျော်ဇောပြီး ပြည်တွင်း ပြည်ပဘုရားဖူးဧည့်သည်များ၊ နိုင်ငံခြားခရီးသွားလေ့လာသူများ စိတ်ဝင်စားသည့် နေရာဖြစ်သကဲ့သို့ ဇွဲကပင်ကေဘယ်လ်စီမံကိန်း စတင်ဆောင်ရွက်ခြင်းကြောင့်လည်း ပြည်တွင်းပြည်ပဘုရားဖူးများနှင့် နိုင်ငံခြား ခရီးသွားဧည့်သည်များဖြင့် စဉ်ဆက်မပြတ် စည်ကားလျက်ရှိသည်။ ယခုဖြစ်ပွားသည့်နေရာ၌ ယခင်ကလည်း ဖြစ်ပွားခဲ့ဖူးကြောင်း ဒေသခံများထံမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်ညီညီမိုးက သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ထုံးအိုင်နယ်မြေရဲစခန်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ထွန်းထွန်းထွေး(ဘားအံ)**

# ဒလမြို့နယ်၌ ငြိမ်းချမ်းရေး ဂီတပွဲတော်ကျင်းပမည်

**ဒလ ဖေဖော်ဝါရီ ၁၉**

ကမ္ဘာကြီးနှင့် ကမ္ဘာသူ၊ ကမ္ဘာသားများ ငြိမ်းချမ်းစေရေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ ငြိမ်းချမ်းစေရေးကို ရည်ရွယ်၍ ဒလမြို့နယ်၌ ငြိမ်းချမ်းရေးဂီတပွဲတော် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်၌ ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ကမာကသွယ်ရပ်ကွက်ရှိ မဟာသုမနာရာမကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ပြီး ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပရေး ဦးဆောင်ကော်မတီနှင့် အထောက်အကူပြုဆပ်ကော်မတီများ ဖွဲ့စည်းခဲ့သည်။ ငြိမ်းချမ်းရေးဂီတပွဲတော်အား မတ် ၁၉ ရက်တွင် ဒလကားဝင်း၌ ညနေ ၅ နာရီမှ ည ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဒလမြို့နယ်၌ ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော်အား သက်ဆိုင်ရာဌာနများသို့ ခွင့်ပြုချက်ရယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များအား မိမိတို့လူငယ်များကလည်း တတ်နိုင်သည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ငြိမ်းချမ်းရေးဂီတပွဲတော်ပြုလုပ်ရန် စတင်ဆော်ဩသည့် လူငယ်တစ်ဦးက ပြောသည်။

**မောင်ယဉ်ဦး(ဒလ)**

# ဒုံးကျည်စမ်းသပ်မှုကို ပိုမိုလုပ်ဆောင်လာသည့်အတွက် အီရန်အား ပိတ်ဆို့မှုများပြုလုပ်ရန် ရီပတ်ဘလစ်ကန်အမတ်များပြင်ဆင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

ရီပတ်ဘလစ်ကန် လွှတ်တော်အမတ်များက အီရန်အားတိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုများ လုပ်ဆောင်ခြင်းဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်ခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသကို တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်ခဲ့သည်ဟုစွပ်စွဲကာ ပိတ်ဆို့မှုများ ထပ်မံပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း အမေရိကန် ဆီးနိတ်လွှတ်တော်အမတ်တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

နျူကလီးယားအစီအစဉ်၏ ပြင်ပ၌ အီရန်က လုပ်ဆောင်ခဲ့သည်များအတွက် ကွန်ဂရက်လွှတ်တော်အနေဖြင့် အီရန်အား တိုက်ရိုက်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် အချိန်ကျပြီဖြစ်ကြောင်း ဆီးနိတ်လွှတ်တော်အမတ် လင်ဆေးဂရေဟမ်က မြူးနစ်လုံခြုံရေးညီလာခံတွင် ပြောကြားခဲ့သည်။

အီရန်က ချိုးဖောက်ခဲ့သည့် အပြစ်များအတွက် မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို အီရန်က သိရှိအောင် ဂရေဟမ်နှင့်လွှတ်တော်အမတ်များက စီစဉ်လျက်ရှိကြောင်း သိရသည်။


အီရန်၏ ဒုံးကျည်စမ်းသပ်မှုကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့က အီရန်၏တော်လှန်ရေးအစောင့်တပ်ဖွဲ့များနှင့် ဆက်နွယ်နေသူများကို ပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးချိန်မှစတင်ကာ အီရန်နှင့်အမေရိကန်နိုင်ငံအကြားတွင် ဆက်ဆံရေး တင်းမာမှုများ မြင့်တက်လာခဲ့သည်။

အီရန်အပေါ် အမေရိကန်၏ လက်ရှိဆက်ဆံရေးကို ပြောင်းလဲစေလိုလျှင် အီရန်အနေဖြင့် ကုလသမဂ္ဂ၏ စည်းကမ်းများကို ဖောက်ဖျက်သည့် ဒုံးကျည်များ တည်ဆောက်ထုတ်လုပ် နေခြင်းနှင့် စမ်းသပ်ပစ်ခတ်နေခြင်းများကို ရပ်တန့်ပစ်ဖို့သာရှိကြောင်း ဂရေဟမ်က ပြောကြားခဲ့သည်။

**(ရိုက်တာ)**



# ကင်ဂျုံနမ်အားလုပ်ကြံသည်ဟု သံသယရှိသည့် မြောက်ကိုရီးယားနိုင်ငံသားလေးဦး မလေးရှားမှ ထွက်ပြေးတိမ်းရှောင်လျက်ရှိ



**ပြုံယမ်း ဖေဖော်ဝါရီ ၁၉**

မြောက်ကိုရီးယားခေါင်းဆောင် ကင်၏ အစ်ကိုဖြစ်သူ ကင်ဂျုံနမ်အား လေဆိပ်၌ လုပ်ကြံသတ်ဖြတ်ခဲ့သည်ဟု သံသယရှိသည့် ကိုရီးယားနိုင်ငံသားလေးဦးသည် ကွာလာလမ်ပူလေဆိပ်၌ ကင်ဂျုံနမ်အား အပြင်းစားအဆိပ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက်တွင် အဆိုပါနေ့၌ပင် မလေးရှားနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ကင်ဂျုံနမ်အား သေဆုံးမှုတွင် ပါဝင်ခဲ့သည့် မြောက်ကိုရီးယားနိုင်ငံသားတစ်ဦး၊ ဗီယက်နမ် အမျိုးသမီးတစ်ဦးနှင့် အင်ဒိုနီးရှားအမျိုးသမီးတစ်ဦးတို့ကိုလည်း ပြီးခဲ့သည့် တနင်္လာနေ့က ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

ထိုသို့ ဖမ်းဆီးထိန်းသိမ်းမှုသည် မလေးရှားနိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ကတောက်ကဆတ်ဖြစ်စေခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန် အာဏာပိုင်များက ကင်ဂျုံနမ်အား မြောက်ကိုရီးယား အေးဂျင့်များက သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

ကွာလာလမ်ပူရှိ မြောက်ကိုရီးယားသံအမတ်များကမူ အလောင်းအား ရင်ခွဲစစ်ဆေးမှုကို ကန့်ကွက်ရန် ကြိုးစားခဲ့ပြီး အလောင်းအား မြောက်ကိုရီးယားသို့ လွှဲပေးရန်တောင်း ဆိုခဲ့ကြသည်။

ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် မြောက်ကိုရီးယားနိုင်ငံသား လေးဦးသည် သာမန်နိုင်ငံကူးလက်မှတ်များကိုသာ ကိုင်ဆောင်ခဲ့ကြပြီး သံတမန်ရေးရာ နိုင်ငံကူးလက်မှတ်များ ကိုင်ဆောင်ထားခြင်းမရှိကြောင်း စုံစမ်းထောက်လှမ်းရေးအဖွဲ့ ဒုတိယအကြီးအကဲ နော်ရာရှစ်အီဘရာဟင်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဂျပန်နိုင်ငံ ချီဘာဒေသ၌ မြေလျှင်လှုပ်ခတ်

**တိုကျို ဖေဖော်ဝါရီ ၁၉**

ဂျပန်နိုင်ငံမြို့တော် တိုကျို၏အရှေ့ဘက်ရှိ ချီဘာဒေသတွင် တနင်္ဂနွေနေ့က ၅ ဒသမ ၄ ပြင်းအားရှိ မြေလျှင်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသအေဂျင်စီက ကြေညာသည်။

သို့သော် ငလျင်လှုပ်ခတ်မှု၏ နောက်ဆက်တွဲဖြစ်သည့် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။ ငလျင်သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၉ မိနစ်တွင် အဆိုပါဧရိယာတစ်ဝိုက်တွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။

တိုကျို၏ အချို့ဒေသများတွင် မြေလျှင်လှုပ်ခတ်သွားပြီးနောက် အထပ်မြင့်အဆောက်အအုံများမှာ ပြိုလဲကျတော့မည်ကဲ့သို့ ယိမ်းထိုးတုန်ခါသွားခဲ့သည်။

လတ်တလောတွင် မြေလျှင်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ သတင်းပေးပို့မှုများ မရှိသေးကြောင်းနှင့် နိုင်ငံအတွင်းရှိ နျူကလီးယားလုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ ပုံမှန်မဟုတ်သည့်အခြေအနေမှန်သမျှကို ဂျပန်နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့က စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန်အဆင်သင့်ဖြစ်ကြောင်း ဆီးရီးယားအတိုက်အခံအဖွဲ့ပြော

**အလက်ပို ဖေဖော်ဝါရီ ၁၉**

ဆီးရီးယားအတိုက်အခံအဖွဲ့အစည်းများအနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဂျီနီဗာ၌ ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်ရန် အသင့်ဖြစ်လျက်ရှိကြောင်း အကြီးတန်းအာဏာပိုင်တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုအတွင်း နိုင်ငံရေးအပြောင်းအလဲအတွက် နည်းလမ်းများကို ကြိုတင်ကြံဆထားရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆီးရီးယားအမျိုးသား မဟာမိတ်အဖွဲ့ အကြီးအကဲ အာနတ်စ်အယ်လ်အက်ဘဒတ်က ၎င်းတို့အနေဖြင့် ဂျီနီဗာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အပြည့်အဝပါဝင်ရန် ကတိပြုကြောင်း မြူးနစ် လုံခြုံရေးကွန်ဖရင့်၌ ကိုယ်စားလှယ်များအား ပြောကြားခဲ့သည်။ သမ္မတ အာဆတ်အာဏာကိုင်စွဲနေစဉ်အတွင်း သိမ်မွေ့နက်နဲသည့် လုံခြုံရေးခြိမ်းခြောက်မှုဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးနိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်အစိုးရသစ်သည် ဆီးရီးယားဘက်မှ ၎င်း၏ရပ်တည်နေမှုအပေါ်တွင် ရှုမြင်သုံးသပ်နေဆဲပင်ဖြစ်ကြောင်း အိုင်အက်စ်ဆန့်ကျင်သည့် မဟာမိတ်အဖွဲ့၏ အမေရိကန်သံအမတ် ဘရက်မက်ဂတ်က ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ထရန့်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာမူဝါဒကို တက္ကဆက်၌ လူများစွာ စုဝေးဆန္ဒပြ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်ပြည်ထောင်စု ဒါးလက်စ်မြို့တွင် လူပေါင်း ၁၇၀၀ ခန့်တို့သည် ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည်များဘက်မှ ရပ်တည်မှုကိုပြသသည့်အနေဖြင့် ချီတက်စုဝေးကာ ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

တက္ကဆက်ပြည်နယ်မြောက်ပိုင်းမြို့ဖြစ်သည့် ဒါးလက်စ်မှရဲများက ဆန္ဒပြလူအုပ်သည် ဒါးလက်စ်မြို့စွန်ရှိလမ်းများပေါ်တွင် ငြိမ်းချမ်းစွာ စုဝေးလျက်ချီတက်ဆန္ဒပြကြကြောင်း ပြောကြားခဲ့သည်။

ဆန္ဒပြ ချီတက်နေစဉ်အတွင်း လူအချို့သည် အမေရိကန်အလံများနှင့် ဆောင်ပုဒ်များကို ကိုင်ဆောင်လျက် ကြွေးကြော်မှုများ ပြုလုပ်ခဲ့ကြသည်။ ဘာသာရေးခေါင်းဆောင်အချို့နှင့် မြို့တွင်းရှိ ခေါင်းဆောင်များလည်း ထရန့်၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဆန့်ကျင်သည့် ဆန္ဒပြချီတက် မှုအတွင်း ပါဝင်ခဲ့ကြသည်။

တက္ကဆက်တောင်ပိုင်း ဆန်အန်တိုနီယိုမြို့တွင်လည်း ထရန့်၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ ပေါ်ပေါက်လျက်ရှိသည်။

အမေရိကန် ပြည်တွင်းလုံခြုံရေးဌာနသည် နိုင်ငံအတွင်း လာရောက်ခိုလှုံသူများအား ငွေးဆန်ကာ အခြားနိုင်ငံများထံသို့ နှင်ထုတ်ခြင်းကို အရှိန်မြှင့် လုပ်ဆောင်နိုင်ရေးအတွက် ရည်ရွယ်လျက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အေးဂျင့်များအား လမ်းညွှန်ချက်အသစ်များ ပေးနိုင်ရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**



# အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




ပြည်ထောင်စုဖွား၊ တိုင်းရင်းသားညီနောင်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ (နှဝ်ဆားအိုဝ်လူဝ်း)---

ကျွန်တော်ကတော့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်ဖြစ်ပါတယ်။

ကျွန်တော်တို့ အာခါတိုင်းရင်းသားတွေဟာ ရှမ်းပြည်နယ် သံလွင်အရှေ့ခြမ်း ဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိပြီး မိမိတို့ရဲ့ ဘာသာစကား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ဝတ်စားဆင်ယင်မှုတွေအပြင် ရိုးရာဘာသာတရားအမွေအနှစ်တွေ ကိုလည်း ယနေ့ထိတိုင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ထူးခြားတဲ့ လူမျိုးစု တစ်ခုဖြစ်ပါတယ်။

ရှမ်းပြည်နယ်အရှေ့ခြမ်းမှာ ရှမ်း၊ အာခါ၊ လားဟူနှင့် “ဝ” လူမျိုးတွေဟာ ညီရင်းအစ်ကိုပမာ အတူတကွ ချစ်ကြည်ရင်းနှီးစွာ စုစည်းနေထိုင်ကြတဲ့ လူမျိုးစုတွေ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

နိုင်ငံရေးပါတီအဖွဲ့အစည်းများက ပြည်သူလူထုနှင့် အနီးကပ်ဆုံး ထဲထဲဝင်ဝင်၊ ဝင်ရောက်ပြီး ပြည်သူလူထုရဲ့ အမှန်တကယ်လိုအပ်ချက်ကို သိရှိနိုင်သလို ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။

ထိုနည်းတူ မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်နိုင်ရန်နဲ့ အမျိုးသားရင်ကြားစေ့ရေးကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ အမျိုးသားရေး တန်းတူရေးနဲ့ ပြည်သူလူထုရဲ့အခွင့်အရေးတွေကို အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် လည်းကောင်း ကျွန်တော်တို့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ မိမိအခြေချရာဒေသအတွင်းရှိ ပြည်သူလူထုနှင့် အနီးကပ်ဝင်ရောက်ကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)တွင် ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံမယ့် **(ဒန်းပုံ)** အမှတ်လက္ခဏာပါတီဖြစ်ပြီး အဓိပ္ပာယ်မှာ စည်းလုံးခြင်းသည် အင်အားဖြစ်တယ်။ တစ်နည်းအားဖြင့်ဆိုရသော် တစ်ဦးချင်းစီ၌ရှိသော အရည်အချင်းတွေကို စုပေါင်း၍ ဒေသအကျိုးကို မြှင့်တင်သွားရန်နဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေရဲ့ တန်းတူညီမျှ အခွင့်အရေးကို ရရှိအောင် ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

ဒေသအတွင်းရှိ တိုင်းရင်းသားတွေရဲ့အခြေခံလိုအပ်ချက်တွေကို သိရှိနားလည်ပြီး ဆောင်ရွက်ပေးမှုအပိုင်းမှာ သက်ဆိုင်ရာဒေသခံကိုယ်စားလှယ်တွေက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ဒေသအကျိုးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပြီး တိုင်းရင်းသားတွေရဲ့တန်းတူညီမျှရေးနဲ့လူမျိုးစုငယ်တွေရဲ့အခွင့်အရေးကိုလည်း တိုင်းရင်းသားအချင်းချင်းက ဖော်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသား ၁၃၅ မျိုးအနက် တိုင်းရင်းသားလူမျိုးစုငယ်များ၏ အခြေခံကျတဲ့ လိုအပ်ချက်တွေ ဖော်ဆောင်နိုင်ရန်၊ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးကဏ္ဍတွင် ပြည်ထောင်စုပြည်နယ်နဲ့ ဒေသန္တရအဆင့် ပါဝင်နိုင်ရေးကို အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ရည်မှန်းပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ နိုင်ငံတော်၊ တပ်မတော်နဲ့ တိုင်းရင်းသား လူမျိုးစုတွေအားလုံး ယုံကြည်မှုတည်ဆောက်နိုင်မှသာလျှင် အောင်မြင်နိုင်မှာဖြစ်ပြီး လူမျိုးစု တစ်စုချင်းစီအလိုက် မတူကွဲပြားသော နိုင်ငံရေးမူဝါဒကို သိရှိနားလည် အလေးထားနိုင်မှသာလျှင် ယင်းလူမျိုးစု၏ ဂုဏ်ကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နိုင်ဖို့အတွက် ခေတ်မီတိုးတက်တဲ့ တပ်မတော်တစ်ရပ်တည်းသာ တည်ရှိရမှာဖြစ်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် တိုင်းရင်းသားတွေ ငြိမ်းချမ်းရေးရယူပြီး ယင်းငြိမ်းချမ်းရေးအစဉ်ထာဝရ တည်တံ့ခိုင်မြဲနိုင်ရန်အတွက် လည်းကောင်း၊ ပြင်ပရန်ကို ကာကွယ်နိုင်ရန်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ရန် လည်းကောင်း၊ DDR, SSR လုံခြုံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နိုင်မှသာ ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုတွေနဲ့အတူ ချစ်ကြည်ရင်းနှီးစွာ လက်တွဲပြီး စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးကို ဦးတည်၍ ပြည်သူလူထုရဲ့ အမှန်တကယ် လိုအပ်ချက်တွေကို အခြေခံစစ်တမ်းကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ မဟာဗျူဟာနဲ့ နည်းဗျူဟာတွေရေးဆွဲကာ လုပ်ငန်းစဉ်တွေ စနစ်တကျ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရေးအတွက် ပြည်သူလူထုနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူများနဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ရွေးချယ်ခံမယ့် ကိုယ်စားလှယ်လောင်းဟာ ဒေသအကျိုး အမှန်တကယ် သယ်ပိုးနိုင်မယ့် ဒေသခံပြည်သူထဲက ပြည်သူတစ်ဦးဖြစ်သလို အမျိုးဂုဏ်၊ ဒေသဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ပြည်သူလူထုနဲ့အတူ လက်တွဲဖော်ဆောင်သွားမှာဖြစ်တဲ့အတွက် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အမှတ်သင်္ကေတဖြစ်တဲ့ **(ဒန်းပုံ)**ကို ပါဝင်ထောက်ခံမဲပေးနိုင်ပါရန် မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ညီညွတ်ခြင်းဖြင့် တည်ဆောက်ကြ**

- မျိုးနွယ်စုကြား မခွဲခြား လက်တွဲမဖြုတ် ချိတ်ဆက်စို့
- ရှေ့သို့ လျှောက်လှမ်း မျှော်ရည်မှန်း
- မိဘဘိုးဘေးမှာစကား ရင်ဝယ်မကျ နားထောင်ကြ
- ဦးဆောင်ကြီးကဲယုံကြည်လျက် ညီညွတ်လိုက်ကြ ဒို့နွယ်များ
- တိုင်းရင်းချစ်ခင် လက်တွဲညီ ယုံကြည်စိတ်ထား ပီတိများ
- ဒေသဖွံ့ဖြိုး ဒို့မျှော်ကိုး စွမ်းအားကိုယ်စီ ကြိုးစားမည်။

---

# သတ်မှတ်စည်းကမ်းချက်နှင့် ကိုက်ညီသည့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား လိုင်စင်များထုတ်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ယခုနှစ် ဇန်နဝါရီလကုန်ထိ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသည့် ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များအား လိုင်စင်(ဃ)နှင့်(င)များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် လိုင်စင်(ဃ) ၆၈ ဆိုင်နှင့် လိုင်စင်(င) ၄၃၅ ဆိုင် စုစုပေါင်း ၅၀၃ ဆိုင်ကို လိုင်စင်ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါတိုင်းဒေသကြီးများအတွင်းရှိ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ထားခြင်းရှိ၊ မရှိစစ်ဆေးပြီး စည်းကမ်းချက်များနှင့် ကိုက်ညီပါက လိုင်စင်များထုတ်ပေးခြင်းနှင့် ကိုက်ညီမှုမရှိသည့်ဆိုင်များကို လိုအပ်သည့်အချက်များ ပြင်ဆင်နိုင်ရန်အတွက် မှာကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ရက်(၁၀၀)စီမံချက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ယာယီလိုင်စင်ထုတ်ပေးထားသော ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည် လက်လီအရောင်းဆိုင်များကို အမြဲတမ်း ၄ လိုင်စင်ထုတ်ပေးရန်အတွက် စစ်ဆေးရေး အဖွဲ့များဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ စတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် စစ်ဆေးရန်ကျန်ရှိသေးကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

---

# ငြိမ်းချမ်းရေးဖိုရမ် ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၉) ရန်ကုန်-မန္တလေးကားလမ်း ဘေးရှိ Oak Thar Kyaw Hotel တွင် ဖေဖော်ဝါရီ ၁၉ ရက်က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးဆွေးနွေးပွဲအား မြှင့်တင်ခြင်း ငြိမ်းချမ်းရေးဖိုရမ် စတင်ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေး၊ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆန်းဦးနှင့် တာဝန်ရှိသူများနှင့် ပြည်သူများ ၁၄၀ ကျော် တက်ရောက်ဆွေးနွေးကြကြောင်းနှင့် တက်ရောက်လာသူများ မေးမြန်းသောမေးခွန်းများကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ပဲခူး(သန့်စင်)**

---

**မီးဖိုမီး အသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

---

# ထိုင်းရောက် ပန်းရောင်ဘတ်ကတ်ကိုင် မြန်မာလုပ်သားများ သင်္ကြန်ကာလအတွင်း အထောက်အထားမဲ့ မြန်မာပြည်သို့ ရက်ပေါင်း ၂၀ ပြန်ခွင့်ရမည်

**ကော့သောင်း ဖေဖော်ဝါရီ ၁၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အလုပ်သမားဝန်ကြီးဌာန၌ ကျင်းပသည့် လေးနိုင်ငံအစည်းအဝေးဆုံးဖြတ်ချက်အရ ထိုင်းနိုင်ငံတစ်ဝန်း ပန်းရောင်ဘတ်ကတ်ကိုင်ဆောင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာ၊ ကမ္ဘောဒီးယား ၊ လာအို သုံးနိုင်ငံရွှေ့ပြောင်းအလုပ်သမားများအားလုံး လာမည့် ဧပြီ ၁၀ ရက်မှ ၃၀ ရက်အထိ ပန်းရောင်ဘတ်ကတ်နှင့် ပူးတွဲပါ စာရွက်စာတမ်းများမှလွဲ၍ မည်သည့်အထောက်အထားမှ ထုတ်ယူရန်မလိုဘဲ လုပ်ငန်းရှင်က ခွင့်ပြုပါက ရက်ပေါင်း ၂၀ မိမိနိုင်ငံသို့ ပြန်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ပုံမှန်အတိုင်းဆိုလျှင် ပန်းရောင်ဘတ်ကတ်ကိုင်သူများ မြန်မာပြည်ပြန်လိုပါက မြန်မာသံရုံးထောက်ခံစာ၊ လုပ်ငန်းရှင်ခွင့်ပြုကြောင်း ထောက်ခံစာ၊ သက်ဆိုင်ရာမြို့နယ်အလုပ်သမားရုံးထောက်ခံစာ သုံးမျိုးစုံမှ ပြန်ခွင့်ပြုကြောင်း၊ ယခုနှစ် သင်္ကြန်ကာလအတွင်း အထူးအခွင့်အရေးအနေဖြင့် မြန်မာလုပ်သားများ အဆင်ပြေလွယ်ကူစွာ အိမ်ပြန်ခွင့်ရနိုင်စေရန် မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း၊ အပြီးသတ်ခွင့်ပြုချက်အမိန့်အား ထိုင်းဘက်မှ ဧပြီလအတွင်း တရားဝင်ကြေညာပေးမည်ဖြစ်ကြောင်း၊ အထူးသတိပြုရမည်မှာ မိမိပြန်သည့် နယ်စပ်လမ်းကြောင်းကသာ ထိုင်းသို့ပြန်လည်ဝင်ရောက်ရမည်ဖြစ်ပြီး အောက်လမ်းမှမသွားဘဲ နှစ်နိုင်ငံသတ်မှတ်ထားသော နယ်စပ်ဂိတ်ပေါက်ချစ်ကြည်ရေးတံတားများကသာ ဖြတ်သန်းသွားလာရမည်ဖြစ်ကြောင်း မြန်မာလုပ်သားများ အဆင်ပြေစွာ သင်္ကြန်အိမ်ပြန်ခွင့်ရနိုင်ရန် ဦးဆောင်ကြိုးစားပေးနေသူ မြန်မာသံရုံးအလုပ်သမား သံအရာရှိ ဦးမိုးအောင်ခိုင်၏ပြောကြားချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ရဲသွေးနီနဲ့ ထွန်းလွင်မိုး အောင်မြေမန္တလာ၌ တစ်ကျော့ပြန် ဆုံတွေ့မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**
မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး အောင်သမာဓိ စိန်ရွှေရတနာဆိုင်က အဓိကကူညီပံ့ပိုးကာ ပြည်တွင်း၊ ပြည်ပ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို စီစဉ်ကျင်းပနေသော ကိုဒဿ ဦးစီးကျင်းပသည့် မျိုးဆက်သစ်လက်ဝှေ့ကျော် ရဲသွေးနီနှင့် ထွန်းလွင်မိုးတို့ မကျေပွဲ တစ်ကျော့ပြန်နွှဲမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို အထက်မြန်မာပြည် အောင်မြေမန္တလာ အားကစားပြိုင်ပွဲရုံ၌ လာမည့် မတ် ၂ ရက် ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

တက်သစ်စ မျိုးဆက်သစ် လက်ဝှေ့ကျော်များထဲတွင် ရိုးရာလက်ဝှေ့ချစ်ပြည်သူများရင်ထဲ စွဲကျန်ရစ်စေသည့် ရဲသွေးနီနှင့် ထွန်းလွင်မိုး တွဲဆိုင်းသည် ယခင်နှစ်ကလည်း အထက်မြန်မာပြည် မန္တလေးမြို့၏ အောင်မြေမန္တလာ အားကစားရုံ၌ တွေ့ဆုံရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ တစ်ဦးနှင့်တစ်ဦး အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့် ပြီးဆုံးခဲ့သော်လည်း တိုက်စစ်အားသန်သော ရဲသွေးနီက အစီးသရေဖြင့် ပြီးဆုံးခဲ့သည်။ ယခု ဒီမောင်နှစ်ဦးတွေ့ဆုံမှုသည် အထက်မြန်မာပြည် ရိုးရာလက်ဝှေ့ချစ်ပြည်သူများ၏ ပြန်လည်တောင်းဆိုမှုကို ဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူထံမှ သိရသည်။

"အခုမတ်လ ၂ ရက်နေ့ညမှာ ကျင်းပမယ့် ရဲသွေးနီနဲ့ ထွန်းလွင်မိုး ပွဲကတော့ အရင်နှစ်တွေ့ဆုံမှုထက် ပိုပြီးကြည့်ကောင်းမယ်လို့ ပြောရပါတယ်။ ဒီမောင်နှစ်ဦးဟာ မျိုးဆက်သစ်ထဲမှာ သူမတူအောင် ထင်ပေါ်ကျော်ကြားလာတဲ့ လက်ဝှေ့ကျော်နှစ်ဦးဖြစ်သလို အသည်းမာမာ၊ ဇွဲပါပါနဲ့ ယှဉ်ပြိုင်ထိုးသတ်ပြီး တိုက်စစ်အားသန်တဲ့ လက်ဝှေ့ကျော်နှစ်ဦးဆိုတာ အားလုံးအသိပါပဲ။ ပွဲကြည့်ပရိသတ်တွေ တောင်းဆိုသလို ကြည့်ကောင်းမယ်ထင်လို့ ကျွန်တော် ဒီတွဲဆိုင်းကို ပြိုင်ပွဲမှာ အဓိကတွဲဆိုင်းအဖြစ်ထားခဲ့တာ။ ဒီပြိုင်ပွဲမှာ တွဲဆိုင်းအားလုံးပေါင်းခုနစ်ဆိုင်း ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်" ဟု ပွဲစီစဉ်သူကိုဒဿက ပြောသည်။

မန္တလေးမြို့ အောင်မြေမန္တလာ အားကစားပြိုင်ပွဲရုံ၌ မတ် ၂ ရက် ညနေ ၆ နာရီတွင် ကျင်းပမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၌ အထူးတွဲဆိုင်းအဖြစ် ရဲသွေးနီ (တောင်ကလေး) နှင့် ထွန်းလွင်မိုး (နဂါးမာန်)၊ ဗထူးမောင် (ရတနာပုံ)နှင့် ကျားဘဟိန်း(ဝင်းထွန်း)၊ စိုးမောင်ဦး(ရတနာပုံ)နှင့် သက်ကို (မြွေပွေး)၊ စိုးမိုးအောင်(တောင်ကလေး) နှင့် ဗျူဂွ(ကျားဖြူ)၊ လင်းထက်အောင် (တောင်ကလေး)နှင့် သိန်းနိုင်ထွန်း (ယူနိုက်တက်)၊ 5K (ကျားဖြူ)နှင့် အောင်ကျော်(စဉ့်ကိုင်)၊ ဇင်ကို(မြွေပွေး) နှင့် အောင်လင်းယုန်(ရတနာပုံ) တို့ပါဝင်ကာ စုစုပေါင်းတွဲဆိုင်းခုနစ်ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယခုကျင်းပမည့်ပြိုင်ပွဲကို ရိုးရာလက်ဝှေ့ချစ်ပြည်သူများ ကြိုတင်လက်မှတ် မှာယူလိုပါက ဖုန်း-၀၉-၂၀၀၅၁၁၀၊ ၀၉- ၄၃၀၇၃၀၉၆ ကီးမားတင်ဝင်းသို့ မှာယူနိုင်ပြီး ရုံဝင်ကြေးမှာ အထူးတန်း ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းငွေကျပ် ၇၀၀၀ နှုန်းတို့ဖြင့် သတ်မှတ် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**




ရဲသွေးနီ (တောင်ကလေး)

ထွန်းလွင်မိုး (နဂါးမာန်)

# မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့စည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**
မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်) ၌ ကျင်းပခဲ့သည်။



အစည်းအဝေးတွင် ဂုဏ်ထူးဆောင်နာယက မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ် (ငြိမ်း) ဦးရဲမြင့်ဖေ၊ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် သတင်းထောက်မှူး ဦးမောင်မောင်မြင့်ဆွေတို့က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ အသင်းအတွင်းရေးမှူး ဦးတင်ဝင်းလေးက နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားပြီး ဘဏ္ဍာရေးမှူး ဦးအောင်သန်းက ငွေစာရင်းရှင်းတမ်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးမျိုးမင်းသိန်းက စာရင်းစစ် အစီရင်ခံစာ ဖတ်ကြားခဲ့ပြီး သန်လျင်မြို့နယ်မှ အလှူရှင်များက ငွေကျပ်ရှစ်သိန်းခွဲကို လှူဒါန်းခဲ့ရာ ဥက္ကဋ္ဌက လက်ခံယူခဲ့သည်။

အလှူငွေရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း (သန်လျင်)နှင့် မှတ်တမ်း တင်ဓာတ်ပုံရိုက်ကူးပေးသော အမှုဆောင် ဦးဇော်ဝင်းမြင့်တို့အား ဥက္ကဋ္ဌက ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပင်လယ်ကမ်းစပ်ဒေသများ သဘာဝဘေး လျှော့ချရေးသင်တန်းပို့ချ

**ဖျာပုံ ဖေဖော်ဝါရီ ၁၉**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ သဘာဝဘေးထိခိုက်နိုင်ခြေများသည့် ပင်လယ်ကမ်းစပ်ဒေသများတွင် သဘာဝဘေးအရေးပေါ်ကျရောက်လာပါက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်လျှော့ချရင်ဆိုင်နိုင်ရေးအတွက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒေသခံစေတနာ့ဝန်ထမ်းလူငယ်များအား ဖေဖော်ဝါရီ ၁၅ ရက်မှ မှ ၁၇ ရက်အထိ ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ၌ သဘာဝဘေးလျော့ပါးရေးသင်တန်းများ ပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့သည့် အဆိုပါသင်တန်းတွင် "ဒီဒေသဟာ သဘာဝဘေးအန္တရာယ် ထိခိုက်နိုင်ခြေများတဲ့ ဒေသတစ်ခုထဲမှာပါနေတယ်။ အရေးပေါ်အခြေအနေကျရောက်လာခဲ့ရင် လတ်တလော မိမိဒေသက လူငယ်တွေကပဲ လျင်မြန်စွာ တုံ့ပြန်ရင်ဆိုင်တတ်ဖို့နဲ့ သဘာဝဘေးကိုလည်း ကြိုတင်ကာကွယ်နိုင်မယ့် နည်းလမ်းတွေ ဆွေးနွေးသင်ကြားပေးပါတယ်။ မုန်တိုင်းသင်္ကေတနဲ့ သရုပ်ပြလေ့ကျင့်တာကို လက်တွေ့လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်"ဟု ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးစိုးလှိုင်က ပြောသည်။

"ကျွန်တော်တို့ရွာက ပင်လယ်ဝမှာတည်ရှိပြီး ရေကာတာကလည်းမရှိတဲ့အတွက် ဘေးအန္တရာယ်ကို ပိုပြီးစိုးရိမ်ရတယ်။ ဒီလိုဒေသမှာလာပြီး အရေးပေါ်သုံးအထောက်အကူပစ္စည်းတွေ ၊ အသိပညာပေးလက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးတဲ့အပြင် သဘာဝဘေးအန္တရာယ်ကြိုတင်သတိပေးချက် DAN Application နဲ့ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတွေကို လျင်မြန်စွာ ကောက်ယူနိုင်တဲ့ Kobo Collect Application တွေအကြောင်းကိုပါ လက်တွေ့ရှင်းလင်းမိတ်ဆက်ပေးခဲ့လို့ ကျွန်တော်တို့ဒေသအတွက် အများကြီး အထောက်အကူဖြစ်ရပါတယ်"ဟု ဒေသခံ ဦးမြင့်အုန်းက ပြောသည်။

ဖျာပုံခရိုင်သည် ပင်လယ်နှင့်နီးသည့် မြစ်ဝကျွန်းပေါ်ဒေသလည်း ဖြစ်ပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသတစ်ခုလည်း ဖြစ်ပေရာ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက သဘာဝဘေး ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို အဆက်မပြတ် ကြိုတင်စီမံလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# သန်လျင်-ရန်ကုန်ပြေးဆွဲသည့် YBS ၁၁ ယာဉ်လိုင်းနှင့်ပတ်သက်၍ ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**
သန်လျင်-ရန်ကုန်ပြေးဆွဲလျက်ရှိသည် YBS ၁၁ ယာဉ်လိုင်းနှင့်ပတ်သက်၍ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များက ၎င်းတို့၏ အခက်အခဲများ တင်ပြညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၃ နာရီက သန်လျင်မြို့ ကျိုက်ဗောဓိ အရှေ့ကျောင်းရှိ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



ရှေးဦးစွာ ယာဉ်ပိုင်ရှင်များက တန်ဖိုးသင့်ရာဖြတ်မည့်ကိစ္စ၊ ရရှိဝင်ငွေနှင့် လုံလောက်မှုမရှိ၍ အခက်အခဲဖြစ်ပေါ်နေမှု၊ မှတ်တိုင်ကန့်သတ်မှုအခက်အခဲ စသည့်ကိစ္စများအား တင်ပြကြရာ သန်လျင်မြို့နယ် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက စနစ်တစ်ခုမှ တစ်ခုသို့ကူးပြောင်းသည့်နေရာတွင် အခက်အခဲများရှိနိုင်ကြောင်း၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအနေဖြင့် ခရီးသွားပြည်သူများ စိတ်ကျေနပ်မှုရရှိစေရန် ဝန်ဆောင်မှုပေးရန်လိုကြောင်း၊ ယခုတင်ပြသည့် အခက်အခဲများကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။
**သန်းဝင်း(သန်လျင်)**

# ထိုင်းတွင်ဖမ်းဆီးခံခဲ့ရသည့် မြန်မာအလုပ်သမား ၂၀ အား လွှဲပြောင်းလက်ခံ

ထိုင်းနိုင်ငံ ချင်းမိုင်နှင့် လန်းပန်းဒေသများတွင် ပန်းရန်အလုပ်နှင့် ကျပန်းအလုပ်များလုပ်ကိုင်နေကြသည့် ပလောင်တိုင်းရင်းသားအများစုပါဝင်သည့် မြန်မာနိုင်ငံသားများအား ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်မှုဖြင့် ထိုင်းအာဏာပိုင်များက ဖမ်းဆီးအရေးယူပြီးနောက် ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၂) တွင် လာရောက်လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ လာရောက်လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား အမျိုးသမီးခြောက်ဦး၊ အမျိုးသား ၁၄ ဦးနှင့် ၎င်းတို့၏ ရင်သွေးငယ်ဆယ်ဦးတို့အား တာချီလိတ်မြို့ရှိ တာဝန်ရှိသူများကစနစ်တကျ လွှဲပြောင်းလက်ခံကြကာ လိုအပ်သည့် စိစစ်မှုများကို ဆောင်ရွက်ပြီး CNCMC ကော်မတီ၏စီစဉ်ပေးမှုဖြင့် ဗယ်လင်တိုင်းကဖေးမိသားစုက နေ့လယ်စာဖြင့် ကျွေးမွေးဒါနပြုသည်။

ရှမ်းပြည်နယ် နမ့်စန်- မိုင်းနောင်- မိုးနဲဒေသများမှ ထိုင်းနိုင်ငံသွားရောက်ပြီး ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေသည့် အဆိုပါရွှေ့ပြောင်းလုပ်သားများအား နေရပ်ဒေသအသီးသီးသို့ ပြန်နိုင်ရေးအတွက် တာချီလိတ်မြို့ရှိ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။
**မောင်ယဉ်ကျေး**




ထိုင်းမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမားများကို တွေ့ရစဉ်

# ဓာတ်ခဲမှ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်

**မုဒုံ ဖေဖော်ဝါရီ ၁၉**

မွန်ပြည်နယ် မုဒုံမြို့မြို့မ(၁)ရပ်ကွက် မင်းတန်းရပ် ဗိုလ်ချုပ်လမ်း အမှတ်(၁၆၄) နေ ဦးတင်ထွန်း၏ မိုးကောင်းကင်ပစ္စည်း အရောင်းဆိုင်နေအိမ် အနောက်ဘက်ရှိ အုတ်ကာသွပ်မိုးပစ္စည်းဂိုဒေါင်အတွင်း၌ ဖေဖော်ဝါရီ ၁၉ ရက် မွန်းတည့် ၁၂ နာရီက အသံနှင့် မီးရောင်စုံများထွက်ရှိသော ကလေးထိုင်ကွင်းလှည်း ဓာတ်ခဲမှတစ်ဆင့် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် မီးညွန့်ကျိုးခဲ့ပြီး မွန်းလွဲ ၁၂ နာရီ ၁၅မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**မင်းထက်(မုဒုံ)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း လိုင်စင်မဲ့တရားမဝင် ကုန်တင်အငှားယာဉ် ၃၁စီး ဖမ်းဆီးအရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်း ပြေးဆွဲနေသော ကုန်တင်အငှားယာဉ် (ဂါလီ)များအား သက်ဆိုင်ရာမှ အဖွဲ့စုံဖြင့် ဖေဖော်ဝါရီ ၁၆ ရက်က လိုက်လံစစ်ဆေးခဲ့ရာ လိုင်စင်မဲ့ တရားမဝင်ကုန်တင်အငှားယာဉ် ၃၁ စီးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူး ဦးစီးသော ဝန်ထမ်းများ၊ အငှားယာဉ် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များက ပူးပေါင်းစစ်ဆေးခြင်းဖြစ်ပြီး ဖမ်းဆီးရမိသော အငှားယာဉ်ကုန်တင် ဂါလီများကို မရမ်းကုန်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း သက်ဆိုင်ရာမှ စီမံချက်ဖြင့် ဥပဒေနှင့်မညီသော လုပ်ငန်းများ ရှင်းလင်းဖယ်ရှားခြင်း၊ ယာဉ်ပိတ်ဆို့မှုလျော့ပါးရေး ဆောင်ရွက်ခြင်းများကို ဇန်နဝါရီ ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့သည်။ အငှားယာဉ် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့က ယင်းသို့ လိုင်စင်မဲ့တရားမဝင် ဂါလီယာဉ်များ ပြေးဆွဲမှုတွေ့ရှိလျှင် ပြန်လည်ပေးမည်မဟုတ်ဘဲ အပြီး သိမ်းဆည်းမည်ဖြစ်ကြောင်း အသိပေး ဝန်ခံကတိလက်မှတ်ရေးထိုး ပညာပေး ပြန်လွှတ်ခဲ့ကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှု ကြုံတွေ့ရသည့် နေ့ရက်များတွင် လက်တွန်းလှည်း၊ ကုန်တင်စက်ဘီး၊ ကုန်တင်အငှားယာဉ်၊ ဆိုက်ကား၊ ယာဉ်အချို့သည် ယာဉ်များအကြား တိုးဝင်သွားလာနေကြသည်ကို မြင်တွေ့ရသဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရပြီး အဆမတန် ဝန်တင်ဆောင်သော လက်တွန်းလှည်းအချို့၊ ထော်လာဂျီ ယာဉ်အချို့ကြောင့်လည်း အထူး သတိထား မောင်းနှင်ရမှုများရှိကြောင်း ကုန်တင်ယာဉ်မောင်းအချို့က ပြောသည်။

**ခင်ဆိုင်**

# နတ်မောက်မြို့၌ ယာဉ်တစ်စီးတိမ်းမှောက် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**နတ်မောက် ဖေဖော်ဝါရီ ၁၉**

နတ်မောက်မြို့နယ်၌ ဖေဖော်ဝါရီ ၁၉ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ဒုရဲအုပ် စောသက်လွင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နတ်မောက်မြို့နယ် ကပေါင်းကုန်းကြီးကျေးရွာ၌ တရားစခန်းပွဲကျင်းပရန်ရောက်ရှိနေသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံတောင်မြို့နယ် မင်္ဂလာသိဒ္ဓိကျောင်းတိုက်နေ ဦးဇဝန(ခ)ဦးရွှေမန်း ခန်းနေဆရာတော်သည် 3C/------ ယာဉ်(ယာဉ်လိုင်စင်စိစစ်ဆဲ)ပေါ်၌ ကပေါင်းကုန်းကြီးကျေးရွာနေ ဦးသောင်းကြည်(၆၁ နှစ်)နှင့် အောင်သိန်းဝင်း (၂၆ နှစ်)တို့အား တင်ဆောင်လျက် ကပေါင်းကုန်းကြီးရွာ မြေသားလမ်းမှ နတ်မောက်မြို့သို့ မောင်းနှင်လာရာ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် ကပေါင်းကုန်းကြီးကျေးရွာနှင့် ကုလားရှင်ရွာကြား ကုန်းတက်ထိပ်အရောက်တွင် မော်တော်ယာဉ်မှာ တိမ်းမှောက်သွားသဖြင့် ဦးဇဝန(ခ)ဦးရွှေမန်းတွင် ဒဏ်ရာရရှိကာ အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးသွားခဲ့သည်။ ဦးသောင်းကြည်တွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိ၍ မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အား မဆင်မခြင် မောင်းနှင်သူ ဆရာတော် ဦးဇဝန(ခ)ဦးရွှေမန်းအား နတ်မောက်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နတ်မောက်သား**

# ကားနှင့်သုံးဘီးဆိုင်ကယ်တိုက်မိ၊ နှစ်ဦးသေ၊ ငါးဦးဒဏ်ရာရ



**သုဝဏ္ဏဝတီ ဖေဖော်ဝါရီ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် အထက်လေသာ ဘုန်းတော်ကြီးကျောင်းရှေ့ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်၌ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်က ကားနှင့် သုံးဘီးဆိုင်ကယ်တိုက်မိပြီး နှစ်ဦးသေ၊ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ ကုန်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်မောင်း အမည် နေရပ်လိပ်စာ(စုံစမ်းဆဲ) မောင်းနှင်လာသည့် ယာဉ်သည် ရှေ့မှ ရုတ်တရက် ရပ်တန့်လိုက်သော ယာဉ်မောင်း ဦးကျော်ကျော်ထွန်း မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်အား အနောက်မှ တိုက်မိရာ သုံးဘီးဆိုင်ကယ်မှာ လမ်းမပေါ်၌ တိမ်းမှောက်သွားပြီး ဟိုင်းလတ်ယာဉ်မှာ လမ်း၏ ညာဘက်ခြမ်းရှိ ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

သုံးဘီးဆိုင်ကယ်ပေါ်၌ လိုက်ပါလာသည့် ဒဏ်ရာရရှိသူများအား သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသစဉ် ဒေါ်အေးအေးခိုင်နှင့် ဒေါ်တင်တင်သည် သေဆုံးသွားပြီး ကျန် ဒဏ်ရာရရှိသူ ငါးဦး (မစိုးရိမ်ရ)မှာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်နယ်မြေရဲစခန်းမှ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း အမည်မသိ နေရပ်လိပ်စာ(စုံစမ်းဆဲ)အား အမြန်ဆုံးဖမ်းဆီးရမိရန် ဆောင်ရွက်လျက်ရှိပြီး သုံးဘီးဆိုင်ကယ်မောင်းနှင်သူ ဦးကျော်ကျော်ထွန်းအား အမှုဖွင့်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# တရားမဝင် တင်ဆောင်လာသည့် ကျွဲ ၂၁ ကောင် ဖမ်းဆီးရမိ

**ကသာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် အင်းရွာနယ်မြေရဲစခန်းအပိုင်၌ ဖေဖော်ဝါရီ ၁၈ ရက်က တရားမဝင်တင်ဆောင်လာသည့် ကျွဲ ၂၁ ကောင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာမြို့နယ် အင်းရွာနယ်မြေရဲစခန်းမှူး ရဲအုပ် ဝင်းမြိုင်နှင့်အဖွဲ့သည် တရားမဝင် မှောင်ခိုကျွဲများ တင်ဆောင်လာကြောင်း သတင်းအရ ရဲစခန်း၏ အရှေ့ဘက် ၂၂ မိုင်ခန့် ဘုရားတောင်ကျေးရွာအနောက်ဘက်တောစပ် တစ်မိုင်ခန့်သို့ သွားရောက်စောင့်ဆိုင်းနေကြစဉ် လူငါးဦးနှင့်အတူ ကျွဲ ၂၁ ကောင်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ခိုင်လုံသော အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသည့်အပြင် ကျွဲများကို ကောလင်းမြို့နယ် ဆင်ကုန်းရွာမှ တင်ဆောင်မောင်းနှင်ခဲ့ပြီး ကချင်ပြည်နယ် မံစီကြီးမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းချရန်ဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

တရားမဝင်ကျွဲများအား တင်ဆောင်မောင်းနှင်လာသူ မောင်လွင်၊ ဝေယံဖြိုး၊ ချစ်စမ်းမောင်၊ ဝင်းနိုင်နှင့် မျိုးသီဟတို့ငါးဦးအား အင်းရွာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်က နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၈၀/၄)၌ သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာဘက်မှ နောင်ချိုမြို့ဘက်သို့ လှမိုး မောင်းနှင်ပြီး မောင်သိန်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ၎င်းတို့နှစ်ဦးကြားရှိ ဆောင်းဘောက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားလမ်း နားဖကျေးရွာအဝင်၌ လီဂွင်းလျံ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀နှင့် ဘိန်းဖြူ ၁၁၀ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




# ခရီးသည် ၄၀ ပါ ယာဉ်တိမ်းမှောက်

**မြိုင် ဖေဖော်ဝါရီ ၁၉**

ပုသိမ်-မုံရွာ အဝေးပြေးကားလမ်းမပေါ်၌ ဖေဖော်ဝါရီ ၁၉ ရက်က ခရီးသည် ၄၀ ပါ ယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ပေါက်-မြိုင်-မူဆယ်ခရီးစဉ် ယောရှမ်းမြေယာဉ်လိုင်းမှ ယာဉ်မောင်း အောင်မင်းထွန်း ခရီးသည် ၄၀ ပါ ယာဉ်သည် မြိုင်မြို့အနီး မိုင်တိုင်အမှတ် ၄၀၉/၃နှင့် ၄၀၉/၂အကြား၌ ရှေ့ဘီးပေါက်၍ အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ အမျိုးသားသုံးဦး၊ အမျိုးသမီးငါးဦးတို့ ထိခိုက်ဒဏ်ရာရရှိသောကြောင့် နိဗ္ဗာန်ရွှေပြည်လူမှုရေးယာဉ်များဖြင့် မြိုင်ပြည်သူ့ဆေးရုံသို့တင်ပို့ကုသခဲ့ရပြီး ယာဉ်တိမ်းမှောက်မှုကြောင့် မြိုင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**


**အမည်ပြောင်း**

ဦးအောင်အောင် ၁၄/ခနဖ(နိုင်)၀၈၃၀၇၆၏သား၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့၊ အထက(မင်းလှ) ဆဌမတန်း(A)မှ မောင်မြတ်မင်းပိုင်အား မောင်မြတ်မင်းဟု ပြောင်းလဲခေါ်ပါရန်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် 6K/1985 Mazda Bongo SK 82T, P/U(4x2)® ယာဉ်လက်ဝယ်ရှိသူ Daw San San Ngwe ၁၂/ဥကမ(နိုင်) ၀၈၂၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း**

ယာဉ်အမှတ် 9D/3078 Toyota Mark II Gx110, S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးထွဋ် ၁၂/ပဇတ(နိုင်)၀၀၂၁၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သုခမြိုင်အိမ်ရာ၊ တိုက်၂၊ အခန်း ၀၀၃၊ မြေညီထပ်ဟုခေါ်တွင်သောအကျယ်အဝန်း ပေ(၂၃×၃၅)တိုက်ခန်း၊ တိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသောရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီးလွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့် ဒေါ်နန်းအေးချမ်းမြေ့အောင် ၁၃/ကလန(နိုင်)၀၇၆၅၂၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ငါးရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင်အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်အေး B.A(Law),LL.B,LL.M**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၆၇)**

**အမှတ်၁၆(က)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၃၀၆၅၄၆၅၊ ၀၉-၇၉၂၂၂၇၆၂**

**နှိုးဆော်ဖိတ်ကြားလွှာ**

ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သက်ကြီးသဘင် ပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲနှင့် သဘင်သီချင်း ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးမှ ကြီးမှူးကာ ကျင်းပပြုလုပ် မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်ရှိ သဘင် မိခင်၊ ဖခင် ဘိုးဘွားများ၊ သဘင်အဖွဲ့များ၊ သဘင်အနုပညာရှင်များ၊ သဘင်လူကူအဖွဲ့များ၊ သဘင်အနုပညာကို ချစ်မြတ်နိုးသူများနှင့် အလှူရှင်များအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကြွရောက်ချီးမြှင့်နိုင်ကြပါရန် ဖိတ်မန္တက ပြုအပ်ပါသည်။

**နေ့ရက်** - ၂၂-၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)
**နေရာ** - အမျိုးသားဇာတ်ရုံ (ရန်ကုန်)
**အချိန်** - ညနေ ၄ နာရီ မှ ၆ နာရီ
(ညစာဖြင့် တည်ခင်းဧည့်ခံပါမည်။)

ည ၇ နာရီတွင် အကောင်းဆုံး သဘင်သီချင်း (၅)ပုဒ် ဖျော်ဖြေမှုနှင့် သဘင်အနုပညာရှင်များ၏ ဖျော်ဖြေမှုများ တင်ဆက်မည်ဖြစ်ပြီး အကောင်းဆုံး သဘင်သီချင်းအား ကြေညာ၍ ဆုချီးမြှင့်ပါမည်။

**မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)**

# ကျွန်တော်နဲ့အစည်းအဝေးများ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

နေရာတိုင်းလိုလိုမှာ အစည်းအဝေးတွေ ကျင်းပနေတာ တွေ့ရတယ်။ စီးပွားရေးလုပ်ငန်းများမှာ လည်းကောင်း၊ အစိုးရဌာနများမှာ လည်းကောင်း၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှာလည်းကောင်း အစည်းအဝေးတွေ လုပ်နေကြတယ်။ မေးလိုက်ရင် အစည်းအဝေးတက်နေလို့၊ အစည်းအဝေးမပြီးသေးလို့၊ အစည်းအဝေးရှိလို့ဆိုပြီး အဖြေပေးနေကြတယ်။ ကျွန်တော်က ကတ်သီးကတ်သပ်စဉ်းစားတတ်တာမို့ လုပ်တဲ့အစည်းအဝေးတွေ တကယ်ရော လိုရဲ့လား။ အစည်းအဝေးတွေ မလုပ်ဘဲ အလုပ်တွေ လုပ်လို့မရဘူးလား စတဲ့ သာမန်အားဖြင့် မမေးတဲ့ မေးခွန်းတွေကို မေးမိတယ်။ ကိုယ်ကိုယ်တိုင်လည်း မကင်းပါဘူး။ အစည်းအဝေးတွေ နေ့တိုင်းလိုလို တက်နေရတာ။ ဒါကြောင့်လည်း အစည်းအဝေးနဲ့ ပတ်သက်လာရင် ပိုပြီး စိတ်ဝင်စားမိတာ။

ဒီဆောင်းပါးဖတ်တဲ့သူကို ကျွန်တော်မေးချင်ပါတယ်။ တစ်ပတ်မှာ အစည်းအဝေး ဘယ်နှစ်ကြိမ်လောက်တက်ပြီး အချိန်ဘယ်လောက် ကုန်ခဲ့သလဲ။ ကျွန်တော်ထင်တာကတော့ အနည်းဆုံး တစ်ပတ်အလုပ်ချိန် နာရီ ၄၀ အနက် တစ်ဝက်ကျော်ကျော်လောက်ဟာ အစည်းအဝေးတွေမှာ ကုန်ခဲ့တာ။ ဒါကြောင့် အစည်းအဝေးနဲ့ ပတ်သက်လာရင် မလုပ်ခင်၊ လုပ်နေစဉ်နဲ့ လုပ်ပြီးချိန်မှာ ဘာတွေစဉ်းစားပြီး ဘယ်လိုဆောင်ရွက်သင့်တာကို တင်ပြချင်ပါတယ်။

အစည်းအဝေးမတိုင်မီ စဉ်းစားချက်က အရေးအကြီးဆုံးကိစ္စဖြစ်တယ်။ အရင်ဆုံးစဉ်းစားရမယ့်ကိစ္စက အစည်းအဝေးလုပ်ဖို့ လိုမလိုကို အရင်ဆုံး သုံးသပ်ဖို့ လိုအပ်တယ်။ အစည်းအဝေးမလုပ်ဘဲ တခြားနည်းနဲ့ လိုချင်တဲ့ရည်မှန်းချက်ကို ရအောင်လုပ်နိုင် မလုပ်နိုင်ကို စဉ်းစားသင့်တယ်။ အစည်းအဝေးလုပ်ရင် ဘယ်လောက်အရေးကြီးသလဲဆိုတာကို စဉ်းစားရမယ်။ ဘာကြောင့်အစည်းအဝေးလုပ်သလဲ။ တကယ်တော့ အစည်းအဝေးမှာ အဆုံးအဖြတ်တွေပေးဖို့လိုပြီး တက်ရောက်လိုသူများရဲ့သဘောထားတွေ တောင်းခံရင် လုပ်သင့်တယ်။ ဒီလိုမဟုတ်ဘဲ အစည်းအဝေးထဲမှာ အသိပေးသက်သက်ဆိုရင်တော့ လူတွေမှာ အစည်းအဝေးမထိုင်ဘဲ ပုံစံအမျိုးမျိုးနဲ့ ဖြန့်ဝေနိုင်မှာ ဖြစ်တယ်။ အခုဆိုရင် အီးမေးလ်တွေ ရှိနေတာမို့ အသိပေးတဲ့ကိစ္စ၊ အကြောင်းကြားတဲ့ကိစ္စကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်တယ်။ အစည်းအဝေးကို မဖြစ်မနေလုပ်မှ ရမယ်လို့စဉ်းစားဆုံးဖြတ်ရင် အစည်းအဝေးရဲ့အစီအစဉ်၊ အစည်းအဝေးမှာ စဉ်းစားဆုံးဖြတ်ရတဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး စာရွက် စာတမ်း အထောက်အထား နောက်ခံအချက်တွေကို ကြိုတင်ဝေငှဖို့ အရေးကြီးလှတယ်။ အစည်းအဝေး အစီအစဉ်မရှိဘဲ အစည်းအဝေးကို ခေါ်နေကြတာ တွေ့ရတယ်။ ကြိုတင်ပြီး ပြင်ဆင်လေ့လာခွင့်မရဘဲ အစည်းအဝေးမှာမှ ရတဲ့ သတင်းအချက်အလက်ကို အခြေခံပြီး ဆွေးနွေးကြတာကိုလည်း တွေ့ရတယ်။ အစည်းအဝေးရဲ့ ရက်နေရာအချိန်ကိုလည်း ကြိုတင်ပြီး အသိပေးဖို့ လိုအပ်တယ်။ အရေးပေါ်အစည်းအဝေးတွေခေါ်တာကို နားလည်တယ်။ လက်ခံတယ်။ ဒါပေမယ့် အမြဲတမ်းအရေးပေါ်နေလို့တော့ မရဘူး။ ကြိုတင်ပြင်ဆင်ချိန်မရရင် အစည်းအဝေးရဲ့ ရည်ရွယ်ချက် အောင်မြင်မှာ မဟုတ်ဘူး။ ကျွန်တော့်အနေနဲ့ကတော့ အစည်းအဝေးနဲ့ ပတ်သက်တဲ့ ကာလသုံးပါးမှာ အစည်းအဝေး မကျင်းပမီ ပြင်ဆင်ရတယ်။ အဆင့်ဆင့်လုပ်ရတဲ့ အရာတွေက အရေးအကြီးဆုံးဖြစ်တယ်လို့ ထင်တယ်။ သပ်သပ်ရပ်ရပ် ကြိုတင်ပြင်ဆင်ထားတဲ့ အစည်းအဝေးတစ်ခုဟာ မုချမလွဲ အောင်မြင်တဲ့ အစည်းအဝေးတစ်ရပ်ဖြစ်မှာ သေချာပါတယ်။ အစည်းအဝေးကျင်းပစဉ် ပြုလုပ်ဆောင်ရွက်တာကိုလည်း ဂရုစိုက်ဖို့ လိုအပ်တယ်။

အစည်းအဝေး စတင်မယ့်အချိန်ကို ကြိုတင်အသိပေးပြီးသားဖြစ်တာမို့ သတ်မှတ်ချိန်မှာ စဖို့အဓိက ဖြစ်တယ်။ ဒီစည်းကမ်းကို ချိုး ဖောက်နေတာ အမြဲတွေ့ရတယ်။ ၁၀ နာရီမှာစဖို့ စီစဉ်ထားတဲ့အစည်းအဝေးကို ၁၀ နာရီမှာ မစနိုင်ကြဘူး။ ရန်ကုန်မြို့မှာဆို ယာဉ်ကျပ်တဲ့အကြောင်းပြချက်နဲ့ အစည်းအဝေးတွေ နောက်ကျတယ်။ "လူစုံမှ စကြတာပေ့ါ" ဆိုတဲ့စကားကို ကျွန်တော်က လက်မခံဘူး။ ၁၀ နာရီ မှာအစည်းအဝေးစမယ်လို့ သိထားတာမို့ ၁၀ နာရီမှာ ရောက်ကိုရောက်ရမယ်။ တကယ်တော့ ၁၀ နာရီထိုးတာနဲ့ သဘာပတိလုပ်မယ့်သူက အစည်းအဝေးကို စရမှာဖြစ်တယ်။ ခက်တာက အားနာတယ်ဆိုတဲ့ ပြဿနာ၊ ရာထူးကြီးတဲ့သူတွေ အချိန်မီမရောက်တဲ့ ပြဿနာ၊ လူမစုံတဲ့ပြဿနာ၊ ဒါတွေကို သည်းခံနေလို့ မဖြစ်ဘူး။ အမှန်တော့ အလေ့အကျင့်ပဲတို့အဖွဲ့အစည်းမှာ အစည်းအဝေးကိုအချိန်သတ်မှတ်ထားတဲ့အတိုင်း စတာကိုလုပ်ဆောင်ရင် ထုံးစံဖြစ်ပြီး နောက်ကျမှာ မဟုတ်ဘူး။ အမှန်တော့ အစည်းအဝေးမစမီ အနည်းဆုံး ၁၅ မိနစ်စောစော ရောက်အောင်စီစဉ်ရမယ်။ ဒါက စည်းကမ်း။ လူမစုံလို့ အစည်းအဝေးအချိန်မီ မစနိုင်ရင် အချိန်မီလာတဲ့သူတွေကို စော်ကားတာဖြစ်တယ်ဆိုတာ သတိပြုဖို့လိုအပ်တယ်။ အလေးထားရမယ်။ သတ်မှတ်ချိန်အတိုင်း အစည်းအဝေးစဖို့ လိုသလို ကြိုတင်ဝေငှထားတဲ့ အစီအစဉ်အတိုင်း

**တချို့ အဖွဲ့အစည်းတွေမှာ အချိန်ကို ထိန်းတဲ့သူတစ်ယောက်ကို သတ်မှတ်ထားတဲ့သူက အချိန်စေ့ပြီလို့ သတိပေးပြီး နောက်အစီအစဉ်ကို သွားဖို့ တိုက်တွန်းရမယ်။ ကျွန်တော့်ရဲ့ အတွေ့အကြုံအရ အချိန်စီမံမှု အလွန်အားနည်းတယ်။ အစီအစဉ်ကို ကြိုတင်ဝေငှထားပေမယ့် အချိန်ကို မလေးစားကြဘူး။ ဒါကြောင့်လည်း အစည်းအဝေးတွေဟာ မကြာသင့်ဘဲ ကြန့်ကြာနေခဲ့တယ်**

စနစ်တကျ အစည်းအဝေးကို ကျင်းပဖို့ လိုအပ်တယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုနဲ့ ပြဿနာရှိတယ်။ အစည်းအဝေးသဘာပတိဘယ်သူလုပ်မလဲဆိုတဲ့ မေးခွန်းကို ဘယ်သူမှ မမေးကြဘူး။ မေးခွန်းတောင်ထုတ်စရာ မလိုပါဘူး။ သဘာပတိဆိုတာ ဥက္ကဋ္ဌက လုပ်ရတာ။ ဌာနအကြီးအကဲက လုပ်ရတာ။ ထုံးစံက ဒီလိုဖြစ်နေတယ်။ အမှန်တော့ ပုံမှန်အစည်းအဝေးတွေမှာ အလှည့်ကျ သဘာပတိတွေ မရှိသင့်ဘူးလား။ ဘာကြောင့် ဥက္ကဋ္ဌကပဲ သဘာပတိလုပ်ရမလဲ။ ဥက္ကဋ္ဌ၊ ဌာန အကြီးအကဲ ပြောစရာရှိတာကို ပြောခွင့်ရှိပါတယ်။ သဘာပတိအနေနဲ့ မဟုတ်ဘဲ အစည်းအဝေးတက်သူ တစ်ဦးအနေနဲ့ ပါဝင်ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။ အစည်းအဝေးမှာ အစီအစဉ် ငါးခုရှိရင် နဂိုကတည်းက အစီအစဉ်တစ်ခုစီအတွက် အချိန်ဘယ်လောက် သတ်မှတ်ထားသလဲ။ သတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်း အချိန်အသုံးချမှုကို သတိပြုရမယ်။ တချို့အဖွဲ့အစည်းတွေမှာ အချိန်ကို ထိန်းတဲ့သူတစ်ယောက်ကို သတ်မှတ်ထားတဲ့သူက အချိန်စေ့ပြီလို့ သတိပေးပြီး နောက်အစီအစဉ်ကို သွားဖို့ တိုက်တွန်းရမယ်။ ကျွန်တော့်ရဲ့အတွေ့အကြုံအရ အချိန်စီမံမှု အလွန်အားနည်းတယ်။ အစီအစဉ်ကို ကြိုတင်ဝေငှထားပေမယ့် အချိန်ကို မလေးစားကြဘူး။ ဒါကြောင့်လည်း အစည်းအဝေးတွေဟာ မကြာသင့်ဘဲ ကြန့်ကြာနေခဲ့တယ်။ အစည်းအဝေးကျင်းပတဲ့အချိန်မှာ တက်ရောက်သူတွေ အားလုံးက အာရုံအပြည့်နဲ့ ပါဝင်ဆွေးနွေးဖို့လိုတယ်။ အခုတော့ ကိုယ့်ခုံအရှေ့မှာ

ကွန်ပျူတာကိုထားပြီး အစည်းအဝေးအပေါ် အာရုံမရှိဘဲ ကိုယ့်အလုပ်ကို အစည်းအဝေးအတွင်းမှာ လုပ်နေကြတာ။ တချို့ဆိုရင်လည်း လက်ကိုင်တယ်လီဖုန်းတွေ ကြည့်ပြီး လူမှုရေးကွန်ရက်မှာ အချိန်ဖြုန်းနေကြတယ်။ မိမိစားပွဲအရှေ့မှာ ချထားတဲ့ ကွန်ပျူတာကို အစည်းအဝေးအတွက် အသုံးပြုရမှာ ဖြစ်ပါတယ်။

အစည်းအဝေးကျင်းပစဉ် စိတ်ညစ်စရာ အကောင်းဆုံးက တင်ပြချက်တွေ ဖြစ်တယ်။ ခေတ်မီတဲ့ အဖွဲ့အစည်းတိုင်းမှာ ကွန်ပျူတာကိုသုံးပြီး တင်ပြချက်တွေ ပြင်ဆင်ကြတယ်။ ဒါပေမယ့် တင်ပြမှုနဲ့ပတ်သက်ပြီး စနစ်တကျလေ့ကျင့်မှုမရှိ၊ ပြင်ဆင်မှုမရှိတာမို့ အားမရ ဖြစ်ရတယ်။ တင်ပြချက်တွေမှာ အနှစ်သာရမပါဘဲ အကြောင်းအချက်တွေနဲ့ ဖုံးကွယ်ထားတယ်။ အရေးကြီးတဲ့ အာရုံစိုက်ရမယ့်အချက်တွေကို တင်ပြနိုင်စွမ်း မရှိကြဘူး။ ကွန်ပျူတာသုံးစွဲမှုနဲ့ပတ်သက်ရင် လူမမြင်နိုင်တဲ့ စကားလုံးသေးသေးတွေသုံး။ စာစီစာကုံးပုံစံနဲ့ ဖော်ပြ။ ဒါတွေဟာ ဆင်ခြင်ရမယ့်အရာတွေဖြစ်တယ်။ အခုတော့ အစည်းအဝေးတက်ရောက်သူတွေကို ဒုက္ခပေးသလိုဖြစ်နေတဲ့ စောစောက ကျွန်တော် တင်ပြသလို အစည်းအဝေးတစ်ခုဟာ တက်ရောက်သူတွေရဲ့ သဘောထားရယူပြီး အဆုံးအဖြတ်ပေးတဲ့ အစည်းအဝေးဖြစ်သင့်တယ်။ အဆုံးအဖြတ်ပေးဖို့ ဘယ်ပုံ၊ ဘယ်နည်းနဲ့ ကျင့်သုံးမယ်ဆိုတာကို သိဖို့လိုအပ်တယ်။ မဲခွဲပြီး ဆုံးဖြတ်မလား။ ဗီတိုအာဏာနဲ့ ဆုံးဖြတ်မလား။ ဒါတွေကို ကြိုတင်မစဉ်းစားထားရင်လဲ အဆုံးအဖြတ်ရဖို့ ခက်တယ်။ အစည်းအဝေးကျင်းပတဲ့အချိန်ကို ကြိုတင်သတ်မှတ်ထား ပြီးတာမို့ သတ်မှတ်ထားတဲ့အတိုင်း ပြီးအောင်စီစဉ်ဖို့လိုအပ်တယ်။ လူရဲ့အာရုံဟာ နှစ်နာရီကျော်ရင် ပျက်ပြားလာတာသာဖြစ်တယ်။ ၂ နာရီကျော်တဲ့ အစည်းအဝေးတွေကို မစီစဉ်သင့်ဘူး။ စီးပွားရေးသဘောအရ အစည်းအဝေးတစ်ခုဟာ ထိရောက်ဖို့ လိုအပ်တယ်။ အဓိပ္ပာယ်က အစည်းအဝေးရဲ့ရည်ရွယ်ချက်တွေကို အောင်မြင်အထမြောက်အောင် ကြိုးစားရမယ်။ တစ်ဖက်က ထိရောက်သလို တစ်ဖက်ကလည်း စွမ်းဆောင်ရည်ပြည့်ရမယ်။ အဓိပ္ပာယ်က အချိန်အသုံးချမှုကို ဂရုပြုရမယ်။ ကျွန်တော့် အတွေ့အကြုံအရ စွမ်းဆောင်ရည်ရှိဖို့ မတ်တတ်ရပ်ပြီး အစည်းအဝေးတွေ ကျင်းပခဲ့ဖူးတယ်။ မတ်တတ်ရပ်တာမို့ သိပ်အကြာကြီး မရပ်နိုင်ဘဲ အစည်းအဝေးကို အချိန်တိုတိုနဲ့ အောင်အောင်မြင်မြင် ပြီးမြောက်သွားနိုင်မှာ ဖြစ်တယ်။ အစည်းအဝေးမပြီးခင် လုပ်ခဲ့တဲ့အစည်းအဝေးမှာ ဘာတွေ ဆုံးဖြတ်ခဲ့တယ်၊ ဘာတွေဆွေးနွေးခဲ့တယ်၊ ဘယ်သူတွေက ဘာတွေဆက်လုပ်ဖို့ သဘောတူကြသလဲဆိုတာတွေကို ပြန်လည်သုံးသပ်ပြီး အစည်းအဝေးက မထွက်ခွာမီ အားလုံးက တူညီတဲ့ နားလည်မှုတွေရအောင် လုပ်ရမှာသာ ဖြစ်တယ်။

အစည်းအဝေးပြီးသွားချိန် အစည်းအဝေးနောက်ပိုင်းဟာလည်း အလွန်အရေးကြီးတယ်။ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုအရ ပွဲမပြီးစီးသေးဘဲ အစည်းအဝေးပြီးတဲ့အချိန် အာရုံတွေ မရှိကြတော့ဘဲ နောက်အစည်းအဝေးလုပ်ဖို့သာ စဉ်းစားနေကြတယ်။ အစည်းအဝေးဆုံးဖြတ်ချက်တွေကြောင့် လုပ်စရာကိုင်စရာတွေကို သပ်သပ်ရပ်ရပ် ဆက်လက်ဆောင်ရွက်ဖို့ သိပ်အရေးကြီးလှတယ်။

တချို့လုပ်ငန်းတွေမှာ တစ်နေကုန် အစည်းအဝေးတွေ လုပ်နေကြတာတွေ့ရတယ်။ အစည်းအဝေးတစ်ခုပြီး တစ်ခုတက်ကာ အစည်းအဝေးလုပ်စားနေကြတယ်။ အခုလို အစည်းအဝေးတက်ရတာကို ညည်းတွားနေကြပေမယ့် မသိစိတ်က အခုလိုတက်ရတာကို ဂုဏ်ယူနေတယ်။ ကျေနပ်နေတယ်။ အစည်းအဝေး တက်ခွင့်ရတာကို အခွင့်အရေးတစ်ရပ်အနေနဲ့မြင်နေကြတယ်။ အစည်းအဝေးကို အဖိတ်မခံရရင် ခံစားနေကြတယ်။ လူရာမဝင်တော့ဘူးလို့ မြင်နေကြတယ်။ လူကြီးလုပ်တဲ့ သူတွေကလည်း အစည်းအဝေးလုပ်ပြီး အာဏာပြနေကြပြန်တယ်။ ကိုယ်ဘယ်လောက်တော်တယ်။ ဘယ်လောက်တတ်တယ်ဆိုတာကို ပြချင်တဲ့ ဆန္ဒက စောနေပြန်တယ်။ အမှန်တော့ အစည်းအဝေးဆိုတာ တစ်ဦးတစ်ယောက်တည်းမစဉ်းစားဘဲ အမြင်မတူ အယူအဆမတူတဲ့သူတွေရဲ့ အကြံတွေစုစည်းပြီး အကောင်းဆုံး အဆုံးအဖြတ်ကို ရနိုင်ဖို့ ကြိုးစားရမှာ ဖြစ်တယ်။ ကျွန်တော့်တင်ပြချက်တွေဟာ လက်တွေ့မကျဘူး။ အခုလို အမြဲတမ်းမလုပ်နိုင်ဘူးလို့ ဆင်ခြေပေးကြလိမ့်မယ်။ လုပ်ရမယ်လို့ မပြောလိုပါဘူး။ စဉ်းစားဖို့သာ ပြောတာဖြစ်တယ်။ စီးပွားရေးပညာကို သင်ကြားခွင့်ရတဲ့အခါ အကျိုးအရှိဆုံး အယူအဆတစ်ခုက အခွင့်အလမ်းစရိတ်ဆိုတာ ဖြစ်တယ်။ ကုန်ကျစရိတ်ကို တွက်ချက်စဉ်းစားရာမှာ အိတ်ကထုတ်လိုက်တဲ့ ငွေကြေးပမာဏနဲ့ တိုင်းလေ့ရှိတယ်။ လက်ဖက်ရည်တစ်ခွက်ရဲ့ စရိတ်လို့ပြောရင် လက်ဖက်ရည်တစ်ခွက်အတွက် ဆိုင်ရှင်ကို ပေးလိုက်တဲ့ငွေကြေးလို့ပဲ ထင်မှတ်တယ်။ စီးပွားရေးပညာက ဒီလို မစဉ်းစားဘဲ လက်ဖက်ရည်အတွက် ပေးရတဲ့ငွေကို အခြားဘာလုပ်နိုင်မလဲ။ လက်ဖက်ရည်သောက်ရတဲ့အတွက် တခြားလုပ်ချင်တာ၊ ဝယ်ချင်တာ မဝယ်လိုက်ရတဲ့တန်ဖိုး ဖြစ်တယ်။

ငယ်ငယ်တုန်းက ကျွန်တော်လုပ်ခဲ့တဲ့ သုတေသနကို သတိရမိတယ်။ ဒီတုန်းက ကန်တော်ကြီးမှာ တည်ဆောက်ခဲ့တဲ့ ကရဝိက်ခန်းမကြီးထဲမှာ ဒီခန်းမကြီး တည်ဆောက်ရာမှာ ကုန်ကျတဲ့ ငွေတွေ၊ စရိတ်တွေ အသေးစိတ်တွက်ချက်ပြီး ကရဝိက်ခန်းမကြီး ဘယ်လောက်ကုန်တယ်လို့ သတင်းစာထဲမှာ ဝေဝေဆာဆာ ဖော်ပြခဲ့တယ်။

ဖော်ပြချက်ကိုလေ့လာပြီး ကျွန်တော်အခွင့်အလမ်းစရိတ်ကို တွက်ချက်ခဲ့တယ်။ အမှန်တော့ ကရဝိက်ခန်းမရဲ့ စရိတ်ဟာ ဒီခန်းမကြီးကိုတည်ဆောက်တဲ့ ငွေကို တခြားဘယ်နေရာမှာ သုံးနိုင်မလဲ။ ကျောင်းဘယ်နှစ်ကျောင်းဆောက်နိုင်မလဲ။ ဆေးရုံဘယ်နှစ်ရုံ ဆောက်နိုင်မလဲ။ ဒီလိုစဉ်းစားနိုင်မှ ကရဝိက်ခန်းမရဲ့ တကယ့်တန်ဖိုးကို သိနိုင်မှာ ဖြစ်တယ်။ ဒါကြောင့်လည်း အရင်တစ်ပတ်က ဘတ်ဂျက်အကြောင်း ကျွန်တော်ဖော်ပြတဲ့အခါ ကုန်ကျစရိတ်ကိုသာစဉ်းစားပြီး အခွင့်အလမ်းစရိတ်ကို မစဉ်းစားတာကို ဖော်ပြခဲ့တယ်။ တံတားထိုးတဲ့စရိတ်၊ လမ်းဖောက်တဲ့စရိတ်၊ ကျောင်းအသစ်ဆောက်တဲ့ စရိတ်ကို စဉ်းစားတဲ့အခါ အိတ်ထဲကစိုက်ထုတ်တဲ့ ငွေကြေးပမာဏအပေါ်သာ ဆွေးနွေးနေကြတာ။ အမှန်တော့ စဉ်းစားသင့်တာက အခွင့်အလမ်းစရိတ်ပဲ ဖြစ်တယ်။ ဒါကြောင့်လည်း အစည်းအဝေးနဲ့ ပတ်သက်တဲ့စရိတ်ကို တွက်ချက်တဲ့အခါ အိတ်စိုက်တဲ့ စရိတ်ကိုသာ မစဉ်းစားဘဲ အစည်းအဝေးမထိုင်ဘဲ တခြားဘာတွေကို အကျိုးရှိရှိ လုပ်နိုင်မလဲဆိုတာတွေကို သုံးသပ်သင့်တယ်။ ဒါကြောင့် ကျွန်တော်စဉ်းစားစေချင်တာက တစ်ပတ်မှာ တစ်ရက်လောက် အစည်းအဝေးမလုပ်ဘူးလို့ ဆုံးဖြတ်စေချင်တယ်။ အစည်းအဝေးလုံးဝမရှိတဲ့နေ့ ဒီလို သတ်မှတ်နိုင်ရင် အစည်းအဝေးကျင်းပတာကြောင့် အခွင့်အလမ်းစရိတ်ကို စဉ်းစားတွက်ချက်နိုင်မှာ ဖြစ်တယ်။ အစည်းအဝေးတက်နေမယ့်အစား မိမိရဲ့အလုပ်ကို အာရုံစိုက်ပြီး လုပ်ဆောင်နိုင်မှာဖြစ်တယ်။ အစည်းအဝေးတွေ မလုပ်ရဘူးလို့ ကျွန်တော်ပြောတာ မဟုတ် ဘူး။ ဒါပေမယ့် အစည်းအဝေးဟာ တန်ဖိုးရှိလွန်းတာမို့ ထိုက်ထိုက်တန်တန် သပ်သပ်ရပ်ရပ် ကျင်းပစေချင်တဲ့ ဆန္ဒကိုသာ တင်ပြခြင်းဖြစ်ပါတယ်။

## ဘုရင့်နောင်ဈေးပွဲရုံမှတ်တိုင်အနီးလမ်းဆုံတွင် မီးပွိုင့် လေးခုတပ်ဆင်ပေး၍ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ဘုရင့်နောင်ဈေးနှင့်ပွဲရုံ ယာဉ်မှတ်တိုင် အနီးလမ်းဆုံနေရာ၌ မီးပွိုင့်လေးခု တပ်ဆင်ပေးသည်ကို ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက တွေ့ရသည်။ ယင်းလမ်းဆုံနေရာတွင် ဖြစ်လေ့ဖြစ်ထရှိသော ယာဉ်များစုဆုံ၊ ပိတ်ဆို့ခြင်း လျော့ကျလာသည်ဟု ယင်းနေရာသို့ နေ့စဉ် ဖြတ်သန်းသွားလာနေသော ယာဉ်မောင်းသူများက ပြောသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်းသို့ ကံ့ကော်လမ်းမကြီး ဝင်-ထွက်ပေါက်မှ ဝင်ထွက်မည့်ယာဉ်မျိုးစုံသည် သက်ဆိုင်ရာမှ စောင့်ကြည့်မှုမရှိသည့်နေ့များတွင် ဘုရင့်နောင်လမ်းမကြီး၏ မြို့ထဲသွား ယာဉ်ကြောပေါ်တွင် ပိတ်ဆို့နေရာယူမှုမျိုး ကြုံတွေ့ရတတ်သည်။ ပွဲရုံဝင်းအတွင်းနှင့် ဆက်စပ်ဘုရင့် နောင်လမ်းမကြီးပေါ်တွင် ယာဉ်ကြော ပိတ်ဆို့မှုများ ဖြစ်တတ်ရာ ဘုရင့်နောင် လမ်းဆုံခုံးကျော်တံတားများ ဆောက်လုပ်ပြီးစီးအသုံးပြုခွင့်ရရှိပြီး နောက်ဂိုးကြီးချောင်း လမ်းဖြတ်ခုံးတံတားအနီး ဘုရင့်နောင်ပွဲရုံဝင်း အဝင်-အထွက်ဖြစ် သော ဂိုးကြီးချောင်းပတ်လမ်း ထိပ်အနီးတွင် မီးပွိုင့် (၃) ခုတပ်ဆင်ပေးခဲ့သည်။ ယခုထပ်မံ၍ တပ်ဆင်ပေးသော မီးပွိုင့်လေးခုကြောင့် သက်ဆိုင်ရာမှ လာ ရောက်စောင့်ကြည့်မှု လိုအပ်ချက်နည်းပါးသကဲ့သို့ ယာဉ်စည်းကမ်းမဲ့ဖြတ်သန်းမှုလျော့ကျသွားသည်ဟု သိရသည်။

ယင်းလမ်းဆုံနေရာတွင် ဘုရင့်နောင်ပွဲရုံဝင်း ယုဇနလမ်း ဝင်-ထွက်ပေါက်မှ ထွက်လာသောယာဉ်များသည် လမ်းကြောင်းပြောင်းပြန်ဖြင့် မြို့တွင်းသွား ယာဉ်ကြောပေါ်တွင် ဖြတ်သန်းမှုများ မကြာခဏ မြင်တွေ့နေရသည်။ မီးပွိုင့်လေးခု လာရောက်တပ်ဆင်ပေးမှုအပေါ် ယင်းနေရာဖြတ်သန်းနေရသော လမ်းအသုံးပြုသူများအနေဖြင့် နှစ်သက်ကြိုဆိုမှုရှိသည်ဟု သိရသည်။ **ခင်ဆိုင်**



# ယခု တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဖြိုးလွင်အောင် (AMIA)**

**ဓာတ်ပုံ-ကိုတင့်**

အခုအပတ်မှာ ပြည်ပကိုအဓိက တင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) နဲ့ မတ်ပဲ (FAQ/RC) ဈေးနှုန်းတွေ ဆက်တိုက်ကျဆင်းနေတာကို တွေ့မြင်ရပါတယ်။ အလားတူ နှမ်းရောင်စုံဈေးတွေလည်း ကျဆင်းနေပါတယ်။ ကြက်သွန်နီဈေးတွေကတော့ အနည်းငယ် မြင့်တက်လာပါတယ်။ ဆန်ဈေးနှုန်းတွေကတော့ ဒီတစ်ပတ်လုံးမှာ အပြောင်းအလဲမရှိ တည်ငြိမ်နေတာကို တွေ့မြင်ရပါတယ်။

**မတ်ပဲ (FAQ/RC) ဈေး ဆက်တိုက် ကျဆင်း**

အခုတစ်ပတ်ရဲ့ တနင်္လာနေ့က မတ်ပဲ (FAQ/RC) တစ်တန်ကို ငွေကျပ် ၉၈၆၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၉၅၆၀၀၀ ကျဆင်းသွားပါတယ်။ တစ်ပတ်အတွင်း တစ်တန် ကို ငွေကျပ် ၃၀၀၀၀ ခန့် ကျဆင်းသွားတာပါ။ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းကတော့ မတ်ပဲ (FAQ/RC) တစ်တန်ကို ငွေကျပ် ၁၆၄၂၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲစင်းငုံနီ (RC) ဈေးနှုန်းများ ကျဆင်း**


အလားတူ ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ ပဲစင်းငုံနီ (RC)ကလည်း ဒီအပတ်ရဲ့တနင်္လာနေ့က တစ်တန်ကို ငွေကျပ် ၇၈၇၀၀၀ ခန့်နဲ့ အရောင်းအဝယ် ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၇၆၁၀၀၀ အထိ ကျဆင်းသွားတာကို တွေ့မြင်ရပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် ၂၆၀၀၀ ကျဆင်းသွားတာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လကတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ်သိန်း ၁၅၀၀၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**ပဲတီစိမ်း ဈေးတည်ငြိမ်**

ပဲတီစိမ်းကတော့ ဒီတစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမားမရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ၉၈၀၀၀ နဲ့ ငွေကျပ် ၁၀၅၀၀၀ ကြားတွင် အရောင်းအဝယ် ဖြစ်နေပါတယ်။

**နှမ်းရောင်စုံ ဈေးနှုန်းများ မြင့်တက်**

ဒီအပတ်မှာ နှမ်းရောင်စုံဈေးတွေ မြင့်တက်နေတာကို



တွေ့ရပါတယ်။ ဒီအပတ် တနင်္လာနေ့က နှမ်းနက်(စမုံ) တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၁၄၂၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၄၅၀၀၀ အထိ မြင့်တက်လာတာကို တွေ့ရပါတယ်။

နှမ်းနက်လည်း ဒီအပတ် တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၉၅၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကိုငွေကျပ် ၁၀၅၀၀၀ အထိ မြင့်တက်လာပါတယ်။ နှမ်းညိုကလည်း တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၇၅၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၈၂၀၀၀ အထိ မြင့်တက်သွားတာကို တွေ့ရပါတယ်။ နှမ်းဖြူလည်း ဒီအပတ် တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၁၀၃၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၀၅၀၀၀ အထိ မြင့်တက်လာတာကို တွေ့ရပါတယ်။

ပန်းနှမ်းကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၈၃၀၀၀ ရှိရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၇၈၅၀၀ အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။

**ဆန်ဈေးနှုန်း တည်ငြိမ်**

အလားတူ ဆန်ဈေးနှုန်းတွေလည်း ယခုတစ်ပတ်လုံးမှာ တည်ငြိမ်နေတာကို တွေ့ရပါတယ်။ ပေါ်ဆန်းမွှေးဆန် (နယ်စုံ၊ ဆန်သစ်) တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၃၇၀၀၀၊ ညှော်မထဆန် တစ်အိတ် ငွေကျပ် ၁၈၀၀၀၊ ငစိန်ဆန်ကတော့ တနင်္လာနေ့မှာ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၈၀၀၀ ၊ မြီးတုံးဆန် တစ်အိတ် အမြင့်ဆုံး ငွေကျပ် ၂၀၀၀၀၊ မိုးသုခဆန် တစ်အိတ် ငွေကျပ် ၂၅၀၀၀၊ နွေသီးထပ် ဆန်တစ်အိတ် ငွေကျပ် ၂၀၀၀၀



နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ကြက်သွန်နီဈေး အနည်းငယ်မြင့်တက်**

ဆိပ်ဖြူ၊ တောင်တွင်း၊ မြင်းခြံ၊ မြစ်သားနယ်တွေက ထွက်ရှိတဲ့ ကြက်သွန်နီဈေးတွေကတော့ ဒီတစ်ပတ်ရဲ့ တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၁၁၀၀ ကနေ အမြင့်ဆုံးဈေးငွေကျပ် ၁၉၅၀ နဲ့ အရောင်းအဝယ် ရှိနေရာကနေ ဈေးပိတ်ချိန်ဖြစ်တဲ့ သောကြာနေ့မှာတော့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၆၅၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၉၅၀ နဲ့ အရောင်းအဝယ်ရှိနေပါတယ်။

# သုံးခွမြို့နယ်၌ ပဲတီစိမ်းများဈေးနှုန်းပြောင်းလဲမှုရှိလာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပဲတီစိမ်းဝင်ခါစ ဖေဖော်ဝါရီ ၁၁ ရက်က တစ်တင်းလျှင် ငွေကျပ် ၄၄၅၀၀ ဖြစ်ခဲ့သော်လည်း ပဲတီစိမ်းများ ဈေးကွက်ဝင်ရောက်မှု များပြားလာသည်နှင့်အမျှ ဖေဖော်ဝါရီ ၁၇ ရက်က ပေါက်ဈေးပဲတီစိမ်းဈေး တစ်တင်းလျှင် ငွေကျပ် ၄၁၀၀၀ ရှိကြောင်း သိရသည်။

သုံးခွမြို့နယ်အတွင်း ပဲတီစိမ်းများမှာ ရင့်မှည့်လာပြီဖြစ်ရာ ဆွတ်ခူးရန် ဒေသခံလုပ်သားများ မလုံလောက်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးတို့ရှိ ကျေးရွာများမှ ပဲဆွတ်ခူးရန် အလုပ်သမားများအားခေါ်လျက် ခူးဆွတ်လုပ်ကိုင်နေကြကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ပဲတီစိမ်းရေဆင်းနှင့် ရွှေဝါမျိုးတို့ကို အဓိကစိုက်ပျိုးကြပြီး ရေဆင်းမျိုးမှာ အမည်းရောင်ဖြစ်ကာ အတောင့်ကြီးပြီးရှည်၍ ပဲလုံးကြီးသော ကြောင့် ဈေးကွက်တွင် ရောင်းပန်းလှ၍ အရောင်းသွက်ကြောင်း၊ ပဲဆွတ်ခူးရာတွင် အလွယ်တကူဆွတ်ခူးရသဖြင့် အဆင်ပြေကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ၂၀၁၆-၂၀၁၇ စိုက်ပျိုးရာ သီးနှံ ပဲမျိုးစုံ စိုက်ဧက ၁၃၀၃၃၄ ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# မြေသြဇာ၊ ပိုးသတ်ဆေးနည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ဟောပြော

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီလဒုတိယပတ်က မြေသြဇာ၊ ပိုးသတ်ဆေး၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်နုနုစိန်နှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းတို့က မင်းဘူး၊ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာနှင့် ငဖဲမြို့နယ်များမှ စစ်ဆေးရေးမှူး ၁၀ ဦးအား မြေသြဇာ၊ ပိုးသတ်ဆေး၊ ဥပဒေများနှင့်သက်ဆိုင်သည်များအား စစ်ဆေးတတ်စေရန် သင်တန်းပို့ချပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး မင်းဘူးခရိုင် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ သီးနှံကာကွယ်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်ဝင်း၊ ခရိုင်သီးနှံကာကွယ်ရေး ဌာနခွဲဦးစီးအရာရှိ ဦးသိန်းဝင်းနှင့် တာဝန်ရှိဝန်ထမ်းများက ဇန်နဝါရီလနောက်ဆုံးပတ်မှ ဖေဖော်ဝါရီလဒုတိယပတ်အတွင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းများ (GAP)ဆိုင်ရာ နည်းပညာအသိပညာ ပေးဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ထနောင်းကုန်း၊ ကျောင်းကုန်းကြီး၊ အုတ်ဖိုကန်၊ ကန်ဆွယ်ကျေးရွာတို့တွင်လည်းကောင်း၊ စလင်းမြို့နယ်တွင် သီးကုန်း၊ ပေါင်းလောင်းနှင့် ရွှေဘုံသာရွာတို့တွင်လည်းကောင်း ၊ ငဖဲမြို့နယ် ဇင်ပြွန်းကျေးရွာတွင်လည်းကောင်း၊ မင်းဘူးမြို့တွင် တောင်မန်း၊ ရေပုတ်ကျေးရွာတို့တွင် လည်းကောင်း စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းများ (GAP)ဆိုင်ရာ နည်းပညာအသိပညာ ပေးဟောပြောပွဲများကို လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး ၊ ဓာတ်ပုံ - ချစ်သမီး**



# ပြင်ဦးလွင်၌ ကော်ဖီမှုန့်ထုတ်ပစ္စည်းများ ပြန်လည်အသုံးချရေးနည်းပညာပြပွဲ ကျင်းပ

**သက်နိုင်(ပြင်ဦးလွင်)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီရာသီ သီးနှံဌာနခွဲ၊ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာနမှ ပြင်ဦးလွင်မြို့၏ ကော်ဖီမှုန့်ထုတ်ပစ္စည်းများ ပြန်လည်အသုံးချရေး နည်းပညာပြပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ပြင်ဦးလွင်မြို့ရှိ အဆိုပါဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအာကာလင်းနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးတင့်လွင်တို့က အမှာစကားပြောကြားပြီး ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန တာဝန်ခံ ဒေါ်နန်းစိန်မြိုင်က ကော်ဖီစွန့်ထုတ်ပစ္စည်းများ ပြန်လည်အသုံးချရေးနည်းပညာအကြောင်း ရှင်းလင်းပြောကြား၍ လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်မေသက်လှိုင်က ကော်ဖီလှော်ခြင်းနှင့် နည်းပညာ၏ ကော်ဖီသောက်သုံးမှု အရည်အသွေးအပေါ် အကျိုးသက်ရောက်မှု နည်းပညာအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ၊ တောင်သူများ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကော်ဖီသောက်သုံးသူများ တက်ရောက်ကြပြီး နည်းပညာပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဓာတုပစ္စည်းများပါဝင်သော ဓာတ်မြေသြဇာတို့နေရာတွင် ကော်ဖီစွန့်ထုတ်မြေသြဇာများကို အစားထိုးအသုံးပြုလျှင် ဓာတုကင်းလွတ်သော အသီးအနှံများထုတ်လုပ်နိုင်ရန်နှင့် ဓာတုပစ္စည်းများလျှော့ချနိုင်ရန်၊ စားသုံးသူပြည်သူများအား အန္တရာယ်ကင်းရှင်းစေရန် ကော်ဖီစွန့်ပစ်အခွံ၊ အမှိုက်ခြောက်များဖြင့် သဘာဝမြေဆွေး၊ မြေသြဇာ ပြုလုပ်နည်းကို တောင်သူများ သိရှိနားလည်စေရန်နှင့် ဓာတ်ကြွင်းအာနိသင်များ၏ အန္တရာယ်များကို ပြည်သူများသိရှိလိုက်နာကြစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံမှထွက်ရှိသည့်သီးနှံများ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ (GAP)ကို လေ့လာစိုက်ပျိုးသင့်

**ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မေမိုးသဲ**

**ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ စိုက်ပျိုးရေးလုပ်ကိုင်သည့်နိုင်ငံများမှ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့လျက်ရှိရာ ထိုသို့ ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်နိုင်သည့် ထိပ်ဆုံးဆယ်နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် ဒုတိယနိုင်ငံအဖြစ် တည်ရှိနေကြောင်း စိုက်ပျိုးရေး ပညာရှင်တစ်ဦးထံမှ သိရသည်။**



စိုက်ပျိုးရေးကို အဓိကအခြေပြုထားသည့် မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ကျေးလက်နေတောင်သူများ စိုက်ဧကအတော်များများတွင် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရလျက်ရှိသည်။ ကျေးလက်နေတောင်သူအချို့မှာ ရာသီဥတုဖောက်ပြန်မှုကြောင့်လည်းကောင်း၊ စိုက်ပျိုးနည်းစနစ်များ အားနည်း၍လည်းကောင်း အဘက်ဘက်မှ နည်းပညာအားနည်းနေ၍ မိမိတို့ လုပ်သလောက်သီးနှံအထွက်နှုန်းများမှာ ပြန်လည်ရရှိခြင်းမရှိ၍ စီးပွားရေးတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်ရသည်။ စိုက်ပျိုးရေးပညာမှာ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့် နက်နဲသည်။ သီးနှံများ စိုက်ပျိုးသည့်အချိန်မှ ရိတ်သိမ်း၊ သိုလှောင်၊ ကြိတ်ခွဲ၊ ရောင်းချသည်အထိ တစ်ချက်မှ အမှားမခံ။ တောင်သူလယ်ယာလုပ်ကိုင်သူများမှာ စိုက်ပျိုးပြီး မိုးခေါင်သွားပြန်လျှင်လည်း အပင်အစိုဓာတ်မရ၊ စိုက်ပျိုးပြီး ရေကြီးနစ်မြုပ်သွားပြန်လျှင်လည်း ရေကျပြီးနောက် ပြန်စိုက်ရန် အရင်းအနှီးထပ်မံရှာဖွေရန်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ကို တွေ့မြင်နေရသည်။

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းများ(GAP)ကို အသုံးပြု၍ စိုက်ပျိုးရန် ကျေးရွာများအရောက် သင်တန်းများပေးခြင်း၊ ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ စသည်ဖြင့် ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

"အခုမြန်မာနိုင်ငံမှာ တောင်သူတွေအဓိကကြုံတွေ့နေရတာက မိမိတို့ စိုက်ပျိုးထုတ်လုပ်လိုက်တဲ့ သီးနှံတွေကို ပြန်လည်ရောင်းချတဲ့အခါမှာ ဈေးကောင်းမရတာ။ ဘာကြောင့်လဲဆိုတော့ မိမိတို့စိုက်ပျိုးတဲ့အခါမှာ ထုတ်လုပ်လိုက်တဲ့ သီးနှံတွေကို မျိုးကောင်းမျိုးသန့်ဖြစ်အောင်အထိထုတ်လုပ်ဖို့ စိုက်ပျိုးနည်းစနစ်ကောင်းတွေ လိုအပ်နေသေးတယ်လို့ထင်ပါတယ်။ ဒါကြောင့် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနတွေမှာရှိတဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေက GAP လို့ခေါ်တဲ့ စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းတွေကို တောင်သူတွေ လက်ဝယ်အရောက် သင်တန်းအနေနဲ့ လည်းကောင်း၊ ဟောပြောပွဲအနေနဲ့ လည်းကောင်း၊ လက်ကမ်းစာစောင်တွေကို ဖြန့်ဝေပေးခြင်းနဲ့ လည်းကောင်း နည်းအမျိုးမျိုးနဲ့ ဆောင်ရွက်ပေးနေပါတယ်။ GAP စိုက်ပျိုးနည်းစနစ်က စိုက်ပျိုးမြေပြုပြင်ပြီးကစပြီး ရိတ်သိမ်း၊ ခြွေလှေ့၊ သိုလှောင်၊ ကြိတ်ခွဲကနေ ရောင်းချတဲ့အထိ လမ်းညွှန်မှုတွေပါပါတယ်။ ဥပမာပြောရရင် မြေပြုပြင်တာကစပြီး လုပ်ကိုင်တဲ့ရက်ကို မှတ်ထားရမယ်။ ဘယ်နေ့မှာစိုက်တယ်၊ ဘာမြေဩဇာသုံးတယ် စတဲ့အချက်တွေကို မှတ်ထားရမယ်။ နောက်ပြီး အရင်ကသီးနှံတွေကို ပက်ကြဲစနစ်ပဲစိုက်ကြတယ်။ အခု GAP စနစ်မှာကတော့ အဲလိုမဟုတ်တော့ဘူး။ အတန်းလိုက်စိုက်တဲ့စနစ်ဖြစ်သွားမယ်။ ထွက်လာတဲ့သီးနှံတွေကိုလည်း သိုလှောင်ဖို့ကို ဘယ်သီးနှံကို ဘယ်အပူချိန်မှာ ဘယ်လိုသိုလှောင်ရမယ်ဆိုတဲ့ အချက်တွေပါလာမယ်။ နောက်ပြီး မြန်မာနိုင်ငံက စိုက်ပျိုးသီးနှံတွေအတွက် GAP လက်မှတ်ထုတ်ပေးဖို့ ရှိတယ်လို့ကြားတယ်။ ပြည်ပကိုတင်ပို့မယ့် သီးနှံဆိုရင် အဲဒီ GAP လက်မှတ်ပါမှရတော့မယ်။ GAP လက်မှတ်ရရင် သီးနှံတွေလည်း ဈေးကောင်းရလာမယ်။ ဒါကြောင့် ဒီ GAP စိုက်ပျိုးနည်းစနစ်တွေကို တောင်သူတွေသေချာလေ့လာပြီး စိုက်ပျိုးရင် နောင် စိုက်ပျိုးရေးအလားအလာပိုကောင်းလာမယ်လို့ ယုံကြည်ပါတယ်"ဟု မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။



GAP စိုက်ပျိုးနည်းစနစ်တွင် မြေပြုပြင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းတွင် စားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများ အနည်းဆုံးဖြစ်စေရန် လိုက်နာရမည့်နည်းလမ်းများကို စုစည်းထားသည့်စံ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်မှုများ ပါဝင်သည်ဖြစ်ကြောင်း သိရသည်။

GAP စိုက်ပျိုးမှုတွင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးသည့်သီးနှံများတွင် အသုံးပြုသည့် မြေဩဇာများကို အန္တရာယ်ဖြစ်စေသော ဓာတုနှင့်ဇီဝဆိုင်ရာညစ်ညမ်းမှုများမရှိစေရဘဲ သဘာဝမြေဆွေးများကိုသာ အသုံးပြုရမည်ဖြစ်ပြီး မြေဩဇာများဝယ်ယူသုံးစွဲပါက တရားဝင်မှတ်ပုံတင်ထားသော ပစ္စည်းများကို အသုံးပြုရမည်ဖြစ်သည်။ ထို့နောက် ဓာတုဆေးများအသုံးပြုမှု အနည်းဆုံးဖြစ်စေရန် ဘက်စုံပိုးမွှားကာကွယ်နည်းများကို အသုံးပြုရမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ တောင်သူတွေကို GAP နည်းနဲ့ စိုက်ကိုစိုက်ရမယ်လို့မပြောပါဘူး။ ဒါပေမယ့် သူတို့တွေ နားလည်သဘောပေါက်အောင် GAP စိုက်ပျိုးနည်းစနစ်တွေကို ဟောပြောပေးတယ်။ အဲဒီနည်းနဲ့ စိုက်တဲ့အခါမှာ ရလာမယ့်ကောင်းကျိုးရလဒ်တွေကို ပြောပြတယ်။ နောက်ဆိုရင် GAP စိုက်ပျိုးနည်းစနစ်မှာ အော်ဂဲနစ်စိုက်ပျိုးနည်းနဲ့ပဲသွားဖို့ ဆောင်ရွက်နေပါတယ်။ ဘာကြောင့် အော်ဂဲနစ်ကိုသွားရသလဲဆိုရင် ပြည်သူတွေတော်တော်များများဟာ မသန့်ရှင်းတဲ့အစားအသောက်တွေစားသုံးခြင်းကြောင့် မကြာခဏဆိုသလို ရောဂါအမျိုးမျိုးရနေတာတွေ တွေ့ရတယ်။ ဒါကြောင့် စိုက်ပျိုးမယ့်အခြေအနေကနေ ရောင်းချတဲ့အထိပါဝင်တဲ့ကွင်းဆက်အသီးသီးမှာ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားမှသာ အန္တရာယ်ကင်းတဲ့၊ အာမခံချက်ပေးနိုင်တဲ့ သီးနှံတွေကို စားသုံးသူတွေ စားသုံးရမှာဖြစ်တယ်။ တောင်သူတွေဆီကထွက်တဲ့သီးနှံတွေဈေးကောင်းရဖို့၊ ပြည်ပကိုတင်ပို့နိုင်ဖို့ GAP အသိအမှတ်ပြု ထောက်ခံချက်ရရှိဖို့လိုအပ်ပါတယ်"ဟု ဦးသိန်းဝင်းကဆက်လက်ပြောပြသည်။

မြန်မာ့ GAP သည် အစားအစာများ ဘေးအန္တရာယ်ကင်းစင်စေရန်၊ ထုတ်ကုန်အရည်အသွေး ကောင်းမွန်စေရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရန်နှင့် လုပ်သားများ၏ကျန်းမာရေးနှင့် လူမှုဘဝသာယာဝပြောရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်သော စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ ဖြစ်ကြောင်း သိရသည်။

GAP Guideline မှာ စိုက်ပျိုးထုတ်လုပ်ရာတွင် မဖြစ်မနေလုပ်ရမည့် ပြဋ္ဌာန်းချက်မျိုးမဟုတ်ဘဲ မိမိစိတ်ဆန္ဒအရ ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်သည့် နည်းစနစ်ကောင်းများ ဖြစ်သည်။ သို့သော် GAP Guideline နှင့်အညီ စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံထွက်ကုန်များမှာ စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချစွာ စားသုံးနိုင်သည့် အကျိုးကျေးဇူးများရနိုင်ပြီး ပြည်ပသို့တင်ပို့ရာတွင်လည်း GAP Guideline နှင့် စိုက်ပျိုးသော ထွက်ကုန်များကို ဝယ်ယူသူများမှ အဓိကထားမှာယူခြင်းကြောင့် ထုတ်လုပ်သူများအနေဖြင့် GAP Guideline နှင့်အညီ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အကျိုးအမြတ်များရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

# ပြည်ပဆန်တင်ပို့မှု ယမန်နှစ်ကထက် တန်ချိန် ၄ သိန်းခန့် လျော့ကျ

**ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ- မေမိုးသဲ**

**ယခုနှစ်တွင် ပြည်ပဆန်တင်ပို့မှုနှုန်းသည် ယမန်နှစ်ကထက် ဆန်တန်ချိန် ၄ သိန်းခန့် လျော့ကျသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများအသင်းမှ အတွင်းရေးမှူး ဦးအောင်မြင့်က ပြောကြားသည်။**

ယခုနှစ်တွင် မြန်မာ့ဆန်ကို တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံဈေးကွက်များသို့ တင်ပို့မှု လျော့ကျသွားသည့်အတွက် လက်ရှိအချိန်ထိ ပြည်ပသို့ ဆန်တန်ချိန် ၉ သိန်းဝန်းကျင်သာ တင်ပို့ထားနိုင်ပြီး ယခုဘဏ္ဍာနှစ် ကုန်ဆုံးမည့် မတ်လကုန်ချိန်တွင် ခန့်မှန်းခြေ ဆန်တန်ချိန် တစ်သန်းခန့်သာ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဦးအောင်မြင့်က "ကျွန်တော်တို့ ပြည်တွင်းပေါက်ဈေးနဲ့ အဲ့ဒီဘက်ကို ပို့ရတဲ့ တန်ဆာခရယ်ကို တွက်လိုက်ရင် သူတို့ပေးတဲ့ဈေးနဲ့က မကိုက်တော့ ကုန်သည်တွေ သိပ်မပို့နိုင်တော့လို့ ဒီနှစ် ပြည်ပဆန်တင်ပို့မှု လျော့ကျသွားတာပါ။ နောက် တရုတ်ဘက်က အဖမ်းအဆီးများတာကြောင့်လည်း ပါတာပေါ့"ဟု ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဥရောပနှင့် အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင် ၂၅ မှတ်တန်ဆန်ကြမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၅ ဈေးနှုန်းရရှိခဲ့ပြီး ယခုနှစ်တွင် ၂၅ မှတ်တန်ဆန်ကြမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၀ မှ ဒေါ်လာ ၃၀၀ သာရရှိပြီး အခြားဆန်ချော တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ခန့် ရရှိကြောင်း သိရသည်။

ဦးအောင်မြင့်က "လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး တရုတ်ဈေးကွက်ကိုပဲ အဓိကအားထားကာ နယ်စပ်ကရော ပင်လယ်ရေကြောင်းကပါ ပို့နေတာ။ ဒီနှစ်မှာ ပင်လယ်ရေကြောင်းကတော့ အာဖရိက နည်းနည်းပါပဲ။ ဈေးမကိုက်တော့ အများကြီး မတင်ပို့နိုင်တော့ဘူး "ဟု ပြောပြသည်။



မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈ သန်း တင်ပို့နိုင်ခဲ့ကာ ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆန် တန်ချိန် ၁ ဒသမ ၄ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

# အိန္ဒိယ ငွေကြေးဈေးကွက်မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့မှုကြောင့် ပဲမျိုးစုံဈေးနှုန်းများ ကျဆင်းနေ

ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ - သီဟစည်သူ

ယခုနှစ်တွင် ပဲမျိုးစုံဈေးနှုန်းများကျဆင်းခဲ့မှုမှာ အိန္ဒိယ ငွေကြေးဈေးကွက် မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် အိန္ဒိယနိုင်ငံမှတင်သွင်းသည့် သီးနှံဈေးနှုန်းများထိခိုက်မှု ဖြစ်ပေါ်နေကြောင်း မန္တလေးကုန်စည်ဒိုင်မှ စိုးဝင်းမြင့် ပွဲရုံ ပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။ အိန္ဒိယအစိုးရက ငွေမည်း ခဝါချမှုကြောင့် ငွေရှင်ကြေးရှင်များ သီးနှံလှောင်ချိန်တွင် အခက်အခဲများရှိနေခဲ့ပြီး အဝယ်နည်းကာ ဈေးနှုန်းများမှာ လည်း ကျဆင်းခဲ့ခြင်းဖြစ်နိုင်သည်ဟု ဆိုသည်။

ယခုလက်ရှိတွင် မတ်ပဲမှာ မန္တလေးကုန်စည်ဒိုင် ဈေးကွက်တွင် သုံးတင်းအိတ်တစ်အိတ်လျှင် ငွေကျပ် ၉၂၀၀၀၊ ပဲစဉ်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၁၅၀၀ နှုန်း နှင့် ကုလားပဲအဖြူကြီး တစ်အိတ်လျှင် ငွေကျပ် ၁၁၂၀၀၀ ရှိကြောင်း သိရသည်။ မြေပဲဆန်မှာ လုံးဆန်တစ်ပိဿာ လျှင် ငွေကျပ် ၂၇၀၀ နှုန်းဖြစ်ပြီး ဆီဆန် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်း ဈေးပေါက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

ပဲစဉ်းငုံတစ်ကေစိုက်ပျိုးလျှင် ထယ်ထိုးခ၊ ပေါင်းသင်ခ၊ ဆေးဖျန်းခနှင့် ထုတ်လုပ်မှုတန်ဖိုးအနေဖြင့် ငွေကျပ် ၆၀၀၀၀ ခန့်ကုန်ကျခဲ့သော်လည်း ယခုနှစ်တွင် မိုးရွာသွန်းမှုများ ခဲ့ခြင်းကြောင့် ပဲစဉ်းငုံအထွက်နှုန်းမှာတစ်ကေလျှင် နှစ်တင်း မှ သုံးတင်းခန့်သာထွက်ရှိခဲ့သဖြင့် ယခုနှစ်ပေါက်ဈေးနှင့်



ဆိုလျှင် တောင်သူများအတွက် ဆုံးရှုံးနစ်နာလျက်ရှိကြောင်း စလင်းမြို့နယ်မှ ပဲစဉ်းငုံစိုက်တောင်သူ ဦးတင်ဝင်းက ပြောသည်။

"မျိုးဖိုးနဲ့ ထယ်ထိုးတာက တစ်ကေကို ငွေကျပ် ၃၀၀၀၀ ကုန်တယ်။ အခုနှစ် မိုးများတော့ အပင်တွေကတော့ ကောင်းတယ်။ အထွက်နှုန်းမှာကျတော့ မှန်းသလောက် မထွက်ဘူး။ ပဲစဉ်းငုံခုတ်မယ်ဆိုရင် လူတစ်ယောက် တစ်မနက်ခုတ်ရင် ငွေကျပ် ၂၅၀၀ နဲ့ ငှားရတယ်။ ပဲရိုက်ဖို့ဆိုရင် လှည်းတစ်စီး တိုက်ကို ငွေကျပ် ၅၀၀၀ ဆိုတော့ စုစုပေါင်းကုန်ကျစရိတ် အနေနဲ့တွက်ရင် ငွေကျပ် ၆၀၀၀၀ ခန့်ကုန်ပြီးတော့ တစ်ကေကိုသုံးတင်းဆိုတော့ အရင်းတောင်မကျေပါဘူး။ နွားစာပဲ ရပါတယ်"ဟု တောင်သူ ဦးတင်ဝင်းက ပြောသည်။

ပဲစဉ်းငုံမှာ အထွက်နှုန်းလည်းကျ၊ ဈေးလည်းကျခဲ့ သော်လည်း မတ်ပဲမှာ အထွက်နှုန်းကောင်းသည်ဟု ဆိုသည်။ မတ်ပဲမှာ တစ်ကေလျှင် လေးပြည်စိုက်ပျိုးပါက ၁၀ တင်းမှ တင်း ၂၀ အထိထွက်ရှိကာ ကုလားပဲများမှာလည်း အထွက်နှုန်းကောင်းသည်ဟု ဆိုသည်။ မတ်ပဲနှင့် ကုလားပဲမှာ ယခုနှစ်တွင် အထွက်ကောင်းပြီး လက်ရှိပေါက်ဈေးအနေဖြင့် အမြတ်အစွန်းကျန်နိုင်ကြောင်း၊ ယခုအချိန်တွင် စလင်းမြို့ရှိပွဲရုံများတွင် ပဲစဉ်းငုံတစ်တင်းလျှင် ငွေကျပ် ၂၃၀၀၀၊ မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၂၅၀၀၀ နှင့် ရောင်းချနေရကြောင်း မတ်ပဲစိုက်တောင်သူ ဦးဇော်မျိုးက ပြောသည်။

ယခင်နှစ်များနှင့် နှိုင်းစာလျှင် ပဲစဉ်းငုံ၊ မတ်ပဲစသည့် ပဲမျိုးစုံဈေးနှုန်းများ ထက်ဝက်ခန့်ကျဆင်းနေကြောင်း သိရသည်။ ယခင်နှစ်က ပဲစဉ်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ၁၄၅၀၀၀ ခန့်ရှိခဲ့ကာမတ်ပဲဈေးမှာလည်း ယခင်နှစ်က ၁၅၀၀၀ ခန့်ဈေးပေါက်ခဲ့ပြီး ယခုနှစ်တွင် တစ်ပြည်လုံးအတိုင်းအတာ အရ ယခင်နှစ်ဈေး၏ ထက်ဝက်ခန့်သာ ပေါက်ဈေးရှိနေ သည်။

ပဲစဉ်းငုံ၊ မတ်ပဲနှင့် ကုလားပဲသီးနှံများကို အဓိကအားဖြင့် အိန္ဒိယနိုင်ငံဘက်မှ ဝယ်ယူခြင်းဖြစ်ကာ မြေပဲဆန်ကို တရုတ် နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ မန္တလေးကုန်စည်ဒိုင်ဈေးကွက် သို့ မတ်ပဲ၊ ပဲစဉ်းငုံ၊ မြေပဲအစရှိသည့် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများကို မြန်မာပြည်အလယ်ပိုင်းဒေသများနှင့် ရွှေဘို၊ ပခုက္ကူ၊ မုံရွာ၊ ကျောက်ဆည်နှင့် ရှမ်းပြည်ဘက်မှ ထွက်သော ပဲစဉ်းငုံများ၊ ဧရာဝတီမြစ်တစ်လျှောက်အထက် ပိုင်းရှိ ဗန်းမော် အစရှိသည့်ဒေသများမှ မတ်ပဲများလည်း မန္တလေးဈေးကွက်သို့ ဝင်ရောက်လျက်ရှိနေကြောင်း သိရ သည်။

ယခုလက်ရှိ ဈေးကွက်အနေအထားအရအိန္ဒိယဘက်မှ အဝယ်သိပ်မရှိသေးဘဲ သင်္ကြန်မတိုင်မီအထိ ဈေးတက်နိုင် ခြေမရှိကြောင်း လက်ရှိဈေးသာ တန်းနေနိုင်သေးကြောင်း ဦးစိုးဝင်းမြင့်က ပြောသည်။

# မြန်မာ ဆယ်မားအူးလ်အွန်ဒုံကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်အမှတ်ပေးခြင်းဆိုင်ရာ စည်းဝေး

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သိန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ရည်ရွယ်ပြီး ကိုရီး ယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ အထောက်အပံ့ဖြင့် ပူးပေါင်း လုပ်ဆောင်လျက်ရှိသော မြန်မာ ဆယ်မားအူးလ်အွန်ဒုံ ကျေးရွာသစ် လှုပ်ရှားမှု စီမံကိန်းကို ၂၀၁၄ ခုနှစ်မှ စတင်၍ ကိုရီးယား-မြန်မာ နှစ်နိုင်ငံကြား ရေရှည်တည်တံ့ခိုင်မြဲသော ချစ်ကြည် ရင်းနှီးမှုများ တိုးတက်ဖော်ဆောင် နိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ အဆိုပါစီမံကိန်း ကျေးရွာ များ၏ ပထမနှစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အပေါ် အကဲဖြတ်အမှတ် ပေးခြင်းဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက်က နေပြည်တော် ဟိုတယ်ဇုန်ရှိ နယူးဧရာ ဟိုတယ်၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ တင်ထွဋ်က အမှာစကားပြောကြားပြီး KOICA ဌာနေ ကိုယ်စားလှယ် Dr.Shin Eui Cheol က ဂုဏ်ပြု အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့် ထွန်းက ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း အကဲဖြတ်အမှတ်ပေးသည့် အချက်များ ကို ရှင်းလင်းပြောကြားကာ မြန်မာဆယ် မားအူးလ်အွန်ဒုန် စီမံကိန်းမန်နေဂျာ Dr.Kim Dong Inn က စီမံကိန်း ပထမနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးရလဒ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက မြန်မာ ဆယ်မားအူးလ်အွန်ဒုံစီမံကိန်း ကျေးရွာ များ၏ ပထမနှစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အရည်အသွေးပိုင်းဆိုင်ရာ အမှတ်ပေး ခြင်းများ ဆောင်ရွက်ခဲ့သည်။

မြန်မာ ဆယ်မားအူးလ်အွန်ဒုံ ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ် တာကာလတွင် ထောက်ပံ့ငွေ အမေ ရိကန်ဒေါ်လာ ၂၂သန်းဖြင့် တိုင်းဒေသ ကြီးနှင့် ပြည်နယ်ကိုးခုရှိ ကျေးရွာပေါင်း ၁၀၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပထမနှစ် အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စွမ်းဆောင်ရည်မြှင့် တင်ရေး၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေး စသောခေါင်းစဉ်များအလိုက် ဆောင် ရွက်ခဲ့ပြီး အစည်းအဝေးကျင်းပနိုင်မှု၊ သင်တန်းဖွင့်လှစ်နိုင်မှု၊ လေ့လာရေး သွားရောက်နိုင်မှု၊ ကျေးရွာသားများ၏ စိတ်ပါဝင်စားမှု၊ သတင်းအချက်အလက် ထုတ်ပြန်နိုင်မှု၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း စီမံကိန်း လုပ်ငန်းများပြီးစီးမှု၊ ကျေးရွာမှလုပ် အား၊ ငွေ၊ ပစ္စည်းများ ထည့်ဝင်မှု၊ ကျေးရွာ သန့်ရှင်းရေးစုပေါင်းဆောင် ရွက်နိုင်မှု၊ ဝင်ငွေတိုးပွားရေးလုပ်ငန်း များတွင်လည်း ရန်ပုံငွေတိုးပွားလာမှု၊ ပါဝင်သည့်အိမ်ထောင်စုဦးရေ စသည့် အချက်များပေါ်မူတည်၍ အကဲဖြတ် အမှတ်ပေးကာဖွံ့ဖြိုးတိုးရေးလုပ်ငန်း များ တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။





## ကပ်ပါးကောင်များ ကျရောက်မှုကာကွယ်ရန် အသိပညာပေး

**တောင်ငူ ဖေဖော်ဝါရီ ၁၉**

နွေစပါးရာသီတွင် စိုက်ပျိုးကွင်းများအတွင်း ကပ်ပါးကောင် ကျရောက်မှုမှ ကာကွယ်ရန် စိုက်ပျိုးရေးဦးစီးဌာန တောင်ငူမြို့နယ် ဦးစီးမှူး ဦးနိုင်မင်းလှိုင်နှင့် ဝန်ထမ်းများက ဘက်စုံသီးနှံကာကွယ်ရေး နည်းစနစ်ဖြင့် နဂျိုဉကတ် ၁၂၀ နေရာချထားခြင်းကို တောင်ငူမြို့ မိုးကောင်းကျေးရွာရှိ တောင်သူ ဦးအေးလွင်၏ စိုက်ကွင်း၌ ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော တောင်သူများအား နွေစပါးစိုက်ကွင်းများအတွင်း ကျရောက်တတ်သော ကပ်ပါး ကောင်များ၏ အန္တရာယ်များနှင့် ကာကွယ်ရမည့်နည်းလမ်းများကို အသိပညာပေး ဟောပြောမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည် )**

## ကြံတစ်ဆစ်ချင်း တန် ၈၀ စိုက်ပျိုးနည်းစနစ် တောင်သူပညာပေး

**ကသာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ် (၂၀၁၇-၂၀၁၈) ကြံရာသီ ကြံတစ်ဆစ်ချင်း တစ်ကေ တန် ၈၀ ထွက်ရှိမည့် ကြံတစ်ဆစ်ချင်း ပျိုးထောင်ထားရှိမှု၊ အဖူးနှစ်ဖူးပါ ဆစ်ပိုင်းပျိုးထောင်ထားရှိမှု၊ GAP စိုက်နည်းစနစ်နှင့် ကြံမျိုးယှဉ်ပြိုင်စမ်းသပ်ထားရှိမှုများအား တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ကသာမြို့နယ် မင်းလယ်ကျေးရွာ တောင်သူ ဦးဇော်မင်းထွန်း၏ ကြံစိုက်ခင်း၌ ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမျိုးဝင်းထိုက်က လက်တွေ့နည်းပညာပေးခြင်းအဖြစ် ဒေသခံတောင်သူများအား ဖိတ်ခေါ်၍ ဆွေးနွေးပေးခဲ့ပြီး ကွင်းသရုပ်ပြပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် ဦးညီညီထွန်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများတက်ရောက်ကြကြောင်း သိရသည်။

**မြင့်ကေခိုင်(ပြန်/ဆက်)**

# ညစ်ညမ်းမှုကင်းဝေးစေရေး ဓာတုပိုးသတ်ဆေးသုံးစွဲမှု တားဆီးပေး

# စကုမြို့နယ်အတွင်းရှိ အိုင်းမဆည်ရေသောက်စနစ် လယ်မြေဧက ၁၂၀၀၀ ကျော်ကို ရေလုံလောက်စွာပေးဝေနိုင်တော့မည်

**သန်းနိုင်ဦး(ငဖဲ)**

မင်းဘူး-စကုမြို့နယ်အတွင်းရှိ အိုင်းမဆည်ရေသောက်စနစ် တောင်မန်းမြောင်းမကြီးပေါ်ရှိ မန်းရေတံလျှောက်၊ ပင်းတလဲရေတံလျှောက်၊ စကောရေတံလျှောက်၊ စစ်စလီရေတံလျှောက်များကို စက်ဝိုင်းခြမ်းပုံစံ သံပြားများအစား ထောင့်မှန်စတုဂံ ပုံစံသံပြားများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာခွင့်ပြုငွေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လအတွင်း အဆိုပါလုပ်ငန်းများအားလုံး ပြီးစီးအောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။



"အခု အစားထိုးလဲလှယ်တပ်ဆင်သွားမယ့် ရေတံလျှောက်တွေမှာ ချောင်းတွေက အောက်မှာ စီးနေတာဖြစ်ပြီး မြောင်းကအပေါ်မှာရှိနေလို့ ချောင်းတစ်ထပ် မြောင်းတစ်ထပ်ဖြစ်ပါတယ်။ ခြောက်မီလီမီတာ အထူသံပြားတွေကို အသုံးပြုပြီး ထောင့်မှန်စတုဂံပုံစံ ပြောင်းလဲခြင်းဖြင့် ရေအလေအလွင့်မရှိခြင်း၊ ရေပိုမိုသယ်ဆောင်နိုင်ခြင်းစတဲ့အကျိုးကျေးဇူးတွေရရှိမှာ ဖြစ်ပါတယ်"ဟု မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းက ပြောသည်။

စကု အနောက်ဘက်ခြမ်း တောင်မန်းမြောင်းမကြီး ပေါ်မှာရှိနေတဲ့ မန်းချောင်းပေါင်းတံတား ရေတံလျှောက်၊ ပင်းတလဲရေတံလျှောက်၊ စကောရေတံလျှောက်၊ စစ်စလီသစ်သားရေတံလျှောက်တွေ ပုံစံသစ်အစားထိုး ပြုပြင်ခြင်း လုပ်ငန်းခွင်ကို ဝင်ကြည့်ဖြစ်ခဲ့ပါတယ်။ ချောင်းတွေက အောက်မှာ စီးနေတာဖြစ်ပြီး မြောင်းကအပေါ်မှာ ရှိနေတာမျိုးပါ။ ချောင်းတစ်ထပ် မြောင်းတစ်ထပ်တွေ ဖြစ်ပါတယ်။ ချောင်းပေါ်မှာ မြောင်းလားရာအတိုင်း တံတားနဲ့ တံတားဝမ်းဗိုက်အောက်မှာ ရေတံလျှောက်မြောင်းအဖြစ် ၁၉၇၀ ပြည့်နှစ်တုန်းက တွဲဆက်တည်ဆောက်ခဲ့တာပါ။ တောင်မန်းရေသောက် ဧရိယာက တောင်မန်းကွင်းဘက်မှာ ၁၉၇၀ ဝန်းကျင်က ဧက ၇၂၀၀ ကျော်ရှိခဲ့ပေမယ့် အခု လွန်ခဲ့တဲ့နှစ်နှစ်လောက်အထိ ဆည်ရေသောက်ဧက ၁၂၀၀၀ ကျော် ဖြစ်လာတဲ့အခါ လယ်တွေရေပေးဝေနိုင်မှုက မလောက်မငှ ဖြစ်သွားတယ်။ ရေတံလျှောက်တွေ ပေါက်ပြဲမှုကြောင့် ရေတံလျှောက်ထဲက ရေတွေယိုကျတာ၊ ရေပေးဝေမှု မလုံလောက်တာလို့သာ သဘောထားခဲ့ကြရတာ နှစ်အတော်ကြာခဲ့ပါပြီ။ ရေတံလျှောက် သံပြားတွေကို ဖာထေးရုံသာ ပြင်ခဲ့တာကလွဲရင် အကြီးစားပြင်ဆင်မှုမရှိခဲ့ဘူး။ တကယ်တော့ ရေတံလျှောက်တွေရဲ့ ဒီဇိုင်းကြောင့် ရေစီးဆင်းမှု ပမာဏ ပြဿနာ ဖြစ်ပါတယ်။

အခုလုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်း ပြီးစီးနေတာတွေ့ရလို့ ကျေးဇူးရှင်တောင်သူကြီးတွေအတွက် ဝမ်းသာရပါတယ်။ ငွေကျပ်သိန်းပေါင်း ၄၄၀၀ ခန့် အကုန်အကျခံ တည်ဆောက်ပေးတာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က ပြောသည်

အဆိုပါ လုပ်ငန်းများဖြစ်သည့် ခြောက်မီလီမီတာ ထောင့်မှန်စတုဂံပုံသံပြားများ တပ်ဆင်ခြင်း၊ သံထည်များဆေးသုတ်ခြင်း၊ အပေါ်လက်ရန်းများ ငွေမင်ဆေးသုတ်ခြင်း၊ ရေတံလျှောက်အပေါ် ကြမ်းခင်းများ လေးမီလီမီတာ သံပြားများ အသစ်လဲလှယ်ခြင်း စသည့် လုပ်ငန်းများအားလုံးပြီးစီးပါက မင်းဘူး-စကုမြို့နယ် တောင်မန်းကွင်းအတွင်းရှိ ကိုင်းတောကြီး၊ ကိုင်းတောလေး၊ ဇရပ်ကြီး၊ ရေပုတ်၊ စကုတောင်ဘက်ခြမ်း၊ တောင်မန်းကျေးရွာများရှိ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေ အပြည့်အဝရရှိနိုင်တော့မည်ဖြစ်ကြောင်းကြောင်း သိရသည်။

# ဖရဲ၊ သခွား တန်ဖိုးမြှင့်တင်နိုင်ရန်နှင့် ဈေးကွက်ချဲ့ထွင်နိုင်ရန် သုံးနှစ်စာ စီမံကိန်းရေးဆွဲ

**– – – ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ- ကိုတင့် – – –**

ပြည်ပဈေးကွက် တိုးချဲ့နိုင်ရန်နှင့် ဖရဲ၊ သခွား တန်ဖိုးမြှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ် တင်ပို့နိုင်ရန်အတွက် သုံးနှစ်စာ စီမံကိန်းတစ်ခုကို ရေးဆွဲထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ သိရသည်။

လက်ရှိ မြန်မာနိုင်ငံထွက် ဖရဲ၊ သခွားများကို တရုတ်နိုင်ငံဈေးကွက်တစ်ခုတည်းကိုသာ အားထားတင်ပို့နေရသည့်အတွက် တရုတ်ကုန်သည်များ၏ ဈေးနှိမ်ဝယ်ယူမှုများ အပါအဝင် လမ်းခရီး ကြန့်ကြာမှုများကြောင့် လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။

"မြန်မာဖရဲ၊ သခွားကို တန်ဖိုးမြှင့်တင်နိုင်ဖို့နဲ့ ပြည်ပဈေးကွက်သစ်ချဲ့ထွင်ဖို့ သုံးနှစ်စာ စီမံကိန်းရေးဆွဲတာ မနေ့က ပြီးသွားပြီ။ စီမံကိန်းက ဒီနှစ်ဇန်နဝါရီကမှ စတာ။ ကူမင်း၊ ထိုင်ဝမ် တခြားနိုင်ငံ ဈေးကွက်တွေကိုလည်း တင်ပို့နိုင်ဖို့ စီစဉ်နေပါတယ်" ဟု ၎င်းက ပြောသည်။

ယင်းကဲ့သို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် ယခု ဖေဖော်ဝါရီလအတွင်း ဒူဘိုင်းနိုင်ငံတွင် ပြုလုပ်မည့် နိုင်ငံတကာ ဖရဲ၊ သခွားပြပွဲတွင် မြန်မာ့ဖရဲ၊ သခွားများကို သွားရောက်ပြသနိုင်ရန် ပြင်ဆင်ထားသော်လည်း ပြခန်းမရသည့်အတွက် လာမည့်နှစ်မှသာ သွားရောက်ပြသနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ဦးကျော်သူက "ဒူဘိုင်းနဲ့ ရုရှားနိုင်ငံတွေကို ဈေးကွက်ချဲ့ထွင်နိုင်ဖို့ ကျွန်တော်တို့ စီစဉ်နေပါတယ်။ ဒီလထဲ ဒူဘိုင်းမှာလုပ်မယ့် ဖရဲ၊ သခွားပွဲကိုတော့ သွားမပြဖြစ်တော့ဘူး။ နောက်နှစ်တော့ သွားနိုင်အောင် စီစဉ်ထားပါတယ်" ဟု ပြောသည်။



လက်ရှိတွင် အများပိုင်ကုမ္ပဏီ တည်ထောင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ စီးပွားရေး အကြံပေး ပညာရှင်များ၊ ကုမ္ပဏီများနှင့် သင်းဖွဲ့စည်းမျဉ်းများ၊ ရှယ်ယာထည့်ဝင်မည့် ပမာဏများနှင့် အများပိုင်ကုမ္ပဏီ လုပ်ငန်းစဉ် အသေးစိတ် အချက်အလက်များကို ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဖရဲ၊ သခွားများကို ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြပြီး လက်ရှိ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ တစ်ရက်လျှင် ဖရဲ၊ သခွား ကုန်ကားအစီးရေ ၂၅၀ ခန့် ဝင်ရောက်နေပြီး ၈၅၅ ဖရဲသီး တစ်ကီလိုလျှင် သုံးယွမ်နီးပါးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရသည်။

## တောင်သူအချင်းချင်းညှိနှိုင်း ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် လယ်ယာမြေပြဿနာများလျော့ကျကာ အကျိုးဖြစ်ထွန်းနိုင်

**ကိုလွင်(ဆွာ)■**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းဆည်ရေသောက်ဧရိယာအတွင်း ဇန်နဝါရီလဒုတိယအပတ်ကစတင်ကာ နွေစပါးများစတင်စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေရရှိနိုင်ရေးတွင် တောင်သူအချင်းချင်း ပြဿနာဖြစ်ပွားမှုများ များပြားလျက်ရှိသည်။ တောင်သူအချင်းချင်း ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်နိုင်ပါက အကျိုးစီးပွား ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

စိုက်ပျိုးရန်အတွက် ထွန်ယက်ကြရာတွင် လယ်ကြားမြောင်းများ ဖောက်ပစ်ကြခြင်းအပြင် အထက်ကဖောက် အောက်ကဖောက်၊ အောက်ကပိတ် အထက်ကနှစ် အစရှိသော ပြဿနာများမှာ နေရာအနှံ့အပြား၌ ဖြစ်ပွားလျက်ရှိကာ သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ရာတွင်လည်း လိုက်နာဆောင်ရွက်မှု အားနည်းချက်များရှိခြင်းကြောင့် ထိရောက်စွာ ဆောင်ရွက်သင့်ကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူအချင်းချင်း ယိုင်းပင်းကူညီစိတ်နဲ့ တစ်ဦးအကျိုး တစ်ဦးကြည့်ပြီး ပေါင်းစည်းလုပ်ကိုင်ကြရင် ဒီထက်ပိုအောင်မြင်နိုင်ပါတယ်။ ခုကျတော့ တစ်ဦးတစ်ယောက်က အထက်ကနေ ရေပိတ်ထားတော့ အောက်ကလူတွေက ရေမရကြဘူး။ တာဝန်ရှိသူတွေ လာရှင်းတာလည်း ဘာထိရောက်မှုမှမရှိပါဘူး"ဟု တောင်သူတစ်ဦးက ပြောသည်။

လက်ရှိ ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာကွင်း ၆၂၀(ခ) သည် အောက်မှရေထုတ်မြောင်းကို ပိတ်ဆို့ခံထားရသည့်အတွက် လက်ရှိရေမြုပ်လျက်ရှိပြီး အေးသာယာကျေးရွာလည်း တောင်သူအချို့၏ ရေတုတ်တမံများ ပြုလုပ်ထားမှုကြောင့် အခြားတောင်သူများအတွက် အချိန်မီစိုက်ပျိုးနိုင်ရန် ရေအခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း ဒေသခံများက ပြောကြားသည်။

တောင်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရမှ နိုင်ငံနှင့်အဝန်း ချောင်းပိတ်၊ မြောင်းပိတ်၊ မြစ်ရေတင်အစရှိသော စီမံကိန်းများဖြင့် တစ်နှစ်တစ်သီးစားစနစ်မှ သီးထပ်သီးညှပ်စပါးများ စိုက်ပျိုးနိုင်ရန် ငွေကြေးမြောက်မြားစွာ အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်ကို တောင်သူအားလုံးသိရှိပြီးဖြစ်သည်နှင့်အညီ မိမိတို့မလိုတော့သည့် ရေများကိုအလဟဿစွန့်ပစ်မည့်အစား ကိုယ်နှင့်လုပ်ဖော်ကိုင်ဖက် တောင်သူများအား ရေပြန်လည်ပေးဝေပါက ရေလေလွင့်မှုနည်းပါးသွားမည်ဖြစ်သည့်အပြင် တောင်သူအားလုံးအတွက်လည်း အဆင်ပြေစေနိုင်မည်ဖြစ်သည်။

## ညောင်ဦးမြို့နယ် ဆောင်းမြေပဲစိုက်တောင်သူများ ကြွက်စားဖျက်ဆီးမှုများ၍ အထွက်နှုန်းလျော့နည်းနိုင်ဟုဆို

**ညောင်ဦး ဖေဖော်ဝါရီ ၁၉** - ယခုအချိန်တွင် ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ရေတင်ကြီးများမှ မြစ်ရေတင်စနစ်ဖြင့် တောင်သူများ ဆောင်းမြေပဲစိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုရှိသော်လည်း အပင်များကို ကြွက်များက ဖျက်ဆီးကိုက်ဖြတ်မှုကြောင့် ဆောင်းမြေပဲအထွက်နှုန်းလျော့ကျနိုင်ကြောင်း တောင်သူများက ပြောသည်။

"ကြွက်တွေက ပဲပင်တွေကိုက်ဖြတ်ပစ်တယ်။ ကြွက်တွေထောင်မောင်းနဲ့ ထောင်မိတယ်။ ထောင်တော့ ငရဲကြီးတာပေါ့ဗျာ။ ဟိုနေ့က ကြွက်တွင်းတွေ့လို့တူးတော့ တွင်းထဲက မြေပဲလေးငါးပြည်သားလောက်ရတယ်။ အဲဒါကကြွက်ညိုတွင်းဗျ။ ကြွက်ဝမ်းဖြူလို့ ရှိသေးတယ်။ ကြွက်ဝမ်းဖြူကတော့ ကိုက်ဖြတ် ဖျက်ဆီးတာသက်သက်ပါ။ သိုလှောင်မှုမရှိဘူး။ ကြွက်ညိုအမျိုးအစားကတော့နေရာမှာ စားလည်းစားတယ်။ မိုးတွင်းစားဖို့လည်း သိုလှောင်ထားတယ်။ ယာခင်းထဲမှာ ကြွက်ညိုလေးငါးကောင်လောက်ရှိရင် ဘာမြေပဲမှ မရနိုင်တော့ဘူး" ဟု သူကောင်းတည်မြစ်ရေတင်နှင့် ဆောင်းမြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ရေက ယာခင်းထဲအထိ တိုက်ရိုက်မရောက်တော့ စက်နဲ့တစ်ဆင့် သွင်းယူရတယ်။ ဆီဖိုးတွေကုန်တယ်။ ရေသွင်းတဲ့ လူငှားခတွေကုန်တယ်။ အခုလိုသောက်စားများနေရင်တော့မှန်းချက်နဲ့ ပဲထွက်မကိုက်လောက်ဘူး။ ပဲထွက်မကိုက်ရင်တော့အရှုံးပေါ်နိုင်တယ်။ မနှစ်က ကြွက်လဲမပေါဘူး။ ဒီနှစ်ဒီလိုသာ ကြွက်ပူနေရင် ဆောင်းမြေပဲအထွက်နှုန်းလည်း လျော့နည်းလာနိုင်တယ်"ဟု တောင်သူ ဦးမင်းစိုးက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

## ဂျိမ်းဖောဘာသာစကားသင်တန်းဆင်း

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၉**

မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှကြီးမှူးဖွင့်လှစ်သော ကချင်တိုင်းရင်းသား ဂျိမ်းဖောဘာသာစကား အမှတ်စဉ်(၁/၂၀၁၇) သင်တန်းဆင်းပွဲကို မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းကသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြ ဒေါ်အခေါန်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီလ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ရာ မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်ရဲအရာရှိငါးဦး အခြားအဆင့်၁၉ ဦးတို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## ကျား/မ ကဏ္ဍတန်းတူ ပူးပေါင်းပါဝင်ရေးသင်တန်းပို့ချ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းမှ စည်းရုံးရေး မှူးများ၊ လက်ထောက် နည်းပညာမှူးများအား စီမံကိန်းတွင် ကျား/မ ကဏ္ဍတန်းတူ ပူးပေါင်းပါဝင်လာစေနိုင်ရန် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်၍ သင်တန်းပို့ချပေးလျက် ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ၂၀၁၇ ခုနှစ်မှ စတင်ကာ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၁၇ ရွာတွင် စီမံကိန်းကာလလေးနှစ်သတ်မှတ်၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သင်တန်းတွင် စည်းရုံးရေးမှူးများနှင့် လက်ထောက်နည်းပညာမှူး ၆၅ ဦးတို့အား လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့မှ ယာယီဖွင့်လှစ်ထားသည့်စီမံကိန်းရုံးတွင် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်းသိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

## မှုခင်းကျဆင်းရေးပညာပေးဟောပြော

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းမြို့မရဲစခန်း နယ်မြေ အတွင်း၌ သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှုမရှိစေရေး အတွက် ဖေဖော်ဝါရီ ၁၇ ရက်က ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် စခန်းမှူးဒုရဲမှူး အောင်ကျော်ဦးက မှုခင်းကျဆင်းရေး ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ရာ ပြည်စံအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မြနှင့်အုပ်ချုပ် ရေးအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ တက်ရောက်ခဲ့သည်။

ထိုသို့ မှုခင်းကျဆင်းရေးပညာပေးဟောပြောမှုများစဉ်ဆက်မပြတ်ဆောင်ရွက် နေမှုများကြောင့် အဆိုပါနယ်မြေတွင် သက်ငယ်မုဒိမ်းမှုများ လုံးဝဖြစ်ပွားခဲ့ခြင်းမရှိ ကြောင်းနှင့်အခြားအမှုကြီးဖြစ်ပွားမှုများ လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။

**မေသုခ**

## အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းပေးအပ်ပွဲ ပူတာအိုး၌ကျင်းပ

**ပူတာအို ဖေဖော်ဝါရီ ၁၉**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် သမဝါယမအသင်းသားတောင်သူများ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် အသင်းဝင်တောင်သူများသို့ အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာလုပ်ငန်းသုံးစက်ပစ္စည်း များ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်နံနက်က မြို့နယ်သမဝါယမ ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်က ငွေချေစနစ် နှင့်ပတ်သက်၍ အသင်းမှသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ငွေကြေး များ ပြန်လည်ပေးသွင်းကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ထွန်စက်မျိုးစုံ စုစုပေါင်း ၂၇ စီးကို ပထမအကြိမ် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး စက်ပစ္စည်းတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို ကနဦးပေးချေရမည်ဖြစ်ကာ အတိုး ၁.၅၀ ရာခိုင်နှုန်းကို ခြောက်လတစ်ကြိမ် ငါးရစ်စနစ်ဖြင့် နှစ်နှစ်အတွင်း အကျေပေးချေသွားရမည်ဖြစ်ကြောင်း သိရသည်။ (**ခရိုင် ပြန်/ဆက်**)

## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် သန်လျင်မြို့နယ်အတွင်း မှုခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် သန်လျင်မြို့နယ်အတွင်း မှုခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်နှင့် အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် ဖေဖော် ဝါရီ ၁၇ ရက်နံနက်ပိုင်းက သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်း အောင်ချမ်းသာ ရပ်ကွက် အောင်ချမ်းသာကုန်းထိပ်၌ မှုခင်း ပညာပေးပြခန်းယာဉ်ကို ရပ်တန့်၍ ပြည်သူလူထု ၁၅၀ ကို မှုခင်းအသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် သန်လျင်မြို့ ကျိုက်ခေါက် ဘုရားလမ်း ဘုရားကုန်းကျေးရွာတွင် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှု၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာ စေရန် အသိပညာပေးခြင်း၊ လူကုန်ကူးမှု နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အသက် အန္တရာယ်ဆုံးရှုံးမှု၊ လူနေမှုဘဝ ဆုံးရှုံးခြင်း တို့အား အသိပညာပေးခြင်း၊ မှုခင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြည်သူများအား မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ၏ ဖုန်းနံပါတ်ပါကတ်များ ဝေငှခြင်းတို့ ဆောင်ရွက်ကြသည်။

**ကိုလတ် (သတင်းစဉ်)**

## မီးဘေးရှောင် မလောင်ခင်တား

## ရာသီမရွေးသွားလာနိုင်ရေး ကျောက်စီကွန်ကရစ်လမ်းကူးရေကျော်တည်ဆောက်

**ကသာ ဖေဖော်ဝါရီ ၁၉**

ရာသီမရွေးကျေးရွာလမ်းများသွားလာနိုင်ရေး ရေကျော်ကျောက်စီ ကွန်ကရစ်အမျိုးအစားအား ကသာမြို့နယ်မှ နတ်ရေတွင်းကျေးရွာသို့ဆက်သွယ်ထားသော သွေးကျောက် ချောင်းကူးရေကျော် တည်ဆောက်ပေးခြင်းကို မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်နေကြောင်းသိရသည်။

ယခင်ကသာမြို့နယ်မှ နတ်ရေတွင်းကျေးရွာသို့ဖြတ်သန်းသွားရာတွင် မိုးတွင်းသွေးကျောက်ချောင်းရေကျလာချိန် ချောင်းဖြတ်ကူး၍မရသဖြင့် ကသာ-နဘားဆက်သွယ် ထားသောချောင်းကူးသံလမ်းတံတားပေါ်မှ အန္တရာယ်ဖြစ်စေနိုင်သော်လည်း စိုးရိမ်းစိတ်များဖြင့် ကျောင်းသူကျောင်းသားများနှင့်ဒေသခံများ အားကိုးသွားလာနေကြလျက် ရှိသည်ဟုသိရသည်။

ထို့ကြောင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်ပြည်ထောင်စု ဘတ်ဂျက်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အလျားပေ ၁၅၀ (၁၀×၆)ပေ၊ အမြင့်ခြောက်ပေရှိရေထွက်ပေါက် နှစ်ပေါက်ပါ သော ကျောက်စီကွန်ကရစ်ခင်း လမ်းကူးရေကျော် မြေသားလမ်းချဉ်းကပ်လမ်းအား ၂၀၁၆ခုနှစ် ဒီဇင်ဘာလမှစတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



## မိုးမိတ်မြို့နယ်တွင် စက်မှုလယ်ယာစနစ်တကျလယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်

**မိုးမိတ် ဖေဖော်ဝါရီ ၁၉**

နိုင်ငံတော်၏လယ်ယာစိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စု နမီကျေးရွာတွင် စက်မှုလယ်ယာစနစ် တကျလယ်ယာမြေဧက ၁၀၀ အား အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လယ်မြေများကို ထယ်ထိုး၊ ထွန်မွှေခြင်းနှင့် မြေညှိအကွက်ဖော်နေမှု၊ ကုန်ထုတ်လမ်းပါရှိအောင်ပြုပြင်ခြင်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်း ဆောင်ရွက်နေခြင်းတို့ကို ခရိုင်အုပ်ချုပ် ရေးမှူးဦးလှိုင်ထွန်းက စက်မှုလယ်ယာ ဦးစီးဌာန၊ တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးရဲမြင့်၊ မိုးမိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာနေပြည်သူများက ဖေဖော်ဝါရီ ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစက်မှုလယ်ယာစနစ်တကျ လယ်ယာမြေဧက ၁၀၀ သည် နမီကျေးရွာ နေတောင်သူ ၁၃ ဦးပိုင် လယ်ယာမြေ ကိုလယ်ကွက်တိုင်း ရေသွင်း၊ ရေထုတ် မြောင်းများ၊ ကုန်ထုတ်လမ်းများပါဝင်ပြီး လယ်ကွက်တစ်ကွက်ချင်းအနေဖြင့် စက်စွမ်းအားပြည့် အသုံးပြုနိုင်မည့် အတိုင်းအတာအရွယ်အစားမှန်ကန်သည့် စက်မှုလယ်ယာ စနစ်တကျ လယ်ကွက် များ ဖြစ်ပေါ်လာအောင် စက်မှုလယ်ယာ ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် ထိုသို့ဖော်ထုတ်ပေးခြင်းဖြင့် ကောက် စိုက်ခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း လုပ်ငန်းများကို ခေတ်မီလယ်ယာသုံး စက်ကိရိယာများဖြင့် တွင်ကျယ်စွာ အသုံးပြုကာထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့နိုင်ကြမည့် အကျိုးကျေးဇူး များကိုရရှိခံစားကြရမည်ဖြစ်ကြောင်း သိရသည်။ (**ခရိုင် ပြန်/ဆက်**)

# စက်မှုဝန်ကြီးဌာနထုတ် နိုင်ငံတကာအဆင့်မီ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး

ဆောင်းပါး - ဒေါက်တာခင်ခင်ထွေး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က "မြန်မာနိုင်ငံတွင် ဘီပိုးကာကွယ်ဆေး အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ" ဆိုသည့် သတင်းကို ဆရာဦးမြင့်မောင်စိုးက မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပေးခဲ့ပါသည်။ ထိုသတင်းကြောင့် ပြည်တွင်းထုတ် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးနှင့်ပတ်သက်၍ အသေးစိတ် စုံစမ်းသိရှိလိုသူများသည် ဆရာ့၏သတင်းတွင် ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များဖြင့် အမြောက်အမြား ဆက်သွယ်မေးမြန်းလာကြပါသည်။

ထိုမေးမြန်းချက်များကို အခြေခံ၍ မြန်မာ့အလင်းသတင်းစာကို နေ့စဉ်နှင့်အမျှ ဖတ်ရှုနေကြသူများအနေဖြင့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို မည်သို့ထုတ်လုပ်နေကြသည်ကို အသေးစိတ်သိရှိစေလိုသော ဆန္ဒများဖြစ်ပေါ်လာပြီး ယခုဆောင်းပါးကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထုတ်လုပ်သော စက်ရုံကို တည်ထောင်ရန် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ဦးဆောင်ပြီး ကိုရီးယားနိုင်ငံ၏ ချေးငွေဖြင့် ၂၀၀၀ ပြည့်နှစ်ကတည်းက စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်သည် (ဘီ)ပိုး ကူးစက်ခံထားရပြီး အများစုမှာ နာတာရှည် အသည်းရောင်အသားဝါ(ဘီ) ရောဂါသည်များ ဖြစ်နေကြပါသည်။ ထို့ကြောင့် "မြန်မာနိုင်ငံတွင် မွေးကင်းစကလေးငယ်တိုင်း အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထိုးနှံနိုင်ရန်"ဟူသော ရည်ရွယ်ချက်ဖြင့် ၂၀၀၂ ခုနှစ်မှ စတင်၍ ကိုရီးယားနိုင်ငံ ဆမ်ဆောင်းကုမ္ပဏီမှတစ်ဆင့် Sub-contract အနေဖြင့် CJ ကုမ္ပဏီကို လွှဲပြောင်းပြီး Turn Key စနစ်ဖြင့် WHO Standard နှင့်အညီ စက်ရုံကို စတင်ဆောက်လုပ်ခဲ့ပါသည်။ ဤသို့ စက်ရုံကို Turn Key စနစ်ဖြင့် ဆောက်လုပ်ခဲ့သောကြောင့် အဆောက်အအုံ၊ စက်ပစ္စည်း၊ နည်းပညာနှင့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး ထုတ်လုပ်ရန်အတွက် အဓိကလိုအပ်သော မျိုးဗီဇ(DNA) ဆဲလ်အားလုံးကို ကိုရီးယားနိုင်ငံ CJကုမ္ပဏီမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

၂၀၀၅ ခုနှစ်တွင် (ဘီ)ပိုးကာကွယ်ဆေးများကို စက်ရုံမှ Pilot Scale စတင်ထုတ်လုပ်နိုင်ခဲ့ပြီး အရည်အသွေးအတွက် စမ်းသပ်စစ်ဆေးမှုများကို စက်ရုံနှင့် CJ ကုမ္ပဏီတို့၏ QC ဌာနအပြင် ကိုရီးယား FDA နှင့် မြန်မာ FDA ရုံးများတွင်လည်း တစ်ပြိုင်နက်တည်း ပြုလုပ်ခဲ့ရာ WHO ၏ စံချိန်စံညွှန်းအတိုင်း ကာကွယ်ဆေး၏ အာနိသင်မှာ အောင်မြင်ခဲ့ပါသည်။

ထို့နောက် လူကြီးနှင့် မွေးကင်းစကလေးငယ်များတွင် ဆက်လက်ထိုးနှံ၍ စမ်းသပ်စစ်ဆေးမှု (Clinical Trials)များ ပြုလုပ်ခဲ့ရာ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ပြီးမြောက်ခဲ့ပါသည်။ ထိုစစ်ဆေးမှုမှာလည်း ၁၀၀ ရာခိုင်နှုန်းအထိ ဆေးအောင်မြင်မှုရရှိပြီး လူကြီးနှင့် ကလေးငယ်များတွင်လည်း မည်သည့် ဘေးဥပဒ်မျှ မရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

၂၀၀၆ ခုနှစ် ဩဂုတ်လတွင် စက်ရုံကို ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ယခင် စက်မှု(၁)ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။ လွှဲပြောင်းရယူပြီးချိန်မှ စတင်၍ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို အန္တရာယ်ကင်းပြီး ထိရောက်မှုရှိသည့် မျိုးဗီဇ(DNA) မှ ထုတ်လုပ်ထားသော ကာကွယ်ဆေးတစ်မျိုးတည်းသာ စက်ရုံမှ ထုတ်လုပ်ခဲ့ပါသည်။ အန္တရာယ်များမည့် ဘီပိုးရှိသူတို့၏ သွေးရည်ကြည်မှ ထုတ်လုပ်ထားသော ကာကွယ်ဆေးကို လုံးဝမထုတ်လုပ်ခဲ့ပါ။

မြန်မာ FDA ရုံးမှ စက်ရုံအတွက် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး ထုတ်လုပ်ခွင့်လိုင်စင် လူကြီးဒို့စ်ကို ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ရရှိခဲ့ပါသည်။ ထိုစဉ်က စက်ရုံ၏ မူလရည်ရွယ်ချက်အတိုင်း မွေးကင်းစကလေးငယ်များကိုပါ ထိုးနိုင်ရန်အတွက် ကလေးဒို့စ်ကိုပါ ထုတ်လုပ်ရောင်းချလိုသော်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း GAVI Project မှနေ၍ ဘီပိုးကာကွယ်ဆေး အလုံးရေသန်းပေါင်းများစွာ နှစ်စဉ် အလှူခံထားသောကြောင့် စက်ရုံတည်ဆောက်ပြီးသော်လည်း ဈေးကွက်မရှိခဲ့ပါ။ ထို့ကြောင့် ကိုရီးယားနိုင်ငံ EDCF ဘဏ်မှ အနှစ် ၃၀ ချေးငွေဖြင့် ၂၀၀၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သော စက်ရုံကို ဆက်လက်ရှင်သန် ရပ်တည်နိုင်ရန်အတွက် လူကြီးဒို့စ်ကိုသာ ထုတ်လုပ်ရောင်းချခဲ့ရပါသည်။

မြန်မာ FDA ရုံးမှ စက်ရုံအတွက် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး ထုတ်လုပ်ခွင့်လိုင်စင် လူကြီးဒို့စ်ကို ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ရရှိခဲ့ပါသည်။ ထိုစဉ်က စက်ရုံ၏ မူလရည်ရွယ်ချက်အတိုင်း မွေးကင်းစကလေးငယ်များကိုပါ ထိုးနိုင်ရန်အတွက် ကလေးဒို့စ်ကိုပါ ထုတ်လုပ်ရောင်းချလိုသော်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း GAVI Project မှနေ၍ ဘီပိုးကာကွယ်ဆေး အလုံးရေသန်းပေါင်းများစွာ နှစ်စဉ် အလှူခံထားသောကြောင့် စက်ရုံတည်ဆောက်ပြီးသော်လည်း ဈေးကွက်မရှိခဲ့ပါ။ ထို့ကြောင့် ကိုရီးယားနိုင်ငံ EDCF ဘဏ်မှ အနှစ် ၃၀ ချေးငွေဖြင့် ၂၀၀၂ ခုနှစ်မှ စတင်တည်ဆောက်ခဲ့သော စက်ရုံကို ဆက်လက်ရှင်သန် ရပ်တည်နိုင်ရန်အတွက် လူကြီးဒို့စ်ကိုသာ ထုတ်လုပ်ရောင်းချခဲ့ရပါသည်။ ၂၀၁၂ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ၁၀ နှစ် စီမံကိန်း ပြီးဆုံးသွားပြီဖြစ် သောကြောင့် စက်ရုံ၏ မူလရည်ရွယ်ချက်အတိုင်း ကလေးဒို့စ်များ ထုတ်လုပ်နိုင်ရန် ၂၀၁၃ ခုနှစ်မှစတင်၍ ကြိုးစားခဲ့ပါသည်။ သို့သော်လည်း မူလစက်စွမ်းအားဖြစ်သည့် နှစ်စဉ် ကလေးဒို့စ် ခုနှစ်သန်း ထုတ်လုပ်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းစဉ်က စာချုပ်တွင်ချုပ်ဆိုထားသည့်အတိုင်း ပြည့်မီစွာ မထုတ်လုပ်နိုင်ကြောင်း



၂၀၁၂ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ၁၀ နှစ် စီမံကိန်း ပြီးဆုံးသွားပြီဖြစ်သောကြောင့် စက်ရုံ၏ မူလရည်ရွယ်ချက်အတိုင်း ကလေးဒို့စ်များ ထုတ်လုပ်နိုင်ရန် ၂၀၁၃ ခုနှစ်မှစတင်၍ ကြိုးစားခဲ့ပါသည်။ သို့သော်လည်း မူလစက်စွမ်းအားဖြစ်သည့် နှစ်စဉ် ကလေးဒို့စ် ခုနှစ်သန်းထုတ်လုပ်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းစဉ်က စာချုပ်တွင် ချုပ်ဆိုထားသည့်အတိုင်း ပြည့်မီစွာ မထုတ်လုပ်နိုင်ကြောင်းကို ၂၀၀၇ ခုနှစ်မှ စတင်၍ စက်ရုံတွင် ကာကွယ်ဆေး အမြောက်အမြား ထုတ်လုပ်မှသာ သိရှိခဲ့ရပါသည်။ ၎င်းတို့ လွှဲပြောင်းခဲ့သော စက်စွမ်းအားအမှန်မှာ အများဆုံး ကလေးဒို့စ် ခြောက်သိန်းခန့်သာ ထုတ်လုပ်နိုင်ပါသည်။ ထို့ကြောင့် နှစ်စဉ် ကလေးငယ်တစ်သန်းကျော် မွေးဖွားနေသော မြန်မာနိုင်ငံအတွက် လက်ရှိစက်စွမ်းအားဖြင့် ပြည့်မီစွာ လုံးဝမထုတ်လုပ်နိုင်ပါ။ လက်ရှိစက်စွမ်းအားကို မြှင့်တင်လို၍ စက်အသစ်များ အမြောက်အမြား ထပ်မံဝယ်ယူမည်ဆိုပါက ကာကွယ်ဆေး၏ ဈေးနှုန်းသည် မြင့်တက်သွားနိုင်ပါသည်။ ထိုအခါ နိုင်ငံသားများအတွက် ဈေးနှုန်းချိုသာသော ဘီပိုးကာကွယ်ဆေးများကို ရောင်းချနိုင်မည်မဟုတ်ပါ။

ထို့ကြောင့် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော Ready to Fill (RTF) Bulk ဖြင့် ဘီပိုးကာကွယ်ဆေး ထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့ပါသည်။ ထိုနည်းသည် နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ် (WHO Prequalification Certificate) ရရှိထားသောစက်ရုံမှ အသင့်ဖျော်စပ်ပြီးသည့် ကာကွယ်ဆေးအရည်များကို ဝယ်ယူ၍ မိမိတို့နိုင်ငံတွင် ဆေးရည်ဖြည့်၊ ပုလင်းသွင်း ထုပ်ပိုးခြင်းသာ ဖြစ်ပါသည်။ ထုတ်လုပ်မှုကို အစမှအဆုံး မလုပ်ရသောကြောင့် အချိန်နှင့် လူအင်အား သက်သာပြီး WHO မှ လက်မှတ်ရရှိထားသော ကာကွယ်ဆေးရည်ဖြစ်သည့်အတွက် နိုင်ငံတကာအဆင့် မီပါသည်။ ထို့အတွက်ကြောင့် ဆေး၏ ဈေးနှုန်းကို ချိုသာစွာဖြင့် ဝယ်လိုအားအပြည့် အချိန်မီလည်း ရောင်းချနိုင်မည်ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကိုရီးယားနိုင်ငံ LG Life Scinence (LGLS) ကုမ္ပဏီနှင့် ဆက်သွယ်၍ ၎င်းတို့ထံမှ ဘီပိုး ကာကွယ်ဆေးအရည် RTF Bulk ကိုဝယ်ယူပြီး စက်ရုံနှင့် လုပ်ငန်း အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စတင်ခဲ့ပါသည်။ LGLS သည် လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်မှစ၍ မြန်မာနိုင်ငံအတွင်းသို့ ဘီပိုးကာကွယ်ဆေးကို EUVAX BTM အမည်ဖြင့် တင်သွင်းသော နာမည်ရကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ယခုအထိလည်း ကမ္ဘာ့နိုင်ငံပေါင်း ၆၇ နိုင်ငံသို့ ဘီပိုးကာကွယ်ဆေးများကို Sanofi Pasteur မှတစ်ဆင့် UNICEF နှင့် Pan American Health Organization (PAHO) အဖွဲ့အစည်း၏ အကူအညီဖြင့် ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီတစ်ခုလည်းဖြစ်ပါသည်။

ထိုကိုရီးယားနိုင်ငံ LGLS ကုမ္ပဏီမှ တင်သွင်းလာသော ကာကွယ်ဆေးအရည်ကို စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ BPI စက်ရုံကြီး၏ စက်ရုံခွဲဖြစ်သော ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)တွင် ဆေးရည်ဖြည့်တင်း ထုပ်ပိုးပြီး LIVOVAX-B အမည်ဖြင့် ထုတ်လုပ်ခဲ့ပါသည်။ ထိုကာကွယ်ဆေးအတွက် မြန်မာ FDA ရုံးမှ Lot Release လိုင်စင်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ရရှိခဲ့ပါသည်။

ထိုသို့ ထုတ်လုပ်ထားသောဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း WHO မှ သတ်မှတ်ထားသော စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီသည့် ဘီပိုးကာကွယ်ဆေးဖြစ်ပါသည်။ ဆေးပုလင်းတွင် ဖော်ပြထားသည့်အတိုင်း ကာကွယ်ဆေး၏ ပဋိပစ္စည်း Hepatitis B Surface Antigen ပါဝင်မှုနှုန်းထားမှာ လူကြီးဒို့စ်တွင် 20µg/1ml နှင့် ကလေးဒို့စ်တွင် 10µg/0.5 ml အပြည့် ပါဝင်ပါသည်။ သတ်မှတ်ထားသည့်အတိုင်း Antigen ပါဝင်မှု ပြည့်မီကြောင်းကို ဓာတ်ခွဲခန်းသုံးကိရိယာများနှင့် စမ်းသပ်ခြင်း(In Vitro Test)ဖြင့် အချိန်မရွေး အစမ်းသပ်အစစ်ဆေးခံနိုင်ပါသည်။ ဓာတ်ခွဲခန်းသုံး တိရစ္ဆာန်ငယ်များနှင့် စမ်းသပ်ခြင်း (In Vivo Test) ဖြင့်လည်း စမ်းသပ်စစ်ဆေးနိုင်ပါသည်။

ဆေး၏ဈေးနှုန်းမှာ လူကြီးဒို့စ် တစ်လုံးလျှင် ငွေကျပ် ၃၈၀၀ နှင့် ကလေးဒို့စ် တစ်လုံးလျှင် ငွေကျပ် ၂၈၀၀ ဖြင့် BPI နှင့် ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)တို့တွင် လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။ ထို့အပြင် စက်မှုဝန်ကြီးဌာနထုတ် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးနှင့် ပတ်သက်၍ အခြားသိရှိလိုသော အချက်အလက်များ ရှိပါကလည်း ဖုန်း- ၀၉-၄၄၈၀၃၂၉၀၈၊ ၀၉-၇၉၈၈၇၃၇၇၅၊ ၀၉-၅၁၅၆၁၉၅ နှင့် အီးမေးလ် - moihbvp@gmail.com သို့ အချိန်မရွေး ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

လူတိုင်း မိမိတွင် အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ/မရှိ ဦးစွာစစ်ဆေးပြီး ဘီပိုးမရှိပါက "ချက်ချင်း ကာကွယ်ဆေးထိုးခြင်း"ဖြင့် ဤရောဂါပိုးကို အနိုင်ယူကြပါစို့။ ။

## နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်


**မိုးညှင်း ဖေဖော်ဝါရီ ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မြိုင်သာယာကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးညှင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဖြူလေးဝေ ဦးဆောင်ပြီး မြို့နယ်ကျန်းမာရေးမှူး ဦးလှဌေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးဇော်နိုင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပါဝင်သော နယ်လှည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က မြိုင်သာယာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အထွေထွေရောဂါဝေဒနာရှင် ဒေသခံပြည်သူ ၁၅၀ ကျော်အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး



**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် စာသင်ကျောင်းများမှ စာကြည့်တိုက်များ၏ ဝန်ဆောင်မှုမြှင့်တင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် Save the Library မှ ဦးမောင်မောင်စိုးက စာကြည့်တိုက်များကို နည်းပညာဖြင့်ချဉ်းကပ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တာမွေမြို့နယ်အားမာန်သစ်စာကြည့်တိုက် အတွင်းရေးမှူး ဒေါ်ခင်လပြည့်ဝန်းက ယနေ့ခေတ် စာကြည့်တိုက်များ အရည်အသွေးမြင့်မားရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးပြီး ဆွေးနွေးပွဲတက်ရောက်သော ဒေါပုံမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ စာကြည့်တိုက်မှူးများ၊ အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများ၊ ကျောင်းများမှ ဆရာ ဆရာမများနှင့် စာကြည့်တိုက်လုပ်ငန်းပညာရပ်ကို စိတ်ဝင်စားသူများကလည်း ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## ကျန်းမာရေး အသိပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေး

**ဝါးခယ်မ ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဝါးခယ်မမြို့ သော်က ရပ်ကွက်နေ ပြည်သူများအား အသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေးခြင်းများကို ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ကြည်က ပြည်သူများအနေဖြင့် အသိပညာ ဗဟုသုတ ပြည့်စုံစေရေးအတွက် စာပေလေ့လာဖတ်ရှုသင့်ကြောင်း၊ ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာန ကုသရေးအဖွဲ့မှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ဖြူဖြူခိုင်က ဥတုရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း၊ ရောဂါကာကွယ်စောင့်ရှောက်မှုများနှင့် ကျန်းမာအောင်နေထိုင်နည်းများကို အသိပညာပေးဆွေးနွေးဟောပြောပြီး ဒေသခံပြည်သူများ၏ အထွေထွေရောဂါများနှင့် မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ မူးဝေ၊ လေးဘက်နာရောဂါ၊ ဒူးနာ၊ ခါးနာ စသည့် ရောဂါဝေဒနာများကို စမ်းသပ်စစ်ဆေးပေးခြင်းနှင့် တိုင်းရင်းဆေးပညာဖြင့် ဆေးကုသပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှမ်းသီဟ(ဝါးခယ်မ)**

## သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**ပွဲ့တန်ဆာ ဖေဖော်ဝါရီ ၁၉**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ တည်ထောင်တော်မူသော ညောင်လေးပင်မြို့နယ် ပွဲ့တန်ဆာမြို့ရှိ သီတဂူ စက္ခုဒါနဆေးရုံတော်ကြီး တည်ဆောက်ပြီးစီးနေပြီဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းမှ စတင်ကာ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျက်စိရောဂါများ ကုသပေးရာတွင် သီတဂူဆရာတော်ကြီး၏ သြဝါဒကို ခံယူကာ သီတဂူဆေးရုံတော်များ၏ဥက္ကဋ္ဌ ဒေါက်တာဦးကောဝိဒ လမ်းညွှန်မှုဖြင့် သီတဂူကမ္ဘာ့သာသနာပြုအဖွဲ့မှ ပါမောက္ခဒေါက်တာမြအောင် ဦးဆောင်ပြီး စစ်ကိုင်းသီတဂူဆေးရုံ ဒုတိယဆေးရုံအုပ် ဒေါက်တာဒေါ်မိမိခင်နှင့် ဆရာဝန်များအဖွဲ့၊ အထောက်အကူပြုအဖွဲ့များ၊ ဝိဝင္ဒါနအလှူရှင်များ၊ ဒေသခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပွဲ့တန်ဆာမြို့ သီတဂူဆေးရုံတော် ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများ ပူးပေါင်းပြီး အခမဲ့စမ်းသပ်ခွဲစိတ် ကုသပေးနေခြင်းဖြစ်သည်။



ပွဲ့တန်ဆာမြို့ သီတဂူ စက္ခုဒါနဆေးရုံတော်ကြီး၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ မျက်စိရောဂါများကို စမ်းသပ် ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကာ တစ်ရက်လျှင် မျက်စိ ဝေဒနာရှင် ၃၅၀ ခန့် စမ်းသပ်ကုသပေးမည်ဖြစ်ကြောင်းနှင့် ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် ရွှေကျင်မြို့နယ်များမှ မျက်စိဝေဒနာရှင် ပြည်သူများအနေဖြင့် လူမျိုးဘာသာမရွေး အခမဲ့ စမ်းသပ်ကုသမှု လာရောက်ခံယူနိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မဲဇာမြစ်ကူး သံကူကွန်ကရစ်တံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်

**ဗန်းမောက် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်နှင့် အင်းတော်မြို့နယ်ကို ပိုင်းခြားထားသော မဲဇာမြစ်ကူး ကျောက်မဲတောင် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကျောက်မဲတောင်တောရကျောင်း ဆရာတော် ဦးပညာဝံသက ဦးစီး၍ ဖေဖော်ဝါရီ ၁၅ ရက်မှ



စတင်ကာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မဲဇာမြစ်ခြားထားတော့ ဗန်းမောက်မြို့နယ်မှာရှိတဲ့ တောင်ပိုင်းက သောင်ကြီးရွာ၊ စီးမော်ရွာ၊ ပန်းတင်၊ ညောင်ပင်သာ၊ စုံးတော်၊ တုံးပင်၊ လယ်ဦး၊ ကျောက်တန်း၊ ကျောက်အိုင်၊ ပေပင်၊ ထိန်းဆုံ၊ အလယ်ကန် ကျေးရွာတွေက ပြည်သူတွေဟာ လမ်းပန်းဆက်သွယ်သွားလာရေး မကောင်းဘူး။ မိုးရွာရင် ပိုဆိုးပါတယ်။ ဒါကြောင့် ဦးဇင်းက စေတနာရှင် ဒကာတွေ လှူဒါန်းတဲ့ ငွေကျပ်သိန်း ၄၅၀ ကို မတည်ပြီး ဆောက်လုပ်တာဖြစ်ပါတယ်" ဟု ကျောက်မဲတောင်တောရကျောင်း ဆရာတော်က မိန့်ကြားသည်။

အဆိုပါ မဲဇာမြစ်ကူး ကျောက်မဲတောင် သံကူကွန်ကရစ်တံတားသည် အရှည် ပေ ၂၅၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၃၃ ပေ ရှိမည်ဖြစ်ကာ တံတားရေလယ်တိုင် သုံးတိုင်၊ ဘေးနှစ်ဖက် ချဉ်းကပ်ခုံနှစ်ခုံတို့ ပါဝင်မည်ဖြစ်ကြောင်း၊ ဒေသခံ စေတနာရှင်များ၏ အလှူငွေနှင့် လုပ်အားများဖြင့် တံတားကို စတင်တည်ဆောက်နေပြီဖြစ်သော်လည်း တံတားကြီးတည်ဆောက်ခြင်းအတွက် စုစုပေါင်း ကျပ်သိန်း ၈၀၀ ကျော်ခန့် ကုန်ကျမည်ဖြစ်၍ အလှူရှင်များလည်း ထပ်မံလိုအပ်နေသေးကြောင်း သိရသည်။

**သန်းမောင်လေး**

## အချုပ်သားများအား မိုဘိုင်းစာငှားစနစ်ဖြင့် အပတ်စဉ် စာအုပ်များငှားရမ်းပေးလျက်ရှိ

**တနင်္သာရီ ဖေဖော်ဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ မြို့မရဲစခန်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် အမှုရင်ဆိုင်အချုပ်ကျနေသူများအား အမှုရင်ဆိုင်နေစဉ်ကာလအတွင်း စာပေဗဟုသုတများကို လေ့လာဖတ်ရှုခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ မိုဘိုင်းစာငှားစနစ်ဖြင့် စာအုပ်စာစောင်များကို အပတ်စဉ် သွားရောက်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

အချုပ်သားများက ဖတ်ရှုလို၍ ဆန္ဒပြုတောင်းဆိုသော စာအုပ်စာစောင်များကို ရအောင်ရှာဖွေပေးကာ အဟောင်းပြန်အပ် အသစ်လဲလှယ်ပေး စနစ်ဖြင့် အပတ်စဉ် ငှားရမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မိသူဇာနှင့် ဝန်ထမ်းများက မြို့မရဲစခန်းသို့သွားရောက်၍ စာအုပ်များ ငှားရမ်းပေးရာတွင် အချုပ်ကျခံနေရသူ ကျား၊ မ ၂၈ ဦးအတွက် သုတ/ရသ/ရုပ်ပြ စာအုပ် ၂၈ အုပ်ကို ငှားရမ်းပေးနိုင်ခဲ့ကြောင်း၊ အချုပ်သားများ ကိုယ်ပိုင်ဝယ်ယူဖတ်ရှုလိုသည့်



စာအုပ်စာစောင်များကိုလည်း ဝယ်ယူနိုင်အောင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စာအုပ်များ ငှားရမ်းပေးနိုင်ရန်အတွက် လိုအပ်သည်များကို ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်အောင်နှင့် မြို့မရဲစခန်းမှူး ရဲအုပ် မောင်မောင်တို့က ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ကွန်ကရစ်လမ်းသစ်နှင့် ဓမ္မာရုံ ဖွင့်ပွဲကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းမြို့ လင်းဇင်းရပ်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရား၌ ရွှေဓမ္မာရုံ ရေစက်ချ အလှူတော်မင်္ဂလာနှင့် ဓမ္မာရုံရှေ့ ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က အဆိုပါ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။ လင်းဇင်းရပ်ရွှေဓမ္မာရုံကို ရပ်ကွက်လူမှုရေးအသင်းက ဦးဆောင်၍ အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေ ကျပ် ၃၇၈ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဓမ္မာရုံရှေ့ရှိ ကွန်ကရစ်လမ်း အရှည်ပေ ၁၆၅၀ ကိုလည်း အလှူရှင်တစ်ဦးက ကျပ်သိန်းပေါင်း ၄၀၀ ကျော်ကို တစ်ဦးတည်း အကုန်ကျခံ၍ ခင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လင်းဇင်းရပ်ကွက်သည် ဧရာဝတီမြစ်နှင့် အနီးကပ်တည်ရှိသည့် ရပ်ကွက်ကြီးတစ်ခုဖြစ်ပြီး နှစ်စဉ်ရေဝင်ရောက်ခြင်းကြောင့် အများပြည်သူတို့ သွားလာရာတွင် ရွှံ့ဗွက်များကြားမှ ဖြတ်သန်းသွားလာခဲ့ရပြီး ယခု လမ်းပြီးစီးသဖြင့် ပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ (ဝ၆၆)

# မြို့နယ်အဆင့်လူထုကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်ရန် ဆန်းစစ်ဆွေးနွေး

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျန်းမာရေးဌာန လက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာန(ခွဲ)များ၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လာမည့်နှစ်အတွင်း ဆောင်ရွက်မှုများကို ယခင်နှစ်များတွင် ဆောင်ရွက်ခဲ့မှုများထက် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်ရန်ရည်ရွယ်ပြီး မြို့နယ်အဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲကို မြို့နယ်ကျန်းမာရေးဌာနရုံး၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

"ဆန်းစစ်ဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပတာဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနနဲ့ ဌာန(ခွဲ)တွေမှာရှိတဲ့ ဝန်ထမ်းများကို ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ ၂၀၁၆ ခုနှစ်က ကျန်းမာရေးနှင့် ပတ်သက်တဲ့ဆောင်ရွက်ချက်တွေကို ပြန်လည်သုံးသပ်ပြီး လာမည့်နှစ်မှာ ပိုမိုကောင်းမွန်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာကို ဆွေးနွေးတာဖြစ်ပါတယ်"ဟု မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁)ဦးမြင့်ဝင်းက ပြောကြားသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုများ၏ အရေးကြီးပုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာန(ခွဲ)များ၏ လုပ်ငန်းဆောင်ရွက်မှုတွင် ယခင်နှစ်များနှင့် ယခုနှစ် အားနည်းချက်၊ အားသာချက်များ၊ လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများအကြောင်း၊ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လာမည့်နှစ်အတွင်း ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများ စသည့်အကြောင်းအရာများကို ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာန(ခွဲ)များမှ ကျန်းမာရေးမှူးများက တက်ရောက်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ထူးအိမ်(ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ဖြူး ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စားသုံးသူအကာအကွယ်ပေးရေးနှင့် မူခင်းကျဆင်းရေးဆိုင်ရာများ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်သဲစုလွင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ဖြူးမြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်ဝင်းက သက်ငယ်မုဒိမ်းမှုများ အပါအဝင် မူခင်းများဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရေးအတွက် သတိပြုဖွယ်ရာများကိုလည်းကောင်း၊ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ဖြူးမြို့မရဲစခန်းမှ ရဲအုပ်အောင်လင်းက မူခင်းကျဆင်းရေးဆိုင်ရာများကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# မြစ်ကြီးနားမြို့ ရောရုပ်ရှင်ရုံဖွင့်ပွဲ ကျင်းပ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်ပြုပြင်မှုများ ဆောင်ရွက်ပြီး ပြန်လည်ဖွင့်လှစ်သော မြို့သစ်ရပ်ကွက်ရှိ ရောရုပ်ရှင်ရုံ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။

ရုပ်ရှင်ရုံဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ရောရုပ်ရှင်ရုံပိုင်ရှင် ဒေါ်နန်းအေးခွမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် မွန်မြန်မာမီဒီယာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ JZ ခေါင်လွဏ်း ရိုက်ကူးထားသော မနောမြေမှ ကျောက်စိမ်းကမ္ဘာ ရုပ်ရှင်ဇာတ်ကား ပထမဆုံးပြသမှုကို ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးခဲ့ကြသည်။

မြစ်ကြီးနားမြို့ရှိ ပုဂ္ဂလိကပိုင် ရောရုပ်ရှင်ရုံကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်ပြုပြင်မှုများ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများပြီးစီးသဖြင့် ဖေဖော်ဝါရီ ၁၇ ရက်မှစပြီး ရုပ်ရှင်ဇာတ်ကားများကို နေ့ ၁၂ နာရီ ၃၀ မိနစ်တွင်တစ်ကြိမ်၊ ည ၇ နာရီတွင်တစ်ကြိမ် နေ့စဉ်ပြသသွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ရုံဝင်ကြေးအဖြစ် ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀ နှင့် အထူးခုံ ၆၀၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။ မြစ်ကြီးနားမြို့တွင် ရောရုပ်ရှင်ရုံနှင့် မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ နှစ်ရုံသာရှိကာ ရောရုပ်ရှင်ရုံကို ၁၉၅၅ ခုနှစ်မှ စတင်ပြသခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# ကျောင်းစာသင်ခန်း မလုံလောက်၍ သစ်ပင်ရိပ်အောက်၌ သင်ကြားနေရ

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၉**



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မီးတိုင်တောကျေးရွာအုပ်စု မထူရာကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းသားကျောင်းသူများအတွက် စာသင်ခန်း လုံလောက်မှုမရှိ၍ ကျောင်းဆောင်သစ်တစ်ခုကို တည်ဆောက်လျက်ရှိကာ အဆိုပါကျောင်းဆောင်သစ်တည်ဆောက်နေချိန်အတွင်း ကျောင်းသား ကျောင်းသူများအား စာသင်ကြားရာတွင် ကျောင်းဝင်းအတွင်းရှိ ယာယီတဲနှင့် သစ်ပင်အရိပ်အောက်၌ သင်ကြားပေးနေရကြောင်းနှင့် ယခုဆောက်လုပ်နေသော ကျောင်းဆောင်သစ်အတွက် အလှူငွေလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ မထူရာ မူလတန်းလွန်ကျောင်းမှာ ကျောင်းသားဦးရေ ၁၄၃ ယောက်ရှိပြီး ဆရာ ဆရာမ ရှစ်ယောက်ရှိပါတယ်။ အခုရှိတဲ့ကျောင်းက ပေ ၆၀၊ ပေ ၃၀ တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး စာသင်ခန်းက ပေ ၂၀ သုံးခန်းသာရှိလို့ ယခင် ကျောင်းဆောင်ဟောင်းတစ်ခုကို မြို့နယ်ပညာရေးမှူးထံ ပယ်ဖျက်ခွင့်တောင်းပြီး ကျောင်းသားမိဘတွေနဲ့ တိုင်ပင်ကာ မိုးမကျမီ ကျောင်းဆောင်သစ်ကို အမြန်ဆုံး ပြန်လည်တည်ဆောက်နေပါတယ်"ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းက ပြောသည်။

ယခု ဆောက်လုပ်လျက်ရှိသည့် ကျောင်းဆောင်သစ်သည် အလျား ၈၁ ပေ၊ အနံ ၁၇ ပေရှိ သွပ်မိုးအုတ်ညှပ်တစ်ထပ် ကျောင်းဆောင်ဖြစ်ကြောင်း၊ စေတနာရှင်ပြည်သူများနှင့် ကျောင်းသားမိဘများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခြင်းဖြစ်ကာ ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း ၆၀ ခန့်ဖြစ်ပြီး အလှူရှင်များ လိုအပ်လျက်ရှိကြောင်း၊ ပရဟိတနှင့် လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက မထူရာ မူလတန်းလွန်ကျောင်း ဖုန်း - ၀၉-၇၀၁၇၉၂၅၅၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျောင်းအုပ်ဆရာမကြီး၏ ပြောကြားချက်အရ သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မုန်တိုင်းကျစဉ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်

**ပခုက္ကူ ဖေဖော်ဝါရီ ၁၉**

ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများ ပါဝင်ပြီး မုန်တိုင်းကျစဉ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အပါအဝင် မုန်တိုင်းပုံစံ ဇာတ်တိုက်လေ့ကျင့်မှုများကို ပခုက္ကူမြို့နယ် ရှားပင်ကျေးရွာအုပ်စု နွံးပို့ကျေးရွာ၌ ဖေဖော်ဝါရီ ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလွင်က အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူး ဦးနေဝင်းက ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မီးသတ်ဦးစီးဌာန၊ ပခုက္ကူမြို့နယ် ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ဆောင်ရမည့် အချက်အလက်များနှင့် ရည်ရွယ်ချက်များကို ဒေသခံပြည်သူများအား ဌာနအလိုက် ရှင်းလင်းပြောကြားသည်။



မုန်တိုင်းကျစဉ် ဘေးကင်းရာသို့ ရွှေ့ပြောင်းမှုတွင် ပါဝင်လေ့ကျင့်နေသော ပြည်သူများ

ထို့နောက် မုန်တိုင်းပုံစံ ဇာတ်တိုက်လေ့ကျင့်မှုများကို ဒေသခံပြည်သူများ ပါဝင်၍ ဆက်လက်ပြုလုပ်ရာ ကူညီခြင်း၊ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း စသည့်အကြောင်းအရာများကို လက်တွေ့ပြသခြင်းနှင့် ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ NGO နှင့် INGO အဖွဲ့အစည်းဝင်များ၊ ရှားပင်ကျေးရွာနှင့် နွံးပို့ကျေးရွာတို့မှ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၄၀၀ ခန့် စုပေါင်းပါဝင်၍ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**တင်အောင်ဝင်း**

# ကော့သောင်းမြို့ ၃မိုင်သီရိမြိုင်ကမ်းခြေခဲ့ထွင်မှုစီမံကိန်း ဆောင်ရွက်

**ကော့သောင်း ဖေဖော်ဝါရီ ၁၉**



ကော့သောင်းမြို့ မြို့အဝင် ၃မိုင်သီရိမြိုင်ရပ်ကွက် အရှေ့ပင်လယ်ကမ်းခြေ မြေပြင်ချဲ့ထွင်ခြင်းစီမံကိန်းလုပ်ငန်းအား ယခင်လဆန်းပိုင်းမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် လုပ်ငန်းများ၏ ၆၀ ရာခိုင်နှုန်းခန့် အကောင်အထည်ဖော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ်းခြေတစ်လျှောက် အကျယ်ပေ ၁၅၀ မြေပြင်အဖြစ် မူလသဘာဝကမ်းခြေ အနေအထားမှ ပင်လယ်အတွင်းသို့ မြေသားဖို့ မြေပြင်ချဲ့ထွင်ခြင်းစီမံကိန်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ ကမ်းခြေမြေသားဖို့ချဲ့ထွင်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးပါက မြို့၏ လိုအပ်ချက်တစ်ခုဖြစ်သည့် မြို့နေပြည်သူများ အနားယူအပန်းဖြေရာနှင့် ပွဲလမ်းသဘင် အခမ်းအနားများ ကျင်းပနိုင်ရန် နေရာအဖြစ်လည်းကောင်း၊ မြို့သို့ လာရောက်လည်ပတ်မည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ပင်လယ် လေကောင်းလေသန့်ရှူရှိုက်ရင်း နေဝင်ဆည်းဆာအချိန် အလှအား ခံစားအနားယူအပန်းဖြေရာ နေရာတစ်ခုအဖြစ် အများပြည်သူနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

MAEX
MYANMAR AGRO EXCHANGE PUBLIC LTD.
မြန်မာ အက်ဂရိုအိတ် (စ်) ချိန်း ပတ်ဘလစ် လီမိတက်


















# အစုရှယ်ယာများခွဲဝေ ဝယ်ယူခွင့်ပြုကြောင်း ကြေညာခြင်း။

မြန်မာ အက်ဂရို အိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက် (MAEX) အနေဖြင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် (SECM) ၏ ခွင့်ပြုချက်ဖြင့် အများပြည်သူသို့ ပထမအကြိမ် အစုရှယ်ယာ ကမ်းလှမ်း ရောင်းချခြင်း ( IPO ) အား (၁၆.၁.၂၀၁၇)ရက်နေ့မှ စတင် ကမ်းလှမ်း ရောင်းချခဲ့ရာ (၇.၂.၂၀၁၇) ရက်နေ့တွင် ကမ်းလှမ်း အစုရှယ်ယာ အရေအတွက် (၅၀၀,၀၀၀) ကို ပြည့်မီပြီး (၂၀.၅၆%) ကျော်လွန်၍ အစုရှယ်ယာ (၆၀၂,၈၀၀)စု အား ဝယ်ယူခွင့်ပြုပါရန် အဆိုပြုတင်ပြလာပါသဖြင့် အစုရှယ်ယာ ကမ်းလှမ်းမှုအား သတ်မှတ်ချိန်ထက်စော၍ အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။

အစုရှယ်ယာ (၅၀၀,၀၀၀)စု အတွက် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် (SECM) မှ အတည်ပြု ထုတ်ပြန်ပေးထားသော မြန်မာ အက်ဂရို အိတ်(စ်)ချိန်း ပတ်ဘလစ်လီမိတက်၏ အလားအလာညွှန်းတမ်း အပိုင်း (၂)၊ အပိုဒ် ၅ ပါ အစုရှယ်ယာခွဲဝေမှု အစီအစဉ်အရ-

(က) အစုရှယ်ယာ အရေအတွက် အနည်း လျှောက်ထားသူများကို ဦးစားပေး၍အစု(၄၀၀၀) နှင့် အောက် ဝယ်ယူရန် လျှောက်ထားသူ ကုမ္ပဏီ / လူပုဂ္ဂိုလ်များ၏ အဆိုပြုလျှောက်လွှာများကို အဆိုပြုခဲ့သည့် အစု အရေအတွက် အတိုင်းအပြည့်အဝ ဝယ်ယူခွင့်ပြုသွားမည် ဖြစ်ပါသည်။

(ခ) အစု (၄၀၀၀) စုနှင့် အထက် လျှောက်ထားသူ ကုမ္ပဏီ / လူပုဂ္ဂိုလ်များ၏ အဆိုပြုလွှာများကို အစု(၄၀၀၀) အထိ အပြည့်ဝယ်ယူခွင့်ရရှိမည့် အပြင်ပိုမို လျှောက်ထားသည့် အစုများကို အစုရေ (၅၀၀၀၀၀) ပြည့်သည် အထိ အချိုးကျ ခွဲဝေဝယ်ယူခွင့် ပြုမည်ဖြစ်ပါသည်။

မူလ ရောင်းချပေးရန် သတ်မှတ်ထားသော စုစုပေါင်း အစု (၅၀၀၀၀၀) ထက် ကျော်လွန် အဆိုပြုထားသည့် အစု (၁၀၂၈၀၀)စုအားလည်း အဆိုပြုသူများ လိုအင်ဆန္ဒပြည့်ဝစေရန် အတွက် ဆက်လက် ဝယ်ယူရန် ဆန္ဒရှိ သူများအား ငွေချေး သက်သေခံ လက်မှတ်များ လဲလှယ် ရောင်းဝယ်ရေး နည်းဥပဒေ ပုဒ်မ ၁၀၇ (ခ)၊ ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ(က) အရ Private Placement Share များအဖြစ် လက်ခံ၍ ဝယ်ယူခွင့်ပြုသွားမည် ဖြစ်ကြောင်းနှင့် မိမိတို့အဆိုပြုလွှာ လျှောက်ထားခဲ့သည့် Securities Company များတွင် အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါကြောင်းကြေညာအပ်ပါသည်။

အစုရှယ်ယာရှင် ၏ အစုရှယ်ယာ သက်သေခံ လက်မှတ် (Share Certificate) များကို ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်းတွင် ဖော်ပြထားသည့်အတိုင်း (၃.၄.၂၀၁၇) နေ့မှစ၍ ကုမ္ပဏီမှ ထုတ်ပေးသွားမည် ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ကုမ္ပဏီရုံးခန်းဖုန်း ၀၁-၅၀၃၉၂၈၊ ၅၀၃၉၂၉ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာ အက်ဂရို အိတ်(စ်)ချိန်း ပတ်ဘလစ် လီမိတက် (MAEX) ၏ အများပြည်သူများသို့ ပထမအကြိမ် အစုရှယ်ယာ (၅၀၀,၀၀၀) ကို ပြည့်မီကျော်လွန်၍ အောင်မြင်စွာ ကမ်းလှမ်းရောင်းချနိုင်အောင် လမ်းညွှန် ဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် (SECM) နှင့် Win Consulting Limited ၊ ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြသည့် Securities Company များဖြစ်သော KBZ Stirling Coleman Securities Company Limited, AYA Trust Securities Company Limited, CB Securities Limited, KTZ Ruby Hill Securities Company Limited နှင့် စိတ်ဝင်စားစွာဖြင့် အစုရှယ်ယာဝယ်ယူခွင့် အဆိုပြုလျှောက်ထားသူများ အားလုံးကို အထူးကျေးဇူးတင်ရှိအပ်ပါသည်။

KBZSC | CB SECURITIES | AYAtrust Secure for Future | KTzRH

ဒါရိုက်တာအဖွဲ့
မြန်မာအက်ဂရိုအိတ်(စ်)ချိန်းပတ်ဘလစ် လီမိတက် (MAEX)

အခန်း (၀၄-၀၃)၊ ၄ လွှာ၊ ဘလောက် (အေ)၊ ဒဂုန်စင်တာ (၁)၊ အမှတ် ၂၆၂-၂၆၄၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၀၃၉၂၈ ၊ ၅၀၃၉၂၉

## သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ရှင်ပြု ရဟန်းခံ သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | |
|---|---|---|
| ၁ | အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၅၃၉၅၊ ၀၁-၅၄၅၃၉၆ |
| ၂ | အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၀၆ |
| ၃ | အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၃၈၀၅၇၃ |
| ၄ | အမှတ်-၁၁၃၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉-၇၃၀၁၆၀၃၂ |
| ၅ | အမှတ်-၁၂၅၊ သံဈေးရှေ့ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁-၂၂၅၅၀၆ |
| ၆ | အမှတ်-၃၇၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉-၇၃၀၀၅၉၂၆ |
| ၇ | အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ | ၀၉-၈၆၀၃၀၈၅ |
| ၈ | တိုက်-A၊ အခန်း-၁၊ ပူးမားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁-၆၄၂၃၂၂ |
| ၉ | ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉-၇၃၀၆၅၂၃၇ |
| ၁၀ | အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉-၇၃၀၀၅၇၉၃ |
| ၁၁ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရတနာ၊ မြင်းရတနာကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇-၂၂၅၉၇ |
| ၁၂ | ၂/ ၈၃၊ နေပြည်တော်လမ်းမကြီး(ယခင်ပျဉ်းမနား-တောင်ညိုလမ်း)၊ ဆင်ရတနာအနီး၊ ယောက်သွားအင်းရပ်၊ နေပြည်တော်-ပျဉ်းမနားမြို့။ | ၀၆၇-၂၄၇၇၃ |

**နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။**

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်

## ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## 2017မိုးရာသီမှာ . . .

လက်ဆောင်ပေးရန်နှင့်
မိမိ၏ဝန်ထမ်းများဝတ်ဆင်ရန် အရည်အသွေးကောင်းမွန်သော **မိုးကာအင်္ကျီ** ကို
မိမိ၏ကုမ္ပဏီလိုဂို အရောင်အသွေးအတိုင်း
ဈေးနှုန်း သင့်တင့်စွာဖြင့် ရရှိနိုင်ရန် ကြိုတင်၍ ဆက်သွယ် စီစဉ်လိုက်ပါ . . .

T&F (true and fair) fashion
Phone : 09 55 23456

Since 1996
Home
Think of House. Think of Home

## Kitchen Cabinet
*Special Promotion*



Buy 4' Kitchen Set ဝယ်ရုံဖြင့် → Get 1Box လက်ဆောင်

ပထမဆုံးဝယ်ယူသူ (၃၀)ဦးအထိသာ



ယခင်ဈေး ~~168,000~~ ယခုဈေး 149,000

ဝိတ်ရက်မရှိ

➤ အမှတ် F.(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
➤ အမှတ် (11)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
HOTLINE: 09-79 700 70 71
09-79 700 70 81

## မြန်မာကျောက် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများကို ရွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။

(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။
(ခ) ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့် စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်နိုင်သူ။
(ဂ) မိမိ၏ လုပ်ငန်း အောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။
(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၎င်းဒေသရှိ လုပ်ငန်းရှင်ကြီးနှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။
(င) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ၊ ဘောဂဗေဒ၊ စီးပွားရေးဆိုင်ရာနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေးစဉ်းစားမည်။
(စ) စိစစ်ရွေးချယ်ခံရသူအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါ ကူညီထောက်ပံ့ပေးမည်။
(ဆ) ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

**စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်။**

အမှတ် (၉၈)၊ ဗဟိုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးခင်မောင်ကြည် (ရုံးအဖွဲ့မှူး)၊ ၀၉၇၇၈၈၃၈၈၆၄၊ ၀၉၉၇၁၁၆၁၈၃၅၊
ဒေါ်တင်ဇာလင်း (ဌာနမှူး)၊ ၀၉၄၀၁၅၈၀၄၀၃၊ ၀၉၇၉၅၃၇၂၂၄၉၊
ဒေါ်ငွေးငွေးဝင်း (ဌာနမှူး)၊ ၀၉၉၇၉၆၂၁၆၃၉၊ ၀၉၂၅၃၀၃၈၇၂၂၊
ဒေါ်ဝေမွန်သိန်း (ဌာနမှူး)၊ ၀၉၂၅၀၇၇၄၉၀၈၊ ၀၉၄၂၅၂၇၆၉၀၈၊

## အခမဲ့ Facebook, Viber, BeeTalk နှင့် ဖုန်းခေါ်ဆိုခြင်း

ooredoo

*5050# ကို ခေါ်ဆိုပြီး ငွေဖြည့်ပါ။



| ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း |
|---|---|---|
| ၁,၀၀၀ ကျပ် - ၂,၉၉၉ ကျပ် | 500 MB Facebook<br>100 MB Viber / BeeTalk<br>အူရီဒူး အချင်းချင်း မိနစ် ၅၀ ဖုန်းခေါ်ဆိုမှု | ၃ ရက် |
| ၃,၀၀၀ ကျပ် - ၉,၉၉၉ ကျပ် | | ၅ ရက် |
| ၁၀,၀၀၀ ကျပ်နှင့် အထက် | | ၁၅ ရက် |

အခုပဲ *666# ကိုခေါ်ဆိုပြီး ဆင်းကတ်မှတ်ပုံတင်ကြပါစို့

# ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် (၆/၂၀၁၇) အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ ညွှန့်ဂေဟာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဦးညွန့်ဆွေ၊ ဦးစောသလေးစော၊ ဒေါ်ကျိန်ငိုက်မန်၊ ဒေါက်တာလှမောင်၊ ဦးသာညွှာ၊ ရဲချုပ်ဇော်ဝင်း၊ ဦးအောင်နိုင်၊ ကော်မရှင်အတွင်းရေးမှူး

*စာမျက်နှာ ၅ ကော်လံ ၁* ❒



ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် (၆/၂၀၁၇) အစည်းအဝေးကျင်းပစဉ်

## မိုးလေဝသအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးရွာနိုင်သည်။ (မိုး/ဇလ)

## ဘဏ်အတိုးရငွေအပေါ် အခွန်ကောက်ခံရန် အစီအစဉ်မရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဘဏ်များတွင်အပ်နှံထားသည့်ငွေ၏ အတိုးရငွေအပေါ်တွင် အခွန်ပေးဆောင်ရန် ဝင်ငွေခွန်ဥပဒေအရ ပြဋ္ဌာန်းထားသော်လည်း ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လက်ရှိအခြေအနေတွင် အတိုးရငွေအပေါ် အခွန်ကောက်ခံရန် အစီအစဉ်မရှိပါကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)



# ကျန်းမာရေးအသိပညာပေး၊ အမျိုးသမီး ၆၅၀၀ ကျော် စုပေါင်းလမ်းလျှောက်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဖယ်ရိုဗစ်တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် Ferrovit Women Walkathon အဖြစ် အမျိုးသမီး ၆၅၀၀ ကျော် စုပေါင်းလမ်းလျှောက်ပွဲကြီးကို ယနေ့နံနက် ၄ နာရီခန့်က ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁) ၌ ကျင်းပသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲကြီးကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း (ရန်ကုန်) မှ ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ချိုချိုလွင်၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ယုနွယ်ဝင်း၊ ဖယ်ရိုဗစ်မှ တာဝန်ရှိသူများက နံနက် ၅ နာရီခွဲတွင် ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးခဲ့သည်။

"ကျွန်တော်တို့ ဒီလမ်းလျှောက်ပွဲကြီးဟာ မြန်မာနိုင်ငံမှာကျင်းပတဲ့ အမျိုးသမီးထုကိုကိုယ်စားပြုတဲ့ အကြီးမားဆုံးသော လမ်းလျှောက်ပွဲကြီးဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးဆိုတဲ့ ရည်မှန်းချက်နဲ့လည်း ကိုက်ညီပါတယ်။ လမ်းလျှောက်ခြင်းဟာ ကိုယ်လက်ကြံ့ခိုင်ကျန်းမာသန်စွမ်းရေးအတွက် များစွာအထောက်အကူပြုနိုင်ပါတယ်"ဟု အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ဦးစိုးအောင်က အခမ်းအနားတွင် ပြောကြားသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် အနည်းဆုံး အသက်ငါးနှစ်အရွယ်မှ အသက် ၆၀ ကျော် အမျိုးသမီးများအထိပါဝင်ရာ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံမှ စတင် တာလွတ်ကာ ဝေဇယန္တာလမ်းတစ်လျှောက်၊ သစ္စာလမ်းမီးပွိုင့်အထိ သတ်မှတ်အကွာအဝေး သုံးမိုင်ခန့် တပျော်တပါး လမ်းလျှောက်ခဲ့ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၃* ✻

# မြန်မာနှင့် စင်ကာပူ လူငယ်အသင်း ခြေစမ်းကစား

**သတင်း-ရဲရင့်ရှိုင်း**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် စင်ကာပူ ယူ-၂၂ အသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာယူ-၂၂(ခ)အသင်းနှင့် သုဝဏ္ဏကွင်း၌ ယနေ့ နံနက်ပိုင်းက ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဖွဲ့စည်းထားသည့် မြန်မာယူ-၂၂ အသင်းသည် ကစားသမား စုံလင်ခြင်းမရှိသောကြောင့် မြန်မာယူ-၁၈ အသင်းကို ယူ-၂၂(ခ) အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကြိုးစားကစားခဲ့သော်လည်း စင်ကာပူ ယူ-၂၂ အသင်းထက် အတွေ့အကြုံပိုင်းအားနည်းခြင်း၊ ရရှိသည့်အခွင့်အရေးများ အသုံးမချနိုင်ခဲ့ခြင်းကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယခု ခြေစမ်းပွဲကို Training Match ပုံစံဖြင့်သာ ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အမာခံကစားသမားအများစုဖြင့်ပွဲထွက်ခဲ့ပြီး ပထမပိုင်းတွင် ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ စင်ကာပူအသင်းသည် မြန်မာအသင်းအမှားကိုစောင့်ကာ ဂိုးရရှိရန်ကြိုးပမ်းခဲ့ပြီး ၃၉ မိနစ်တွင် ဂိုးစတင်သွင်းယူခဲ့သည်။ မြန်မာအသင်းသည် စင်ကာပူနောက်တန်းကို အခက်တွေ့အောင် လုပ်နိုင်ခဲ့သော်လည်း အသက်အရွယ်ကွာခြားမှုကြောင့် အားချင်းယှဉ်ရာတွင်

*စာမျက်နှာ ၅ ကော်လံ ၁* ❍



မြန်မာအသင်းတိုက်စစ်ကို စင်ကာပူနောက်တန်း ဖျက်ထုတ်နေစဉ်